တက္ကသိုလ်သီဟအောင်

# ကေရာဇ်ရဲတိုက်

နှစ်အုပ်တွဲသိုင်းစာစဉ်




ဝမ်အင်း၏ ချစ်ချောက်


1997


သိုင်းစာစဉ်များpage.

14.8.2018

ဇော်ရဲအောင်(TZ)

Alien မှ pdf အဖြစ် စကန်ဖတ်သည်



တက္ကသိုလ် သီဟအောင်

# ကေရာဇ်ရဲတိုက်

( ဒုတိယပိုင်း. ဇာတ်သိမ်း )

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အာဃာတ

သာယာသော နေ့တစ်နေ့ ဖြစ်ပါသည်။

ကြည်ပြာရောင် မိုးကောင်းကင်အောက်ဝယ် ကေရာဇ်ရဲတိုက်သည် ခမ်းနားထည်ဝါစွာ တည်ရှိနေလေသည်။

ကေရာဇ်ရဲတိုက် တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း အတန်ကြာခဲ့ပြီ ဖြစ်သည်။

တစ်နေ့တခြား ဩဇာအာဏာ အရှိန်အဝါ ကြီးမားလာခဲ့ရာမှ တစ်နေ့သောအခါ ဝမ်းနည်း ကြေကွဲဖွယ်ရာများနှင့် ကြုံတွေ့ဖို့ ဖြစ်ပေါ်လာလေသည်။

ထိုအဖြစ်အပျက်များသည် ကေရာဇ်ရဲတိုက်သို့ စုလုထင်း ရောက်ရှိလာချိန်မှ အစပြုခဲ့လေသည်။

ဖွင့်ထားသော ပြတင်းပေါက်မှတစ်ဆင့် အေးမြသော လေပြည်လေညင်း တိုးဝင်တိုက်ခတ်လာလေသည်။

ချန်းကုမုသည် ပြတင်းပေါက်ကို မျက်နှာမူကာ ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေ၏။

သူ၏အမူအရာ ရှင်ရှင်ပျပျ ဖြစ်နေသည်။

သို့သော်...

သူ၏ခန္ဓာကိုယ်ပေါ်၌ ထူထဲသော အနွေးထည်တစ်ထည် ဝတ်ဆင်ထားပြီး ဒူးဆစ်မှနေ၍ ခြေအောက်ပိုင်းကို စောင်ဖြင့် ဖုံးထားလေသည်။

ချန်းကုမုသည် လူမမာတစ်ယောက် ဖြစ်နေသည်ဆိုသော အချက်ကို ငြင်းမရနိုင်ပါချေ။

'ဖေဖေ'

ရုတ်တရက် ထွက်ပေါ်လာသော ခေါ်သံကြောင့် ချန်းကုမု အသာအယာ လှည့်ကြည့်လိုက်၏။

ထိုအခါ...

ချန်းလေး အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

'ချန်းလေး'

'ဟုတ်ပါတယ်....ဖေဖေ'

ချန်းကုမုသည် ညှိုးငယ်သော မျက်နှာထားဖြင့် အနီးသို့ ရောက်လာသော ချန်းလေးကို ပြုံးပြလိုက်သည်။



'ဖေဖေ့အတွက် အတော့်ကို စိုးရိမ်ပူပန်နေတယ် ထင်ပါရဲ့'

ချန်းလေးက....

'ဖေဖေ နေကောင်းသွားမယ်ဆိုတာ ကျွန်တော် ယုံကြည်ပြီးသားပါ ဖေဖေ'

ချန်းကုမုက....

'ဒါထက် သား ရွှေမြို့တော်ကြီးကို ဘယ်တော့ ပြန်မလဲ'

စကားစဖြတ်ကာ မေးလိုက်လေသည်။

ချန်းလေးသည် ချစ်သူကို သတိရမိသဖြင့် ယခုချက်ချင်းပင် ပြန်သွားလိုပါသည်။

သို့သော်....

'ဖေဖေ လုံးဝနေကောင်းသွားမှ ကျွန်တော်ပြန်သွားမှာပါ ဖေဖေ'

ဟု ပြောလိုက်လေသည်။

ချန်းကုမု သက်ပြင်းချလိုက်သည်။

'အင်း... ငါ့သားက ဒီမှာနေရတာ မပျော်ဘူး ထင်တယ်'

ချန်းလေးက ...

'မပျော်လို့မဟုတ်ပါဘူး ဖေဖေ၊ ကျွန်တော်....'

'သားက ရွှေမြို့တော်ကြီးမှာပဲ အခြေစိုက်ချင်တယ်ဆိုတာ ဖေဖေ သိပါတယ်၊ ဖေဖေ့သဘောကတော့ သားဟာ အစ်ကို

တွေ့နဲ့အတူ ဒီမှာပဲနေပြီး ကရောင်ရဲတိုက် တိုးတက်ရာ တိုးတက်ကြောင်း လုပ်ကိုင်သင့်တယ်လို့ ဖေဖေထင်တယ်'

ဟု ပြောသည်။

ချန်းလေး မျက်နှာပျက်သွား၏။

ချက်ချင်း ခေါင်းငုံ့ထားလိုက်လေသည်။

ချန်းကုမုက....

'ဒါပေမယ့် သားမနေချင်ဘူးဆိုရင်လဲ ဖေဖေမတားပါဘူး၊ ဒါပေမယ့် သားကို တစ်ခုတော့ မှာချင်တယ်'

ချန်းလေးက....

'ဟုတ်ကဲ့....ပြောပါ ဖေဖေ'

ချန်းကုမုက....

'အခုဆိုရင် ဖေဖေတို့ရဲတိုက်မှာ အခြေအနေတွေ ရှုပ်ထွေးနေတယ် မဟုတ်လား'

'ဟုတ်ပါတယ်....ဖေဖေ'

'တကယ်လို့ မမျှော်လင့်တဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ရရင် သားဟာ ဘာမှ လုပ်တတ်ကိုင်တတ်မှာ မဟုတ်ဘူးဆိုတာ ဖေဖေသိတယ်'

ချန်းလေးက ဘာမှမပြောဘဲ နေလိုက်၏။

ဖခင်ဖြစ်သူ ပြောသည့်အတိုင်း သူက ဘာမှ လုပ်တတ်ကိုင်တတ်မည် မဟုတ်ပေ။



ချန်းကုမုက....

'တကယ်လို့ သားမှာ ဆိုးဝါးတဲ့အခြေအနေ ကြုံပြီး အကူအညီ လိုနေပြီဆိုရင်တော့ ဒီစာအုပ်ထဲမှာ လူနာမည်တွေ ရေးထားတယ်၊ သူတို့ဆီကို သွားပါ၊ သားကို ကူညီကြပါလိမ့်မယ်ကွယ်'

ပြောပြောဆိုဆို အင်္ကျီရင်ဘတ်ကြားမှ အနီရောင်စာအုပ်ကလေး တစ်အုပ် ထုတ်ပေးလိုက်လေသည်။

ချန်းလေးက လက်မခံလိုပါ။

သို့သော်....

ဖခင်ဖြစ်သူ စိတ်မကောင်းမှာကို စိုးရိမ်သဖြင့် လက်ခံထားလိုက်ရလေသည်။

ချန်းကုမုက....

'ကဲ... သား ရွှေမြို့တော်ကို ပြန်ချင်ရင် ပြန်ပေတော့'

'ဗျာ'

'ဖေဖေ နေကောင်းသွားပြီလေ၊ ဘာမှ စိုးရိမ်စရာ မလိုတော့ဘူး၊ သား ဒီမှာနေလို့ ပညာရေး အနှောင့်အယှက်ဖြစ်တာပဲ အဖတ်တင်မှာပဲ၊ သားပြန်သွားတာ အကောင်းဆုံးပါပဲ'

ချန်းလေးသည် ရွှေမြို့တော်ကြီးကို သွားလိုသောစိတ်ကို ချိုးနှိမ်ကာ...

'ဖေဖေ လုံးဝ ကျန်းမာလာတော့မှပဲ ကျွန်တော် ပြန်ပါ့မယ် ဖေဖေ'

ဟု ပြောလိုက်၏။

ချန်းကုမုက သက်ပြင်းချလိုက်သည်။

'ဒါဆိုလဲ သားသဘောပဲ၊ ဖေဖေပေးတဲ့ စာအုပ်ကိုတော့ သေသေချာချာ သိမ်းထားပါ'

'စိတ်ချပါ...ဖေဖေ'

ချန်းကုမုက....

'သား သွားနိုင်ပြီ၊ သမားတော်ကြီးကို ဖေဖေ တွေ့ချင်တယ်၊ ခဏလွှတ်လိုက်....ဟုတ်ပြီလား'

'ကောင်းပါပြီ...ဖေဖေ'

ချန်းလေးသည် ဖခင်ဖြစ်သူအား ဦးညွှတ်ကာ ထွက်ခွာလာခဲ့လေသည်။

အကယ်၍....

ချန်းကုမုဝေဒနာသည် အများထင်သလို သက်သာမလာဘဲ ပို၍ ဆိုးဝါးလာသည်ကို သိနိုင်မည်ဆိုပါလျှင်....

ကျေးဇူးရှင် ရဲတိုက် (၃) သိင်း ၉



သမားတော်ကြီးက အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ ချန်းကုမုအား ဦးညွှတ်လိုက်ပြီး ...

'ရဲတိုက်သခင်ကြီးက ခေါ်ခိုင်းလိုက်တယ်ဆိုလို့ သခင်လေးချန်းလေး ပြောပါတယ်'

ချန်းကုမုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်ကို စမ်းသပ်စစ်ဆေးပေးစေချင်တယ်'

'ကောင်းပါပြီဗျာ'

သမားတော်ကြီးသည် ချက်ချင်းပင် ချန်းကုမုအား စမ်းသပ် စစ်ဆေးလိုက်လေသည်။

အတန်ကြာ စစ်ဆေးပြီးမှ ...

'ရဲတိုက်သခင်ကြီးရဲ့ဝေဒနာ တဖြည်းဖြည်း သက်သာလာပါပြီ'

ဟု ပြောလိုက်၏။

ထိုစကားကြားလျှင် ...

'ဟား....ဟား....ဟား'

ချန်းကုမုက ဟားတိုက် ရယ်မောလိုက်လေသည်။

သမားတော်ကြီး ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဘာဖြစ်လို့လဲ ရဲတိုက်ရှင်ကြီး'

ဟု မေးလိုက်လေသည်။

ချန်းကုမုက....

'ကျုပ် အဆိပ်မိထားတဲ့ဝေဒနာ ခံစားခဲ့ရတာ မဟုတ်လား ဗျာ'

သမားတော်ကြီးက...

'ဟုတ်တယ်လေ၊ ကျုပ်တို့က အသက်ကယ်ဆေး အချိန်မီ တိုက်ကျွေးလိုက်နိုင်ခဲ့လို့ တစ်စတစ်စ သက်သာလာပြီ မဟုတ်လား'

ချန်းကုမုက လက်ကာပြလိုက်သည်။

'ဒါတွေထားလိုက်ပါဦးလေ၊ ကျုပ် ဘယ်လိုအဆိပ်မျိုးမိခဲ့သလဲ ဆိုတာကော သမားတော်ကြီး သိရဲ့လားဗျာ'

သမားတော်ကြီးက မျက်မှောင်ကြုတ်သွားပြီး....
'အဆိပ်ဟာ အဆိပ်ပဲမဟုတ်လားဗျ'

ဟု ပြောလိုက်သည်။
ချန်းကုမုက ခေါင်းခါရမ်းလိုက်သည်။

'အဆိပ်ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် လူကို ဒုက္ခ ရောက်စေတဲ့ အဆိပ်အမျိုးပေါင်း များစွာ ရှိကြတာပဲ မဟုတ် လား'

သမားတော်ကြီးက ပါးစပ်ကို ပိတ်ထား လိုက်လေသည်။

ချန်းကုမုက



'လူတွေဟာ ကိုယ်ကျွမ်းကျင်သလို အဆိပ်ကို အမျိုးမျိုး ဖော်စပ်ကြတယ်၊ အချို့က တိရိစ္ဆာန်တွေဆီကရတဲ့ အဆိပ်ကို သုံးတယ်၊ ဥပမာ မြွေတို့ ကင်းမြီးကောက်တို့ပေါ့ဗျာ၊ အချို့ ကတော့ သစ်သီး သစ်ဥတွေကနေပြီး အဆိပ်ကို ဖော်ထုတ် ယူကြတယ်'

သမားတော်ကြီးက....

'ရဲတိုက်ရှင်ကြီး အဆိပ်နဲ့ ပတ်သက်လို့ ပြောနေတာ အကြောင်းရှိမယ်ထင်ပါရဲ့'

ဟု မေးလိုက်သည်။

ချန်းကုမုက ခေါင်းညိတ် လိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်ဟာ ဘယ်လိုအဆိပ်မျိုးနဲ့မှ မတူတဲ့ အဆိပ်တစ်မျိုးမိခဲ့လို့ပါပဲ'

သမားတော်ကြီးသည် ချန်းကုမုအား အကဲခတ်သလို ကြည့်နေလေတော့သည်။

ချန်းကုမုက ဆက်ပြောသည်။

'ကျုပ်မိထားတဲ့ အဆိပ်ဟာ အဆိပ်ပြင်း သတ္တဝါတွေရဲ့ သည်းခြေနဲ့ အဆိပ်သစ်သီးသင်ဖုတွေ အဆိပ်ပန်းတွေကို အချိုး ကျ ရောစပ်ပြီး နှစ်ပေါင်းများစွာ အချိန်ကုန်ခံ အပင်ပန်း ခံပြီး အတူးစီရင် ဖော်စပ်ထားတဲ့ အဆိပ်တစ်မျိုးပဲ'

သမားတော်ကြီးအနေနှင့် အဆိပ်သည် အဆိပ်သာဖြစ်သည်ဟု ယူဆထားလေသည်။ အဆိပ်ကြောင့် လူ့အသက်အန္တရာယ်ထိခိုက်နိုင်သည်။

ထို့ကြောင့် အသက်ကယ်ဆေးသုံးကာ အဆိပ်ကို ချေဖျက်ပစ်ရမည်သာ ဖြစ်လေသည်။

ချန်းကုမုက....

'ကျုပ်မိထားတဲ့အဆိပ်ဟာ ဖြေဆေးမရှိတဲ့ အဆိပ် တစ်မျိုးလဲ ဖြစ်တယ်'

ဟု ပြောလိုက်သည်။

သမားတော်ကြီး လက်မခံချေ။

'ရဲတိုက်ရှင်ကြီး၊ ကျုပ်ရဲ့ အသက်ကယ်ဆေးကြောင့် သိသိသာသာ သက်သာလာခဲ့ပြီ မဟုတ်လား'

ချန်းကုမုက သက်ပြင်းချလိုက်သည်။

'ရှတ်တရက် ကြည့်ရင်တော့ သမားတော်ကြီး ပြောတာမှန်ပါတယ်၊ သက်သာလာပြီလို့ ထင်ရမှာပါပဲ၊ ဒါပေမယ့်....'

သူ၏စကားမဆုံးမီ သမားတော်ကြီးက ကြားဖြတ်ပြောလိုက်လေသည်။

'ရဲတိုက်ရှင်ကြီး မသက်သာသေးဘူးဆိုပါတော့'

ချန်းကုမုက....



'ဟုတ်တယ်'

သမားတော်ကြီး မျက်နှာပျက်သွားလေသည်။

ထိုစဉ်....

'အဟွတ်... အဟွတ်'

စကားများများ ပြောလိုက်ရခြင်းကြောင့် မောပန်းလာဟန်ဖြင့် ချန်းကုမု ချောင်းတဟွတ်ဟွတ် ဆိုးလာပြီး....

'ဝေါ့'

သွေးများအန်ထုတ်လိုက်၏။

သူအန်ထုတ်လိုက်သည့်သွေးများမှာ ညှိစို့စို့ အနံ့အသက်ရှိပြီး မည်းနက်နေလေသည်။

'ဟာ'

သမားတော်ကြီး လွှတ်ခနဲ အော်လိုက်မိလေသည်။

ချန်းကုမုက....

'ကဲ.... သမားတော်ကြီး၊ ကျုပ်အခြေအနေကိုဘယ်လိုပြောမလဲ'

ဟု မေးလိုက်၏။

သမားတော်ကြီးမှာ မပြောတတ်အောင် ဖြစ်နေပါတော့သည်။

ချန်းကုမုက....

‘ကျုပ်မိခဲ့တဲ့အဆိပ်ဟာ အရိုးဆွေးအဆိပ်မှုန့်ဆိုတာ ကျုပ်သိခဲ့ရပြီ၊ ဒီအဆိပ်မိမိချင်းဝေဒနာ အပြင်းအထန်ခံစားရတယ်၊ အသက်ကယ်ဆေးတွေဘာတွေ အချိန်မီ သောက်လိုက်နိုင်ရင်သာ ပျောက်ကင်းသွားတယ် ထင်ရတယ်၊ ဒါပေမယ့် အဆိပ်ဟာ ခန္ဓာကိုယ်ထဲမှာ တစ်သွေးတည်းတစ်သားတည်းကျအောင် ရောနှော ပေါင်းစပ်သွားတော့တာပါပဲ၊ မကြာမီ အရိုးတွေတွေ ဆွေးပြီး အသက်ဆုံးရှုံးရတာပဲ’

ဟု ပြောလေသည်။

သမားတော်ကြီး ခေါင်းငိုက်စိုက်ချထား၏။

ထိုအတိုင်းဆိုလျှင် ချန်းကုမှုသည် မကြာမီ သေဆုံးသွားရတော့မည် ဖြစ်လေသည်။

ချန်းကုမှုက ...

‘ကျုပ်ရဲ့ အခြေအနေကို သမားတော်ကြီး သိပြီမဟုတ်လားဗျာ၊ ဒါကြောင့် ကျုပ်ဇနီးရဲ့ အုတ်ဂူရှိတဲ့တောင်ကုန်းပေါ်မှာ ပြောင်းရွှေ့နေထိုင်ဖို့ကို သမားတော်ကြီး သဘောတူစေချင်ပါတယ်’

ဟု ပြောလိုက်သည်။

သမားတော်ကြီးက ချန်းကုမှုသည် အခန်းတွင်းမှ အခန်းပြင်သို့ မထွက်သင့်ဟု သတိပေးထားပါသည်။

ချန်းကုမှုက တောင်းဆိုလိုက်လျှင် မတတ်သာတော့ဘဲ သဘောတူလိုက်လေသည်။



‘ကောင်းပြီလေ၊ ခုချိန်ကစပြီး ရဲတိုက်ရှင်ကြီးရဲ့ သဘောအတိုင်း ဘာမဆိုလုပ်နိုင်ပါပြီဗျာ’

ချန်းကုမှု ပြုံးလိုက်သည်။

‘ကျုပ်က ကျုပ်က နောက်ဆုံးအချိန်အထိ ကျုပ်ရဲ့ ဇနီးသည် အုတ်ဂူအနားမှာ နေသွားတော့မယ်လို့ ဆုံးဖြတ်ထားပါတယ်ဗျာ’

ဟု ပြောလိုက်လေသည်။

❦

အခန်းတွင်း၌ တိတ်ဆိတ်နေ၏။

ရှာပင်၊ တာ့ကျင်း၊ ယီယန်နှင့် ဟန်လုံတို့ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြလေသည်။

သူတို့သည် ချန်းပေါက်နှင့် ချန်းလီတို့ကို အကဲခတ်ကြည့်နေကြခြင်းဖြစ်သည်။

ကေရာဇ်ရဲတိုက်ပိုင်ရှင် ချန်းကုမှု လုပ်ကြံခံရသည့် ကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ခုပြုလုပ်ရမည်ဟု သူတို့အားလုံးနားလည်သဘောပေါက်ထားကြသည် မဟုတ်ပါလား။

အခန်း၏ တိတ်ဆိတ်မှုကို ချန်းပေါက်က စတင်ဖြိုခွဲလိုက်လေသည်။

'ကျုပ်အဖေ လုပ်ကြံခံလိုက်ရတဲ့ ကိစ္စမှာ စုလုထင်းရဲ့ လက်ချက် မကင်းဘူးဆိုတာ အားလုံး နားလည်သဘောပေါက်ကြမှာပါ၊ ဒါကြောင့် စုလုထင်းကို သေမိန့်ချဖို့ ကျုပ် ဆုံးဖြတ်လိုက်ပြီ၊ ဘယ်လိုသဘောရသလဲ ပြောပါ'

သူ့ စကားအဆုံးတွင် အားလုံး သဘောတူဟန်ဖြင့်ခေါင်းညိတ်လိုက်ကြသည်။

ချန်းပေါက်က ...

'စုလုထင်းဟာ စီကျူးမြို့မှာ ရှိနေတယ်၊ သူ့အတွက် ဦးလေး တာ့ကျင်းက တာဝန်ယူလိုက်ပါ'

တာ့ကျင်းက....

'စိတ်ချ၊ ကျုပ်က စုလုထင်းကို ရှင်းပစ်လိုက်ပါ့မယ်၊ ဘာမှ မပူပါနဲ့'

ဟု ကတိပေးလိုက်သည်။

ချန်းပေါက်က....

'စုလုထင်းကို သိမ်းငှက်နဲ့ကျားဝါဂိုဏ်းက အကူအညီပေးခဲ့ကြတယ်ဆိုတာ ထင်ရှားနေတယ်၊ ဒါကြောင့် သူတို့ကိုလဲ အရေးယူရလိမ့်မယ်'

ဤတွင် ယီယန်က....



'သခင်လေး ဒီကိစ္စကို သေသေချာချာစဉ်းစားရင် ကောင်းပါလိမ့်မယ်'

ဟု ပြောလေသည်။

ချန်းပေါက် မျက်မှောင်ကြုတ်သွားပြီး...

'ဘာဖြစ်လို့လဲဗျ'

ယီယန်က....

'ကျားဝါဂိုဏ်းနဲ့ သိမ်းငှက်ဂိုဏ်းဟာ အင်အားတောင့်တင်းတဲ့ဂိုဏ်းတွေ ဖြစ်ပါတယ်၊ သူတို့နဲ့ ရင်ဆိုင်မယ်ဆိုရင် မဆုံးနိုင်တဲ့တိုက်ပွဲတွေ ပေါ်ပေါက်လာမှာ သေချာပါတယ်'

ချန်းပေါက် မဲ့ပြုံးပြုံးလိုက်သည်။

'အဲဒီတော့ ဘာဖြစ်သလဲ၊ သူတို့ကို ချေမှုန်းပင်လိုက်တာပေါ့ဗျ'

ဟု ပြောလေသည်။

ယီယန်က....

'သခင်ကြီးရဲ့လက်ထပ်ပွဲမှာ တိုက်ပွဲကြီးတွေ တင်ကြိမ်ဖြစ်ပွားခဲ့ဖူးပါတယ်၊ ဘယ်သူမှ အသာမရဘဲ သေကျေပျက်စီးရတာပဲ အဖတ်တင်ခဲ့ပါတယ်၊ နောက်ဆုံး ညှိနှိုင်းတိုင်ပင်ပြီး တိုက်ပွဲတွေကို ရပ်ခဲ့တာပါ'

ချန်းပေါက်၏မျက်နှာ ခက်ထန် တင်းမာသွားလေသည်။

'ဒါ အရင်ကကိစ္စတွေပဲဗျ၊ အခု ကေရာဇ်ရဲတိုက်ကို ဦးဆောင်နေတာ ကျုပ်ပဲ၊ ကျုပ်က သူတို့ကို ပြတ်ပြတ်သားသား ချေမှုန်းပစ်မယ်လေဗျာ၊ ခင်ဗျား မယုံရင် စောင့်ကြည့်နေပေါ့'

ဟု ပြောလိုက်လေသည်။

ယီယန် မျက်နှာပျက်သွားလေသည်။

သူသည် လက်ရုံးရည်သမားအဖြစ်ထက် နှလုံးရည်သမား၌ ထင်ရှားခဲ့သူ ဖြစ်သည်။

သူ၏ အကြံဉာဏ်ကို ရဲတိုက်ရှင်ကြီး ချန်းကုမုကပင် တလေးတစား လက်ခံနာယူလေ့ ရှိသည်။

ယခုမူ....

ချန်းပေါက်က လုံးဝ ပစ်ပယ်လိုက်ပြီ ဖြစ်ပါသည်။ ယီယန်က ဘာမှထပ်မပြောဘဲ နေလိုက်လေတော့သည်။

ချန်းပေါက်က ...

'ဦးလေးဟန်လုံနဲ့ ဦးလေးရှာပင်တို့က ကျုပ်တို့လူတွေကို စုရုံးလိုက်ပါ၊ သိမ်းငှက်ဂိုဏ်း အမှတ်ငါးဌာနခွဲဟာ အင်အားနည်းပြီး လုံခြုံရေးအစီအမံတွေ လျော့နည်းတယ်လို့ သတင်းရထားတယ်၊ ဒါကြောင့် ဦးလေးရှာပင်က ဦးဆောင်ပြီး ချေမှုန်းပါ'

သူ၏စကားသည် တိုင်ပင်ဆွေးနွေးသည့်သဘော မဆောင်တော့ဘဲ အမိန့်ပေးသည့်သဘောမျိုး ဖြစ်လာသည်။



ရှာပင် ဘာမှပြန်မပြောဘဲ ခေါင်းညိတ်လိုက်သည်။

သူက စဉ်းစားတွေးတောမနေတော့ဘဲ ကေရာဇ်ရဲတိုက်အတွက် ဘာမဆို ပြုလုပ်မည့်ပုံ ရလေသည်။

ချန်းပေါက်က....

'ဦးလေးဟန်လုံကတော့ သစ္စာဖောက် ကျောက်ပေါက်မာရဲ့ သတင်းကို စုံစမ်းပါ'

ဟု တာဝန်ခွဲပေးလိုက်၏။

'ကောင်းပါပြီ'

ဟန်လုံ သဘောတူလိုက်သည်။

ချန်းပေါက်က ...

'သိမ်းငှက်ဂိုဏ်းနဲ့ ကျားဝါဂိုဏ်းကို ဖြိုခွဲပြီးရင် ကျုပ်တို့ကေရာဇ်ရဲတိုက်ဟာ ခုထက် ပိုပြီး အောင်မြင်ကျော်ကြားလာမှာပေါ့ဗျာ'

ဟု ပြောလိုက်သည်။

ထို့နောက် သဘောကျစွာ ရယ်မောလိုက်လေတော့သည်။

ချန်းပေါက်နှင့် ချန်းလီသည် ကေရာဇ်ရဲတိုက်နှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူ စီမံခန့်ခွဲနေကြပြီ ဖြစ်လေသည်။

မိခင်ဖြစ်သူအား တိုင်ပင်ခြင်း မပြုကြပါ။

ထို့အတူ...

ယီယန်၏ အကြံပေးမှုကိုလည်း လက်မခံဘဲ လျစ်လျူရှုထားလိုက်ကြလေသည်။

ချန်းလေးကိုလည်း ဖုတ်လေသည့်ငါးပိ ရှိသည်ဟု သဘောမထားကြပါ။

ကေရာဇ်ရဲတိုက်သည် အတွေ့အကြုံမရှိ၊ ခက်ထန်မောက်မာသော လူငယ်နှစ်ယောက်၏ အုပ်ချုပ်မှုအောက်သို့ ရောက်ရှိသွားသောအခါ ပျက်စီးရန်လမ်းစ ပေါ်ပေါက်လာတော့သည်။



ချန်းလေးသည် ကျောက်တုံးတစ်တုံးပေါ် ထိုင်ကာ အဝေးသို့ ငေးကြည့်နေလေသည်။

ထိုစဉ်...

ညင်သာပေါ့ပါးသော ခြေသံများနှင့်အတူ ယီယန်က အနီးသို့ ရောက်ရှိလာလေသည်။

ချန်းလေး သတိဝင်လာသည်။

'ဩော်....ဦးလေးယီ'

ယီယန် မျက်နှာမကောင်းချေ။

'ကျုပ်က ချန်းလေးကို လာပြီးနှုတ်ဆက်တာ'

'ဗျာ'

ချန်းလေး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ယီယန်က...

'ကျုပ် ဒီက ထွက်သွားတော့မယ်'

'ဗျာ'

'ကျုပ်အနေနဲ့ ဒီနေရာမှာ ဆက်နေစရာအကြောင်း မရှိတော့ပါဘူး'

'ဟာ....ဦးလေးယီ ထွက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ'

ယီယန်က ...

'ကျုပ်ဟာ ဒီနေရာမှာ လူပိုတစ်ယောက် ဖြစ်နေပါပြီ၊ ကျုပ်က သခင်ကြီးကိုလဲ အကျိုးအကြောင်း ပြောပြပြီးပြီ၊ သခင်ကြီးက သဘောတူ ခွင့်ပြုလိုက်ပါတယ်ကွယ်'

ချန်းလေး စိတ်မကောင်း ဖြစ်သွားသည်။

ယီယန်သည် ကေချင်ရဲတိုက် ကြီးပွားတိုးတက်စေရန် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။

ယခုလို အခြေအနေမျိုးတွင် ယီယန်ကဲ့သို့ လူ စားမျိုး လိုအပ်နေသည်ဟု ယုံကြည်ထားလေသည်။

'ကဲ....ချန်းလေး၊ ကျုပ်ကို ခွင့်ပြုပါကွယ်၊ ကျုပ်တို့ တွေ့ချင်တယ်ဆိုရင်တော့ ကျုပ်ရဲ့ ဇာတိရပ်ရွာကို လာခဲ့ပါကွယ်'

ဟု နှုတ်ဆက်လိုက်သည်။

'ဦးလေးယီ မသွားလို့ မဖြစ်တော့ဘူးလားဗျာ'

ဟု ပြောလိုက်သည်။

ယီယန်က....

'ကျုပ် ဆုံးဖြတ်ပြီးပါပြီ'

ချန်းလေး စိတ်မကောင်း ဖြစ်သွားသည်။



ဟန့်တားမရမှန်း နားလည်လိုက်သဖြင့်....

'ဦးလေးယီရဲ့ ဇာတိရပ်ရွာကနေပြီး ဘယ်ကိုမှ ထွက်မသွားပါနဲ့ဦးနော်'

ဟု ပြောလိုက်သည်။

ယီယန်က ...

'ဘာဖြစ်လို့လဲကွယ့်'

ဟု မေးလိုက်သည်။

ချန်းလေးက....

'မကြာခင်မှာ ကျွန်တော်က ဦးလေးယီဆီကို လာခဲ့မှာမို့ပါ'

ဟု ပြောလိုက်၏။

ယီယန် ပြုံးလိုက်သည်။

'ကောင်းပြီလေ၊ ကျုပ် စောင့်နေပါ့မယ်'

ထို့နောက် ချန်းလေးကိုနှုတ်ဆက်ပြီး ထွက်သွားလေတော့သည်။

ချန်းလေးသည် တောင်ကုန်းလေးပေါ်သို့ အပြေးတစ်ပိုင်း တက်လာခဲ့လေသည်။

တောင်ကုန်းပေါ်တွင် သူ့မိခင်ဟွာလင်း၏အုတ်ဂူ ရှိနေပါသည်။

ယခု....

ဟွာလင်း၏အုတ်ဂူရှိသည့် အဆောက်အအုံတွင် ချန်းကုမု နေထိုင်လျက်ရှိသည်။

ချန်းလေးသည် ထိုအဆောက်အအုံဆီသို့ ရောက်မသွားမီကပင် ချန်းကုမု၏ ချောင်းဆိုးသံများကို ကြားရလေသည်။

ချန်းလေး မျက်မှောင်ကြုတ်သွားသည်။

'ဖေဖေ ကျန်းမာလာပြီဆိုပြီး ဘာကြောင့် ဒီလောက်တောင် ချောင်းဆိုးနေရတာပါလိမ့်'

ဟု တွေးလိုက်သည်။

ခပ်သွက်သွက် ပြေးသွားပြီး အဆောက်အအုံ အတွင်းသို့ လှမ်းဝင်လိုက်လျှင်....

'ဟာ'



မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ချန်းလေး လွတ်ခနဲ အော်လိုက်မိလေသည်။

အကြောင်းမှာ....

ချန်းကုမုသည် ဇနီးသည်၏ အုတ်ဂူနံဘေး၌ခွေခွေလေး လဲနေသည် မဟုတ်ပါလား။

'ဖေဖေ'

ချန်းလေး ကပျာကယာ ပြေးသွားကာ ဖေးမလိုက်လေသည်။

'အဟွတ်....အဟွတ်'

ချန်းကုမုသည် ချောင်းတဟွတ်ဟွတ် ဆိုးလာပြီး....

'ဝေါ့'

ပါးစပ်ထဲမှသွေးများ အန်ထုတ်လိုက်လေသည်။

'ဟာ... သွေးတွေ'

ချန်းလေး ထိတ်လန့်သွားသည်။

ဖခင်အတွက် စိတ်ပူသွားလေသည်။

ထို့စဉ်....

'ချန်းလေး'

ချန်းကုမုခေါ်သံ ထွက်ပေါ်လာလေသည်။

'ဖေဖေ'

ချန်းလေး စိုးရိမ်ပူပန်နေလေတော့သည်။

ချန်းကုမုက ...

'ချန်းလေး၊ ဖေဖေ မရှိတော့တဲ့နောက်ပိုင်း ရွှေမြို့တော်ကြီးမှာ သွားနေပါ၊ ဒီကိုဘယ်တော့မှ ပြန်မလာပါနဲ့တော့'

ဟု ပြောလေသည်။

ချန်းလေးက ...

'ဖေဖေရယ်....ဖေဖေ ဘာမှ မဖြစ်နိုင်ပါဘူး၊ ကျွန်တော် သမားတော်ကြီး သွားခေါ်လိုက်ဦးမယ်နော်'

ပြောပြောဆိုဆို ဖခင်ကိုသက်သောင့်သက်သာ ဖြစ်အောင် ပြုလုပ်ပေးကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ချန်းကုမုက သူ၏လက်ကို ဆွဲထားလိုက်သည်။

'သား... နေဦး'

ချန်းလေးက....

'ဖေဖေ ဘာပြောမလို့လဲ ဟင်'



ချန်းကုမုက လက်ညှိုးညွှန်ပြလိုက်သည်။

'ဟိုမှာကြည့်စမ်း'

ချန်းလေး ကြည့်လိုက်သောအခါ ချန်းကုမု အန်ထုတ်ထားသော သွေးမည်းများကို တွေ့လိုက်ရလေသည်။

'ဟင်'

ချန်းလေး မျက်နှာပျက်သွားလေသည်။

ချန်းကုမုက....

'ဖေဖေ ကြာကြာမနေရတော့ပါဘူး၊ ဒါကြောင့် ဖေဖေ့ရဲ့ စကားကို နားထောင်ဖို့ အရေးကြီးပါတယ်'

'ဖေဖေ'

'ချန်းလေး၊ တို့မိသားစုဟာ နာမည်ကြီးဒုစရိုက်သမားတွေအဖြစ် တစ်သက်လုံး နေထိုင်လာခဲ့ကြရတယ်၊ တို့မိသားစုမှာ လူကောင်းတစ်ယောက် ထွက်ပေါ် မလာနိုင်တော့ဘူးလား၊ သားရဲ့အစ်ကိုတွေဟာ တကယ့်လူဆိုးလူမိုက်တွေ ဖြစ်နေကြပြီ၊ ဖေဖေ့ရဲ့မျှော်လင့်ချက် ပြည့်ဝအောင် စွမ်းဆောင်နိုင်မယ့် လူသား တစ်ယောက်ပဲ ရှိတော့တယ်၊ ဒါကြောင့် ရွှေမြို့တော်ကို ပြန်သွားပါ'

ချန်းကုမုသည် စကားကို ရှည်လျားစွာ ပြောလိုက်ရသဖြင့် မောပန်းသွားဟန် ရှိလေသည်။

'အဟွတ်... အဟွတ်'

ချောင်းတဟွတ်ဟွတ် ဆိုးလာလေသည်။

ချန်းလေးက....

'ဖေဖေရယ်... မောနေပါမယ်၊ စကားမပြောပါနဲ့'

ဟု တားမြစ်လိုက်လေသည်။

ချန်းကုမုက....

'သား ရွှေမြို့တော်ကို ပြန်သွားမယ်လို့ ဖေဖေ့ကို ကတိပေးပါ'

ချန်းလေး မတတ်သာတော့ပါ။

'ကျွန်တော် ကတိ....'

သူ စကားဆုံးအောင် မပြောလိုက်ရသေးပါချေ။

ချန်းကုမု လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

ခန္ဓာကိုယ် တဆတ်ဆတ် တုန်ခါသွားသလို မျက်ဖြူကြီးလန်သွားသည်။

'ဖေဖေ... ဖေဖေ'

ချန်းလေး အလန့်တကြား အော်ခေါ်လိုက်သည်။

ချန်းလေး၏ခေါ်သံကို ချန်းကုမု ကြားနိုင်တော့မည်မဟုတ်ပါချေ။



ဆတ်ခနဲ တုန်ခါသွားပြီး ဇက်ကျိုးကျသွား၏။

ချန်းကုမုသည် ချန်းလေး၏ လက်ပေါ်မှာပင် အသက်ပျောက်သွားလေတော့သည်။

ချန်းကုမု၏ အသုဘအခမ်းအနားသည် စည်ကားသိုက်မြိုက်လှပေသည်။

သို့သော်....

ချန်းပေါက်နှင့် ချန်းလီတို့က အကျဉ်းရုံးပြုလုပ်ရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် ရက်ပိုင်းအတွင်းမှာပင် အသုဘအခမ်းအနားပြီးဆုံးသွားသည်။

ချန်းကုမု ကွယ်လွန်သွားသောအခါ ကေရာဇ်ရဲတိုက်သည် ဒေါသကြီးသော ချန်းပေါက်၏လက်ထဲ ရောက်ရှိလာသည်။

ချန်းပေါက်သည် ကေရာဇ်ရဲတိုက်ပိုင်ရှင် ဖြစ်လာသည်နှင့် ထင်တိုင်းကြဲလာလေတော့သည်။

ဆယ့်ငါးရက်....

ဆယ့်ငါးရက်အတွင်းမှာပင် ကေရာဇ်ရဲတိုက် သိုင်းသမားများသည် ကျားဝါဂိုဏ်းနှင့် သိမ်းငှက်ဂိုဏ်း၏ ဌာနခွဲခြောက်ခုကို တိုက်ခိုက် ဖျက်ဆီးပစ်လိုက်ကြလေသည်။

ကျားဝါဂိုဏ်းနှင့် သိမ်းငှက်ဂိုဏ်းတို့သည်လည်း ခေါင်းငုံ့ခံမနေကြဘဲ ချက်ချင်း လက်တုန့်ပြန်လာကြသည်။

ဤတွင်....

တစ်ဖက်နှင့်တစ်ဖက် ပြင်းထန်စွာတိုက်ခိုက်ကြသော သွေးချောင်းစီး တိုက်ပွဲများ ဖြစ်ပေါ်လာသည်။

အစပိုင်းတွင် ကေရာဇ်ရဲတိုက်သည် လက်ဦးမှုရယူကာ တိုက်ခိုက်အနိုင်ယူနိုင်ခဲ့၏။

အောင်ပွဲများ ဆက်ကာဆက်ကာ ရလာခဲ့သည်။

သို့သော်....

သိမ်းငှက်ဂိုဏ်းနှင့် ကျားဝါဂိုဏ်းတို့ ပူးပေါင်းကာ ပြန်လည် တိုက်စစ်ဆင်လာသောအခါ ကေရာဇ်ဂိုဏ်းမှာ တဖြည်းဖြည်း အထိနာလာလေတော့သည်။

## သေမိန့်

အရက်ဆိုင်လေး၏အနောက်ဘက်တွင် လျှို့ဝှက်အခန်းငယ်တစ်ခုရှိသည်။

ထိုအခန်းတွင်း၌ လူသုံးယောက် ရောက်ရှိနေကြလေသည်။

သိမ်းငှက်ဂိုဏ်းမှ ဌာနမှူး မောက်ပါ၊ ကျားဝါဂိုဏ်းမှ သန်းဖုံးနှင့် စုလုထင်းတို့ ဖြစ်လေသည်။

မောက်ပါနှင့်သန်းဖုံးတို့သည် မကျေမနပ်ဖြစ်နေကြသည့် အသွင်ဆောင်နေကြလေသည်။

မောက်ပါက....

'စုလုထင်း၊ ခင်ဗျားရဲ့အကြံအစည်မှာ ပါဝင်ပတ်သက်မိတာနဲ့ အကျိုးဖြစ်ထွန်းမလာဘဲ ကေရာဇ်ရဲတိုက်နဲ့ ရင်ဆိုင်နေရပြီဗျ'

ဟုပြောလိုက်သည်။

သန်းဖုံးက....

'ဟုတ်တယ်၊ ကေရာဇ်ရဲတိုက်က ကျုပ်တို့ရဲ့ ဌာနခွဲတွေကို ဖျက်ဆီးပစ်လိုက်တယ်'

စုလုထင်းက....

'ဒီပြဿနာတွေ ဖြစ်ပေါ်လာတာဟာ ကျုပ်ရဲ့ လက်ချက်ကြောင့်လို့ ခင်ဗျားတို့ အပြစ်ပုံချချင်တာပေါ့ ဟုတ်လား'

သန်းဖုံးနှင့် မောက်ပါက....

'ဟုတ်တယ်၊ ခင်ဗျားအပြင်ပဲ'

စုလုထင်းက....

'ကျုပ်က အားလုံးအကျိုးအတွက် ရည်ရွယ်ပြီး လုပ်ခဲ့တာပဲဗျ'

သန်းဖုံးက....

'ခင်ဗျားက ကေရာဇ်ရဲတိုက်ပိုင်ရှင်ကို လုပ်ကြံလိုက်တာ အမှားဆုံးပဲ'

စုလုထင်း သက်ပြင်းချလိုက်သည်။



'ဟုတ်တယ်၊ ကျုပ်ရဲ့ တစ်သက်တာမှာ တစ်ခါပဲ အတွက်မှားသွားတယ်၊ ချန်းကုမ္ပဏီကိုရှင်းလိုက်ရင် သူ့သားကြီး ချန်းပေါက်နဲ့ လက်တွဲလို့ရမယ်လို့ ယူဆမိခဲ့တယ်ဗျ'

သန်းဖုံးက....

'ချန်းပေါက်က သူ့အဖေကို လုပ်ကြံတဲ့လူနဲ့ လက်တွဲပါ့မလားဗျာ'

ဟု ပြောလိုက်၏။

မောက်ပါက....

'သူ့အဖေရဲ့အသက်နဲ့ ငွေနဲ့ သူကလဲပါ့မလား၊ ခင်ဗျား စဉ်းစားဖို့ ကောင်းတာပေါ့'

စုလုထင်း ပြုံးလိုက်သည်။

အချို့သည် ငွေရမည်ဆိုလျှင် ဘယ်သူသေသေ ငတေမာပြီးကောဟု သဘောရှိကြောင်း ပြောမပြတော့ပေ။

အကြောင်းမှာ ...

သူကိုယ်တိုင် ဤကဲ့သို့သော လူစားမျိုး ဖြစ်နေသည်မဟုတ်ပါလား။

စုလုထင်းက....!

'ဘာပဲပြောပြော ခုလိုဖြစ်လာတာလဲ ကောင်းသွားတယ်လို့ ဆိုရမှာပါဗျာ'

မောက်ပါက မျက်လုံးကြီးပြူးကာ….

'ကောင်းသွားတယ် ဟုတ်လား၊ ခုဆိုရင် သွေးချောင်းစီး တိုက်ပွဲတွေ ဖြစ်နေပြီဗျ'

ဟု ပြောလိုက်သည်။

သန်းဖုံးက….

'ကေရာဇ်ရဲတိုက်က အင်အားအလုံးအရင်းနဲ့ ဝင်တိုက်လို့ ကျုပ်တို့ဌာနခွဲသုံးခုလုံး ပျက်စီးသွားရပြီ၊ ဂိုဏ်းချုပ်ကအတော် ကို ဒေါသထွက်နေတယ်'

မောက်ပါက….

'ကျုပ်တို့လဲ ဒီအတိုင်းပဲ'

ဟု ပြော၏။

သူတို့သည် ကေရာဇ်ရဲတိုက်နှင့်ထိပ်တိုက်ရင်မဆိုင်လိုကြောင်း ထင်ရှားနေသည်။

သို့သော်….

အခြေအနေအရ ရှောင်ဖယ်မရဘဲ ထိပ်တိုက်ရင်ဆိုင်နေကြရ ပြီ ဖြစ်ပါသည်။

စုလုထင်းက….



'အကယ်လို့ ခဝဲဗျားတို့က ကေရာဇ်ရဲတိုက်ကို ချေမှုန်းမယ် ဆိုရင်ကော'

ဟု မေးလိုက်၏။

မောက်ပါက….

'စိတ်ကူးမယဉ်စမ်းပါနဲ့ဗျာ'

ဟု ပြောလေသည်။

သန်းဖုံးက….

'ဒါ အရှုံးထတာပဲ'

ဟု ပြောလိုက်၏။

စုလုထင်းက….

'ကြောက်စရာကောင်းပါတယ်ဆိုတဲ့ ချန်းကုမုကို ကျုပ်က လုပ်ကြံနိုင်ခဲ့ပြီဆိုတာလဲ ထည့်ပြီးစဉ်းစားကြည့်ီးမှပေါ့ဗျ'

ဟု ပြုံး၍ ပြောလေသည်။

မှန်ပေသည်။

ချန်းကုမုသည် သိန်းငှက်ဂိုဏ်းနှင့် ကျားဝါဂိုဏ်းအတွက် ကြောက်စရာကောင်းသူ ဖြစ်လေသည်။

ချန်းကုမုကို စိုးရွံ့ကြသဖြင့် ထိပ်တိုက်ရင်ဆိုင်ဖို့ သန်းဖုံးတို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ကြချေ။

ယခု....

ချန်းကုမု သေဆုံးသွားပြီ ဖြစ်လေသည်။

စုလုထင်း၏လက်ချက်ကြောင့် ဖြစ်လေသည်။

စုလုထင်းမှာ ပေါ့ပေါ့တန်တန် သဘောထား၍မရကြောင်း ထင်ရှားနေပါတော့သည်။

စုလုထင်းက...

'ချန်းကုမုဟာ ကေရာဇ်ရဲတိုက်ရဲ့ အသည်းနှလုံးပဲ၊ သူ မရှိတော့တဲ့ နောက်ပိုင်းမှာ ကေရာဇ်ရဲတိုက်ဟာ အဆိပ်မရှိတော့ဘူးလို့ ကျုပ်ပြောရဲပါတယ်ဗျာ'

သန်းဖုံးက....

'ဘာပဲဖြစ်ဖြစ် သူတို့ဟာ ကျုပ်တို့ကို အငြိုးထားပြီး တိုက်ခိုက်နေကြပြီဗျ'

မောက်ပါကလည်း...

'ချန်းကုမုလုပ်ကြံခံလိုက်ရတာကြောင့် သူတို့ဟာ နာကျည်းဒေါသထွက်နေကြတယ်၊ ပိုပြီး စည်းလုံးညီညွတ်သွားကြတယ်၊ သူတို့ဟာ ပိုပြီး စည်းလုံးညီညွတ်သွားကြတယ်၊ သူတို့ဟာ ပိုပြီး



ကြောက်စရာကောင်းလာကြတယ်၊ ကျုပ်တို့ဂိုဏ်းနှစ်ဂိုဏ်းသာ ပူးပေါင်းမထားဘူးဆိုရင် ခုလောက်ဆို ကေရာဇ်ရဲတိုက် လက်ချက်နဲ့ ဒုက္ခရောက်နေပြီ'

သူတို့သည် စုလုထင်းအား မကျေမနပ် ဖြစ်နေကြောင်း ထင်ရှားလေသည်။

စုလုထင်းက....

'ခင်ဗျားကို ပြောစကားတွေကို ကျုပ် သဘောပေါက်ပါတယ်ဗျာ၊ ကေရာဇ်ရဲတိုက်နဲ့ စေ့စေ့ဆွေးနွေးပြီး တိုက်ပွဲငြေကို ရပ်ဆိုင်းပစ်လိုက်ချင်နေကြတယ်မဟုတ်လားဗျ'

ဟု မေးလိုက်၏။

မောက်ပါက မျက်နှာသားတင်းတင်းဖြင့်....

'ဟုတ်တယ်'

ဟု ပြောလိုက်သည်။

စုလုသင်းက....

'ခင်ဗျားတို့ဟာ ကျုပ်ကို ကေရာဇ်ရဲတိုက်လက်ထဲ အပ်လိုက်မယ်လို့လဲ စိတ်ကူးထားကြတယ်မဟုတ်လား'

ဟု မေးလိုက်၏။

မောက်ပါနှင့် သန်းဖုံးတို့ ဘာမှမပြောကြချေ။

စုလုထင်းသည် ကေရာဇ်ရဲတိုက်ပိုင်ရှင်ချန်းကုမုအား လုပ်ကြံသည့် တရားခံ ဖြစ်ပါသည်။

စုလုထင်းအား ကေရာဇ်ရဲတိုက်သို့ အပ်လိုက်မည် ဆိုလျှင် တိုက်ပွဲများ ပြီးဆုံးသွားမည်ဟု ကျားဝါဂိုဏ်းနှင့် သိန်းငှက်ဂိုဏ်းတို့က ယုံကြည်ထားကြလေသည်။

စုလုထင်းက ....

'ကျုပ်ကိုဖမ်းပြီး ကေရာဇ်ရဲတိုက်ကို အပ်လိုက်မယ်ဆိုရင် ဒီကိစ္စမှာ ခင်ဗျားတို့လဲ ပူးပေါင်းပါဝင်ကြ တယ်လို့ ပြောမှာပဲ၊ ဒါဆို ခင်ဗျားတို့မျှော်လင့်သလို တိုက်ပွဲတွေရပ်သွားမှာမဟုတ်ဘူး၊ ကေရာဇ်ရဲတိုက်ဟာ အခဲမကျေနိုင်အောင် ဖြစ်နေတယ်ဆိုတာ မမေ့ပါနဲ့၊ ကျုပ်ကိုစတေးလိုက်လို့လဲ ခင်ဗျားတို့ မျှော်လင့်ထားသလို ဖြစ်လာမှာ မဟုတ်ပါဘူး'

မောက်ပါနှင့် သန်းဖုံးတို့ တွေဝေသွားကြသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

စုလုထင်း၏စကား မှန်နေပါသည်။

ချန်းကုမု၏အရိုက်အရာကို ဆက်ခံသော ချန်းပေါက်သည် အလွန်ဒေါသကြီးသူဖြစ်သလို လောဘရမ္မက်ကြီးသူလည်း ဖြစ်လေသည်။

ချန်းကုမုရှိစဉ်ကပင် ကျားဝါဂိုဏ်းနှင့်သိန်းငှက်ဂိုဏ်းအား တိုက်ခိုက်ချေမှုန်းရန် အမြဲတောင်းဆိုခဲ့သူ ဖြစ်သည်။



ယခု....

သူ၏သဘောနှင့်သူ ဖြစ်လာသောအခါ ချန်းကုမု လုပ်ကြံခံရသည့်ကိစ္စသည် အကြောင်းပြချက်တစ်ခု ဖြစ်လာသည်။

စုလုထင်းအား ရခဲ့လျှင်ပင် တိုက်ပွဲများကို ရပ်ဆိုင်းပစ်မည်ဟု အတပ်မပြောနိုင်ပါချေ။

စုလုထင်းက....

'ကျုပ်က ကေရာဇ်ရဲတိုက်ပိုင်ရှင် ချန်းကုမုကိုတောင် ရှင်းပစ်နိုင်ခဲ့တာပဲ၊ ကေရာဇ်ဂိုဏ်းကို ဘာကြောင့် ဆက်ပြီး မဖြိုခွဲနိုင်ရမှာလဲ'

ဟု ပြောလိုက်သည်။

မောက်ပါက....

'ခင်ဗျားမှာ အစီအစဉ်ရှိနေတယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

စုလုထင်းက....

'ဟုတ်တယ်'

မောက်ပါက....

'ခင်ဗျားရဲ့အစီအစဉ်ကို ပြောစမ်းပါဦး'

စုလုထင်းက....

'ကျုပ်က ကေရာဇ်ရဲတိုက်ပိုင်ရှင် ချန်းကုမုရဲ့ လက်ရုံးတွေကို ရှင်းပစ်လိုက်မယ်ဆိုရင် ချန်းပေါက်ဟာ ခြေကျိုးလက်ကျိုး သလို ဖြစ်သွားမယ်၊ သူဟာ အသက်ငယ်တယ်၊ အတွေ့အကြုံ နည်းတယ်၊ ဒါကြောင့် အကြံပေးမယ့် ကူညီမယ့် လက်ရုံးတွေ မရှိတော့ဘူးဆိုရင် အမှားလုပ်ဖို့ ဝန်လေးမှာ မဟုတ်ဘူး၊ ဒီတော့ ကေရာဇ်ရဲတိုက် ပြိုကွဲသွားပြီပေါ့'

ဟု ရှင်းပြလိုက်၏။

သူ၏စကားကို မောက်ပါနှင့် သန်းဖုံးတို့ စိတ်ဝင်စားသွားကြလေသည်။

စုလုထင်းက....

'ခင်ဗျားတို့ဘက် ထိခိုက်နစ်နာမှုတွေ မရှိရလေအောင် အကြောင်းတင်ခုခုပြုပြီး သူနဲ့ဆွေးနွေးပါ၊ အချိန်ဆွဲထားပါ၊ ကျုပ်က ငါးရက်အတွင်း ကျုပ်ရဲ့ အစီအစဉ်ကို အကောင်အထည် ဖော်မယ်၊ ကဲ...ဘယ်လို သဘောရသလဲ'

မောက်ပါနှင့် သန်းဖုံးတို့ သဘောတူလိုက်ကြလေသည်။

'ကောင်းပြီလေ၊ ခင်ဗျား ကြိုးစားကြည့်ပေါ့၊ ငါးရက် ပြည့်လို့မှ မထူးခြားဘူးဆိုရင် ခင်ဗျားအတွက် ကျုပ်တို့ ဘာမှ အာမမခံနိုင်ဘူးနော်'

စုလုထင်းက....



'စိတ်ချ၊ ကေရာဇ်ရဲတိုက်ကို ဖြိုခွင်းပစ်လိုက်မှ ကျုပ်ရဲ့အကြံအစည် အကောင်အထည်ပေါ်နိုင်မယ်ဆိုတာ ကျုပ် နားလည်တယ်၊ ဒါကြောင့် ကျုပ်က မဖြစ်မနေ ဆောင်ရွက်မှာပါ၊ ငါးရက်ပြည့်တော့ ပြန်တွေ့ကြတာပေါ့ဗျာ'

ဟုပြောလိုက်၏။

မောက်ပါက....

'ကောင်းပြီ၊ ခင်ဗျားရဲ့အကြံအစည်တွေ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ'

ဟု ပြောကာ ထိုင်ရာမှ ထလိုက်သည်။

ထို့နောက်....

စုလုထင်းအား နှုတ်ဆက်ကာ သန်းဖုံးနှင့်အတူ ထွက်သွားကြလေသည်။

စုလုထင်းက မလှုပ်မယှက် ထိုင်လျက်ကျန်ရစ်ခဲ့၏။

သူ၏ဦးခေါင်းထဲ၌ ရှိနေသော အကြံအစည်များကို မဖြစ်မနေ အကောင်အထည်ဖော်ရမည် ဖြစ်ပေသည်။

သူ၏အကြံအစည်အတိုင်း ဖြစ်မြောက် အောင်မြင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

ပြင်းထန်သော တိုက်ပွဲများသည် အဆက်မပြတ် ဖြစ်ပေါ်ခဲ့ရာမှ ရုတ်တရက် ရပ်ဆိုင်းသွားသည်။

အကြောင်းမှာ....

ကျားဝါဂိုဏ်းနှင့် သိမ်းငှက်ဂိုဏ်းတို့က စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းလာခြင်းကြောင့် ဖြစ်သည်။

ချန်းပေါက်သည် ကျားဝါဂိုဏ်းနှင့် သိမ်းငှက်ဂိုဏ်းကိုအပြီးတိုင် ချေမှုန်းပစ်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

သို့သော်....

ကျားဝါဂိုဏ်းက ချန်းကုမ္ပဏီအား လုပ်ကြံခံသည့် တရားခံကို ဖမ်းဆီးပေးမည်ဟု ကမ်းလှမ်းလာခြင်းကြောင့် စိတ်ဝင်စားသွားသည်။

တွေ့ဆုံဆွေးနွေးရန် သဘောတူလိုက်၏။

ကျားဝါဂိုဏ်းမှ ဆွေးနွေးရန် အကြောင်းကြားလာပြီး ငါးရက်အကြာတွင် တွေ့ဆုံကြရန် ချိန်းဆိုလိုက်ကြလေသည်။

ချန်းပေါက်က ကျားဝါဂိုဏ်းနှင့် သိမ်းငှက်ဂိုဏ်းတို့၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်။

သို့ဖြင့် –



ပြင်းထန်သော တိုက်ပွဲများသည် တစ်ဒင်္ဂရပ်ဆိုင်းသွားခြင်း ဖြစ်လေတော့သည်။

ဟန်လုံက အရက်တစ်ခွက် ငှဲ့သောက်လိုက်သည်။

သူနှင့်အတူ ဝိုင်းဖွဲ့ကာ ထိုင်နေသော ရှာပင်နှင့်တာ့ကျင်းကို ကြည့်လိုက်ပြီး ...

'ခုချိန် ယီယန်ရှိနေရင် သိပ်ကောင်းမှာပဲ'

ဟု ပြောလိုက်လေသည်။

ရှာပင်က....

'ယီယန်က သူ့ရဲ့ ဇာတိရပ်ရွာကို ပြန်သွားပြီး ကျုပ်တို့ဆီကို ဘယ်တော့မှပြန်လာတော့မှာ မဟုတ်ဘူးဘူးဗျ'

ဟန်လုံက....

'ဒါကြောင့် ကျုပ်က သတိရနေတာပေါ့ဗျာ၊ ရဲတိုက်ရှင်ကြီးရှိတုန်းကဆိုရင် ခုလိုတိုက်ပွဲတွေဖြစ်နေတဲ့အချိန်မှာ ယီယန်ရဲ့ အကြံဉာဏ်တွေက သိပ်ကိုအသုံးဝင်ခဲ့တာပဲ'

ရှာပင်က....

'ရဲတိုက်ရှင်ကြီး မရှိတော့ဘူး၊ ချန်းပေါက်ကလဲ လုပ်ချင်ရာ လျှောက်လုပ်နေတယ်၊ ဒီအတိုင်းဆို မလွယ်ဘူးဗျ'

ဟု ညည်းတွားလိုက်သည်။

ဟန်လုံက....

'အာပဲဖြစ်ဖြစ် ကျုပ်တို့ဟာ ကေရာဇ်ရဲတိုက်ကို သစ္စာရှိရှိ ဆက်ပြီး တာဝန်ထမ်းဆောင်ရမှာပေါ့ဗျာ'

ဟု ပြောလိုက်၏။

တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်နေသော တာ့ကျင်းက...

'ဒီကိစ္စတွေရဲ့ တကယ့်တရားခံအစစ်ဟာ စုလုထင်းဗျ၊ သူ့ကို သုတ်သင်ပစ်ရမှာပဲ'

ဟု မကျေမနပ် ပြောလိုက်၏။

တာ့ကျင်းသည်ကေရာဇ်ရဲတိုက်တွင် ကြောက်စရာအကောင်းဆုံး လူသတ်သမားတစ်ယောက် ဖြစ်လေသည်။

ချန်းကုမှအပေါ် အလွန်သစ္စာရှိသူလည်း ဖြစ်သည်။

ချန်းကုမှ လုပ်ကြံခံလိုက်ရသည်ကို အခဲမကျေ ဖြစ်နေပါတော့သည်။

ဟန်လုံက....



'စုလုထင်းကို ရှင်းပစ်ဖို့ ခင်ဗျားကို တာဝန်ပေးထားတယ် မဟုတ်လား'

ဟု မေးလိုက်သည်။

တာ့ကျင်းက....

'ဟုတ်တယ်'

'ခင်ဗျား စီစဉ်ပြီးပြီလား'

'ဒီညပဲ ကျုပ်သွားမှာ၊ စုလုထင်းဟာ စီကျူးမြို့က အရက်ဆိုင် တစ်ဆိုင်မှာ ရှိနေတယ်ဆိုတာ ကျုပ် သတင်းရပြီးပြီ'

ရှာပင် ဝမ်းသာသွားသည်။

'သိပ်ကောင်းတာပေါ့ဗျာ၊ သူ့ကို မလွတ်စေနဲ့'

တာ့ကျင်းက....

'စိတ်ချ၊ ကျားဝါဂိုဏ်းနဲ့ ဆွေးနွေးပွဲမစခင် စုလုထင်းကို ရှင်းပစ်လိုက်မယ်၊ ဒါမှ သူတို့ဟာ ကေရာဇ်ရဲတိုက်ကို အထင်မသေးရဲတော့မှာ'

ရှာပင်....

'ခင်ဗျားကိုကြည့်ရတာ စုလုထင်းကိုရှင်းပြီးရင် ကျား၀ါဂိုဏ်းချုပ်နဲ့ သိမ်းငှက်ဂိုဏ်းချုပ်ကိုပါ ဆက်ပြီး ရှင်းပစ်ချင်တဲ့သဘောရှိတယ်၊ ကျုပ်ပြောတာ ဟုတ်ရဲ့လား'

ဟု မေးလိုက်၏။

တာ့ကျင်း ပြုံးလိုက်သည်။

'သူတို့ဟာ ကျုပ်တို့အတွက် ရန်သူတွေပါပဲဗျာ'

ဟု ပြောလေသည်။

တာ့ကျင်း၏ လှုပ်ရှားမှု အောင်မြင်မည်ဆိုပါလျှင် ကေရာဇ်ရဲတိုက်အား မည်သူမျှ မော်ကြည့်ဝံ့ကြမည်မဟုတ်ပေ။

ရှာပင်က....

'ဒါဆိုရင် ကျုပ်လဲလိုက်မယ်၊ ဘယ်လို သဘောရသလဲဗျ'

ဟု မေးလိုက်၏။

ဟန်လုံက....

'မိတ်ဆွေလိုက်သွားလို့ မဖြစ်သေးဘူး'

ဟု ဝင်ပြောသည်။



ရှာပင်က....

'ဘာဖြစ်လို့လဲဗျ'

ဟန်လုံက....

'ရဲတိုက်ရှင်ကြီး အဆိပ်မိအောင်လုပ်ခဲ့တဲ့ ကျောက်ပေါက်မာပုန်းနေတဲ့ နေရာကို ကျုပ်တို့ သတင်းရထားပြီးပြီ၊ အဲဒါ ခင်ဗျာကိုယ်တိုင် ကျောက်ပေါက်မာကို သွားဖမ်းရမယ်လို့ ချန်းပေါက်က အမိန့်ပေးလိုက်လို့ပဲ'

ရှာပင် ဝမ်းသာသွားလေသည်။

'သိပ်ကောင်းတာပေါ့၊ ကျုပ်က သစ္စာဖောက်ကို မှတ်အောင် ဆုံးမပြမယ်'

ဟန်လုံက....

'ကျုပ်ကတော့ ယီယန်ကိုသွားပြီး စည်းရုံးရမှာဗျ၊ သူက ရဲတိုက်ကို ပြန်လာပြီး တာဝန်ယူ ထမ်းဆောင်ဖို့ လိုနေတယ်'

သူတို့ တာဝန်အသီးသီးရှိနေကြပြီ ဖြစ်လေသည်။

တာ့ကျင်းက....

'ကဲ....အချိန်မရှိဘူး၊ ဆွေးနွေးမယ့်နေ့ရက်မတိုင်မီ ပြီးပြတ်အောင် လှုပ်ရှားကြတာပေါ့၊ ဒါမှ ကျား၀ါဂိုဏ်းနဲ့ သိန်းငှက်ဂိုဏ်း အငိုက်မိသွားလိမ့်မယ်'

'ဟုတ်တယ်၊ အမြန်ဆုံး လှုပ်ရှားရမယ်'

ရှာပင်နှင့် ဟန်လုံတို့ ထောက်ခံလိုက်ကြသည်။

ထို့နောက် ...

ထိုင်ရာမှထပြီး လူချင်းခွဲလိုက်ကြလေတော့သည်။

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

ယာခင်းတစ်ဖက်တွင် သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်လေးတစ်လုံး ရှိနေသည်။

ထိုသစ်လုံးအိမ်လေးမှ မီးခိုးများ တလူလူ ထွက်ပေါ်နေလေသည်။

ရှာပင်သည် တောအုပ်ထဲမှနေပြီး သစ်လုံး အိမ်လေးကို အကဲခတ်ကြည့်လိုက်၏။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

လူသတ်လိုသော အရိပ်အငွေ့များ ဖြစ်ပေါ်လာခြင်းပင်။

ကျောက်ပေါက်မာသည် ဟွာလင်း၏အုတ်ဂူတွင် အဆိပ်များ သုတ်လိမ်းထားခဲ့သည်။



ထို့ကြောင့်....

အုတ်ဂူကို ထိတွေ့ကိုင်တွယ်မိသော ချန်းကုမှာ အဆိပ်မိကာ အသက်ဆုံးရှုံးခဲ့ရလေသည်။

ရှာပင်သည် ကျောက်ပေါက်မာကို မည်သည့်နည်းနှင့်မျှ ခွင့်မလွှတ်နိုင်ပါချေ။

ကျောက်ပေါက်မာကို ဖမ်းဆီးပြီး မည်သူမည်ဝါက စေခိုင်းခဲ့သည်ကို ဖော်ထုတ်ရမည်ဖြစ်လေသ ည်။

တရားခံမှာ စုလုထင်းဖြစ်မည်ဟု ယုံကြည်ထားပါသော်လည်း အခြား မည်သူမည်ဝါ ပါဝင်နေသည်ကို စုံစမ်းဖော်ထုတ်ရမည် ဖြစ်သည်။

ရှာပင်သည် သစ်လုံးအိမ်လေးအား အတန်ကြာ အကဲခတ်လိုက်ပြီးနောက်....

'အမှတ်တစ်က အိမ်အနောက်ဘက်ကိုသွား'

သူနှင့်အတူလိုက်လာသည့် ကေရာဇ်ရဲတိုက်မှ သိုင်းသမားတစ်ယောက်အား အမိန့်ပေးလိုက်သည်။

သူနှင့်အတူ လက်ရွေးစင်သိုင်းသမားနှစ်ယောက် လိုက်လာကြပါသည်။

ရှာပင်က အမိန့်ပေးလိုက်လျှင် အမှတ်တစ်ဆိုသူက ဦးညွှတ်ကာ လှစ်ခနဲ ပြေးထွက်သွား၏။

ရှာပင်က....

'အမှတ်နှစ်၊ မင်းက ဒီမှာစောင့်နေ၊ ငါက အိမ်ထဲ ဝင်သွားတဲ့အချိန်မှာ ဘယ်သူပဲလာလာ အိမ်ရှေ့ကို ရောက်မလာအောင် တားထားလိုက်'

ဟု အမိန့်ပေးလိုက်သည်။

အမှတ်နှစ်က....

'စိတ်ချပါခင်ဗျာ'

ဓားတစ်လက်ဆွဲထုတ်ကာ သစ်ပင်တစ်ပင်ကို အကာအကွယ်ယူထားလိုက်လေသည်။

ရှာပင်က အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

ထို့နောက်....

သစ်လုံးအိမ်လေးဆီသို့ လျင်မြန်စွာ ချဉ်းကပ်သွားလိုက်လေသည်။

သစ်လုံးအိမ်လေးအတွင်း၌ လူတစ်ယောက် ရှိနေသည်။

ထိုလူသည် မီးလင်းဖိုကြီးအနီး၌ ထိုင်နေပြီး တခါးပေါက်ကို ကျောပေးထား၏။



ရှာပင်က စေ့ထားသောတံခါးကိုအသာဖွင့်ကာ အတွင်းဘက်သို့ လှမ်းဝင်လိုက်သည်။

မီးလင်းဖိုအနီးမှလူသည် ရှာပင်ဝင်လာသည်ကို သတိပြုမိပုံမရချေ။

ရှာပင်က တိတ်တဆိတ် ချဉ်းကပ်သွားပြီး အနီးသို့ရောက်သွားလျှင်....

'ကျောက်ပေါက်မာ....မင်း ဘယ်ပြေးမလဲ'

ဟု ပြောလိုက်လေသည်။

သူ၏အသံကြောင့် ထိုလူမှာ လန့်ဖျပ်သွားပုံရှိသည်။

'ဟာ....'

လှတ်ခနဲရေရွတ်ကာ ကပျာကယာလှည့်ကြည့်လာလေသည်။

ထိုလူမှာ ကျောက်ပေါက်မာ ဖြစ်ပါသည်။

ရှာပင်က....

'ကျောက်ပေါက်မာ.... မင်းပြေးလို့မလွတ်တော့ဘူးကွ'

ကျောက်ပေါက်မာ ခေါင်းငိုက်စိုက်ချလိုက်သည်။

'ကျုပ်ပြေးလို့မလွတ်တော့ဘူးဆိုတာ သိပါတယ်ဗျာ'

ရှာပင်က....

'မင်းက ဘာကြောင့် သစ္စာဖောက်ရတာလဲကွ၊ ပြောစမ်းပါဦး'

ဟု ငေါက်လိုက်၏။

ကျောက်ပေါက်မာက....

'ကျုပ်....ကျုပ်ရဲ့ အသက်အန္တရာယ်ကြောင့်ပါ'

'ဘာကွ'

'သူခိုင်းသမျှကို မလုပ်ဘူးဆိုရင် ကျုပ်ကို သတ်ပစ်မယ်ဆိုလို့ပါ'

ရှာပင်က....

'နေစမ်းပါဦး၊ မင်းကို ခိုင်းတာ ဘယ်သူလဲ'

ကျောက်ပေါက်မာက....

'ကျုပ်ကိုခိုင်းတာ....'

သူ့စကား ဆုံးအောင် မပြောရသေးမီ....

'အား'

အိမ်နောက်ဘက်မှ စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

ရှာပင်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။



အော်ဟစ်သံမှာ အိမ်အနောက်ဘက်၌ သွား၍ စောင့်ခိုင်းထားသော အမှုတ်တစ်၏ အသံ ဖြစ်နေသည် မဟုတ်ပါလား။

အမှုတ်တစ်သည် တစ်စုံတစ်ယောက်၏ လက်ချက်ဖြင့် ဒုက္ခရောက်နေပြီ ဖြစ်လေသည်။

ရှာပင် အံကြိတ်ကာ....

'မင်းမှာ အဖော်ရှိသေးတယ် ဟုတ်လား'

ဟု မေးလိုက်သည်။

ကျောက်ပေါက်မာ ခေါင်းခါယမ်းလိုက်သည်။

'ဘယ်သူမှ မရှိပါဘူးဗျာ'

ရှာပင်က....

'မင်း မလိမ်နဲ့'

'တကယ်ပြောတာပါ၊ ရဲတိုက်ရှင်ကြီး အဆိပ်မိသွားပြီဆိုတာနဲ့ ကျုပ်ကို စေခိုင်းတဲ့လူဟာ ကျုပ်ကိုပါ နှုတ်ပိတ်ပစ်တော့မယ်ဆိုတာ သိလို့ ချက်ချင်း ထွက်ပြေးလာခဲ့တာပါ'

ရှာပင် မျက်မှောင်ကြုတ်သွားလေသည်။

ကျောက်ပေါက်မာသည် ခြေရာဖျောက်ကာ ထွက်ပြေးသွားပြီး သူတို့က လူအင်အား ငွေအင်အား အသုံးပြုကာ သကြီးမဲကြီး ရှာခဲ့ကြသည့်တိုင် တစ်လနီးပါးကြာမှ ခြေရာခံမိဆိုက်ကြခြင်း ဖြစ်လေသည်။

'မင်းကို ခိုင်းတာ ဘယ်သူလဲ ပြောစမ်း'

ဟု မေးလိုက်သည်။

ကျောက်ပေါက်မာက....

'ကျုပ်ကို ခိုင်းတာ....'

ယခု တစ်ကြိမ်လည်း စကားဆုံးအောင် မပြောရသေးမီ... 'အံမယ်လေး'

အိမ်ရှေ့ တောအုပ်ထဲမှ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှာပင် မျက်နှာပျက်သွားသည်။

အိမ်ရှေ့ တောအုပ်ထဲ၌ အစောင့်ချထားခဲ့သော အမှတ်နှစ်လည်း ကံဆိုးသွားပြီ မဟုတ်လား။

'တောက်'

ရှာပင် ဒေါသတကြီး တက်ခေါက်လိုက်သည်။

ကြမ်းပြင်ပေါ် ဒုန်းခနဲ မြည်အောင် ခြေဆောင့်လိုက်ပြီး-

'ဟေ့....သတ္တိရှိရင် ထွက်လာခဲ့စမ်း'

ဟု အော်ပြောလိုက်လေသည်။

သူ၏ အသံသည် မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။



ထိုစဉ်---

'ဟား....ဟား....ဟား'

အေးတိအေးစက် ရယ်မောသံတစ်ချက် ထွက်ပေါ်လာ၏။

လူတစ်ယောက်က အိမ်ထဲသို့ လှမ်းဝင်လာသည်။

ထိုလူကို မြင်လျှင် ရှာပင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

## လှည့်ကွက်

မြို့စွန်တွင် အိမ်ကလေးတစ်လုံး ရှိသည်။

အိမ်ရှေ့တွင် ကလေးနှစ်ယောက် ဆော့ကစားနေကြသလို ကြက် ဘဲများလည်း အစာရှာ စားနေကြလေသည်။

လူတစ်ယောက်သည် အိမ်ရှေ့သို့ ရောက်လာပြီး...

'ကလေး....မင်းတို့အဖေ'ရှမ်းပါ'အိမ်မှာ ရှိသလားကွ'

ဟု မေးလိုက်လေသည်။

ကလေးငယ် တစ်ယောက်က....

'ရှိပါတယ်ဦး၊ ဖေဖေ....ဖေဖေ'

ဟု အော်ခေါ်လိုက်သည်။

ခေါ်သံနှင့် မရှေးမနှောင်းမှာပင် လူတစ်ယောက် အိမ်ထဲမှ လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ ဟောင်းနွမ်းသော အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

ရှမ်းပါဆိုသော ထိုလူက အိမ်ရှေ့သို့ရောက်လာသူကို မျက်မှောင်ကြုတ် ကြည့်လိုက်ပြီး....

'ရှမ်းပါဆိုတာ ကျုပ်ပဲ၊ ဘာကိစ္စ ရှိလို့လဲဗျ'

ဟု မေးလေသည်။

ဧည့်သည်က....

'ကျုပ်က တာ့ကျင်းပါ၊ မိတ်ဆွေဆီမှာ မေးမြန်းစရာလေး တစ်ခုရှိလို့ လာခဲ့တာပါ'

ဟု ပြော၏။

ဧည့်သည်မှာ ကေ့ရာဇ်ရဲတိုက်မှ တာ့ကျင်း ဖြစ်လေသည်။

ရှမ်းပါက....

'ဘာများ သိချင်လို့လဲဗျ'

တာ့ကျင်းက...

'မိတ်ဆွေဟာ ရုပ်ဆိုးရဲ့ အရက်ဆိုင်မှာ အလုပ်လုပ်ခဲ့တယ် မဟုတ်လား'

ရှမ်းပါက....



'ဟုတ်တယ်လေ၊ ကျုပ်တို့ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ရပါတယ်၊ ဒါပေမယ့် ရုပ်ဆိုးပေးတဲ့ငွေက နည်းလို့ ကျုပ်က ဆက်မလုပ်တော့ဘဲ အလုပ်ထွက်လာတာ'

ဟု ပြောသည်။

တာ့ကျင်း ပြုံးလိုက်သည်။

အမှန်တော့ ရှမ်းပါသည် လောင်းကစားသမား တစ်ယောက် ဖြစ်လေသည်။

ရှမ်းပါ၏ အကျင့်ကို မကြိုက်၍ ရုပ်ဆိုးက မောင်းထုတ်လိုက်ခြင်းသာ ဖြစ်လေသည်။

ထိုအချက်ကို တာ့ကျင်း သိထားပြီးဖြစ်သည်။

တာ့ကျင်း မသိချင်ဟန်ဆောင်ကာ....

'ထားပါတော့လေ၊ ကျုပ်က ရုပ်ဆိုးအကြောင်း သိချင်လို့ လာပြီး စုံစမ်းတာ၊ မင်းအတွက် မနစ်နာစေရပါဘူး'

ပြောပြောဆိုဆို ငွေလွှဲလက်မှတ် တစ်ထပ် နှိုက်ယူလိုက်လေသည်။

ငွေလွှဲလက်မှတ်များကို မြင်လျှင် ရှမ်းပါ မျက်လုံးများ ဝင်းလက် တောက်ပလာလေသည်။

'ခင်ဗျား ဘာသိချင်သလဲ'

ဟု မေးလိုက်၏။

တာ့ကျင်းက....

'ရုပ်ဆိုးရဲ့ ဆိုင်နောက်ဘက်က လျှို့ဝှက်အခန်းအကြောင်း သိချင်တယ်'

ဟု ပြောလိုက်လေသည်။

ည....

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

အလင်းရောင် ကွယ်ပျောက်သွားသည်နှင့် ရုပ်ဆိုး၏ဆိုင်တွင် မီးအိမ်များ ထွန်းညှိလိုက်လေသည်။

တာ့ကျင်းက လမ်းတစ်ဖက် အမှောင်ရိပ်မှနေပြီး အကဲခတ်ကြည့်နေ၏။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။



ဆိုင်ထဲသို့ ဝင်သွားသူ တစ်စထက်တစ် နည်းလာပြီး ထွက်သွားသူ များနေ၏။

တာ့ကျင်းက စိတ်ရှည်လက်ရှည် စောင့်ကြည့်နေဆဲ။

ရုတ်တရက်....

ဆိုင်ရှေ့သို့ လူတစ်ယောက် တိတ်ဆိတ်စွာ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူသည် ဟိုဟိုသည်သည်ကြည့်လိုက်ပြီး ဆိုင်ထဲသို့ ဝင်သွားသည်ကို တွေ့ရလေသည်။

တာ့ကျင်း စိတ်လှုပ်ရှားသွားသည်။

သူက စုလုထင်းအား တွေ့လိုက်ရပြီ မဟုတ်ပါလား။

စုလုထင်းသည် ရုပ်ဆိုး၏အရက်ဆိုင်၌ စခန်းချနေသည်မှာ သေချာနေပါ၏။

တာ့ကျင်း အံကြိတ်လိုက်သည်။

'သိကြသေးတာပေါ့ကွာ'

ဟု ကြုံးဝါးကာ ရုပ်ဆိုး၏ဆိုင်ထဲသို့ လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်....

စုလုထင်းက ဆိုင်ထဲမှ ပြန်ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

တာ့ကျင်း ခြေလှမ်းရပ်သွား၏။

'သူဘယ်ကိုသွားမလို့ပါလိမ့်'

ဟု တွေးတောနေစဉ်မှာပင် စုလုထင်းသည် ဝဲဘက်သို့ ခပ်သုတ်သုတ် ထွက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

တာ့ကျင်း အံ့သြသွားလေသည်။

'ဒီည သူက ရှပ်ဆိုးရဲ့ဆိုင်မှာ မအိပ်ဘူးထင်တယ်'

ဟု တွေးကာ တိတ်တဆိတ် ခြေရာခံပြီး လိုက်သွားလေသည်။

စုလုထင်းသည် ရှေ့သို့ တစိုက်မတ်မတ် သွားနေဆဲ။

တာ့ကျင်းကလည်း လိုက်သွားသည်။

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် လျှောက်သွားကြရင်း မြို့စွန်သို့ ရောက်မှန်းမသိ ရောက်ရှိလာကြသည်။

မြို့စွန်တွင် အိမ်ခြေ ကျဲပါးကာ လူပြတ်လှသည်။

အမှောင်ရိပ်များလည်း ကြီးစိုးနေလေသည်။



စုလုထင်းက ဆက်၍လျှောက်သွားနေဆဲ။

တာ့ကျင်းက လိုက်သွားရာ မကြာပါချေ။

မြို့ပြင် သုသာန်သို့ စုလုထင်းက ဦးတည်သွားနေသည်ကို တွေ့လိုက်ရလေသည်။

'သူက သုသာန်ထဲကို ဘာသွားလုပ်မလို့လဲ'

ဟု တွေးလိုက်မိသည်။

စုလုထင်းက သုသာန်အတွင်းသို့ ဝင်သွားပြီ ဖြစ်ပါသည်။

တာ့ကျင်းလည်း မနေနိုင်တော့ဘဲ လိုက်သွားလေသည်။

စုလုထင်းသည် သုသာန်အတွင်းသို့ဝင်သွားပြီး မြေပုံ မှတ်တိုင်များကြား၌ ရုတ်တရက်ပျောက်ကွယ်သွားလေတော့သည်။

'ဟင်....'

တာ့ကျင်း မျက်မှောင်ကြုတ်သွားသည်။

'စုလုထင်း မည်သည့်နေရာ ရောက်ရှိသွားပါသနည်း'

သူက ခြေလှမ်းရပ်ကာ ဟိုဟိုသည်သည် အကဲခတ်ကြည့်လိုက်လေသည်။

ထိုစဉ်....
'ဂစ်'

ညဉ့်ငှက်တစ်ကောင်သည် စူးစူးဝါးဝါး အော်မြည်ကာ တာ့ကျင်း၏ဦးခေါင်းပေါ်မှ ဖြတ်ကျော် ပျံသန်းသွားလေသည်။

တာ့ကျင်း ရင်ထိတ်ကာ လက်ဝှေ့ယမ်းလိုက်ရာ ...
'ဖုတ်'

ညဉ့်ငှက်သည် မြေပေါ် ချက်ချင်းပြုတ်ကျသွားလေတော့သည်။

ထိုစဉ်....
'ကောင်းလိုက်တဲ့ လက်နက်ပုန်းပညာ'

ချီးကျူးသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တာ့ကျင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။
ချာခနဲ နောက်လှည့်ကြည့်လိုက်သည်။
ထိုအချိန်တွင်....

လဝန်း ထွက်ပေါ်လာပြီဖြစ်ရာ လရောင်ကြောင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းကျင်းကျင်း ဖြစ်လာလေသည်။



လရောင်အောက်တွင် လူတစ်ယောက်ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

'စုလုထင်း'

တာ့ကျင်း လွတ်ခနဲ ရေရွတ်လိုက်သည်။

မှန်ပေသည်။

ထိုလူမှာ စုလုထင်း ဖြစ်လေသည်။

'ဟား....ဟား....ဟား'

စုလုထင်းက သဘောကျစွာ ရယ်မောလိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်ပါဗျာ'

တာ့ကျင်းက....

'ဩ်... ကျုပ်လိုက်လာတာကို ခင်ဗျား သိနေတယ်ပေါ့ ဟုတ်လား'

စုလု ထင်းက....

'ဟုတ်တယ်၊ ခင်ဗျားကို တမင်မျှားခေါ်လာခဲ့တယ်ဆိုပါတော့'

တာ့ကျင်းက....

'ရဲတိုက်ရှင်ကြီး လုပ်ကြံခံရတာ ခင်ဗျားရဲ့လက်ချက်ဆိုတာ ကျုပ် သိထားတယ်လေ'

စုလုထင်း ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ် အကွက်ချစီစဉ်ပြီး လုပ်လိုက်ကြတာပါ'

တာ့ကျင်းက....

'အဲဒီကိစ္စအတွက် ခင်ဗျားရဲ့အသက်ကို အစားပြန်ပြီးလျော်ပေးရမယ်'

စုလုထင်းက....

'ခင်ဗျား သေချာရဲ့လား'

'သေချာပါတယ်'

တာ့ကျင်းက စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

စုလုထင်းက လက်ကာပြလိုက်သည်။

'ခဏ နေပါဦးဗျာ'

'ခင်ဗျား ဘာပြောချင်လို့လဲ'

'ချန်းကုမှ မရှိတော့တဲ့နောက်ပိုင်းမှာ ကေရာဇ်ရဲတိုက်ဟာ ပြိုကွဲပျက်စီးသွားဖို့ပဲ ရှိတော့တယ်ဆိုတာ ခင်ဗျား သဘောပေါက်သင့်ပါတယ်'

တာ့ကျင်း ခေါင်းခါယမ်းလိုက်သည်။



'ကေရာဇ်ရဲတိုက်ဟာ ဘယ်တော့မှ ပျက်စီးသွားမှာ မဟုတ်ပါဘူး'

စုလုထင်းက....

'မထင်ပါနဲ့ဗျာ၊ ချန်းကုမှရဲ့သားတွေဟာ တစ်ယောက်မှ အရည်အချင်း မရှိကြပါဘူး၊ ခင်ဗျားတို့လို သစ္စာရှိလူယုံတွေ မရှိတော့ဘူးဆိုရင် တစ်လမကြာဘူး ပျက်စီးသွားမှာပါ'

တာ့ကျင်းက....

'ကျုပ်တို့ရှိနေသေးတာပဲ'

ဟု ပြောလိုက်သည်။

စုလုထင်းက....

'ယီယန်က အိမ်ပြန်သွားပြီ'

'သူက အရေးအကြောင်းရှိရင် ပြန်လာမှာပါ'

'ကျုပ်တော့ မထင်ဘူး၊ ချန်းကုမှကိုယ်တိုင် အားထားခဲ့ရတဲ့ လူတစ်ယောက်ဟာ ချန်းပေါက်က စော်ကားမော်ကားပြောတာကို စိတ်နာသွားမှာပဲ'

တာ့ကျင်း ဘာမှမပြောဘဲ နေလိုက်သည်။

စုလုထင်းက ဆက်ပြောသည်။

'ယီယန်မရှိတော့ဘူး၊ ရှာပင်ကလဲ သစ္စာဖောက် ကျောက်ပေါက်မာကို လိုက်ရှာရင်း ကံဆိုးသွားပြီ'

'ဘာဗျ'

တာ့ကျင်း ရင်ထိတ်သွားသည်။

စုလုထင်းက....

'ကျုပ်ပြောတာမယုံရင် ဟောဒီမှာ ကြည့်ပါဦးဗျာ'

ပြောပြောဆိုဆို ခါးစည်းကြိုးတစ်ချောင်း ထုတ်ပြလေသည်။

ထိုခါးစည်းကြိုးသည် ရှာပင်၏ ခါးစည်းကြိုးဖြစ်ကြောင်း တာ့ကျင်း သိထားလေသည်။

တာ့ကျင်း မျက်နှာပျက်သွားသည်။

ရှာပင်၏ခန္ဓာကိုယ်ပေါ်မှ ခါးစည်းကြိုးသည် စုလုထင်း၏ လက်ထဲ ရောက်ရှိနေသည်ဆိုပါလျှင်....

စုလုထင်းက....

'ယီယန်က အိမ်ပြန်သွားပြီ၊ ရှာပင်ကမရှိတော့ဘူး၊ ခင်ဗျား တစ်ယောက်ပဲ ကျန်တော့တယ်'

ဟု ပြောလေသည်။

တာ့ကျင်း အံကြိတ်ကာ....



'ဟန်လုံရှိသေးတယ်'

ဟု ပြောလိုက်၏။

စုလုထင်းက....

'သူ့အတွက် ဘာမှမပူပါနဲ့ဗျာ'

ဟု ပြောလေသည်။

တာ့ကျင်း မျက်မှောင်ကြုတ်သွားပြီး....

'ဟန်လုံကလဲ ခင်ဗျားရဲ့လက်ချက် မိသွားပြီပေါ့ ဟုတ်လား'

ဟု မေးလိုက်သည်။

စုလုထင်းက....

'သူ မသေသေးပါဘူး၊ ကေရာဇ်ရဲတိုက်မှာပဲ ရှိပါတယ်၊ ဒါပေမယ့် သူ့အတွက် မပူပါနဲ့ဗျာ'

ရုတ်တရက်....

တာ့ကျင်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

တစ်စုံတစ်ခုကို သဘောပေါက်သလို ရှိလာသည်။

သို့သော် ...

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများ ဟိုမှသည်မှ ထွက်လာကြသည်ကို တွေ့ရလျှင် သူ အသိနောက်ကျသွားပြီ ဖြစ်ကြောင်း တဲ့ကျင်း ဆင်ခြင်မိလိုက်လေသည်။

စုလုထင်းက ....

'ခင်ဗျားအတွက် ရွေးစရာ လမ်းနှစ်သွယ်ရှိပါတယ်ခင်ဗျာ၊ ကျုပ်တို့နဲ့ပူးပေါင်းမလား၊ အသက်အသေခံမလား ဆိုတာပါပဲ'

ဟု ပြောလေသည်။

ရှမ်းပါသည် သူ့ထံမှ ငွေကို ယူသည့်အပြင် သူက လာရောက် သတင်းစုံစမ်းကြောင်း ရုပ်ဆိုးမှတစ်ဆင့် စုလုထင်းထံသို့ သတင်းပို့ခဲ့သည်မှာ ထင်ရှားနေ၏။

ထိုမျှမက မိမိက လုပ်ကြံရန် အစီအစဉ်ဖြင့် လာခဲ့သည်ကို စုလုထင်း သတင်းရထားပြီ ဖြစ်ကြောင်းလည်း ထင်ရှားနေသည်။

'ဟား....ဟား...ဟား'

တဲ့ကျင်းက ရယ်မောလိုက်၏။



သူ၏ရယ်သံ ခြောက်ကပ်ကပ် ဖြစ်နေသည်။

စုလုထင်းကို စိုက်ကြည့်ကာ....

'ကျုပ်က ဒုတိယလမ်းကိုပဲ ရွေးရလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

*

ချန်းပေါက်က စားပွဲပေါ်၌ အသင့်ရှိမနေသည့် အရက်ခွက်ကို ယူကာ မော့ချလိုက်လေသည်။

သူ၏မျက်နှာ ပြုံးရွှင်နေသည်။

အလွန်ပင် သဘောကျ ကျေနပ်နေဟန် ရှိလေသည်။

ချန်းလီက....

'အစ်ကိုကြီး ဘာတွေသဘောကျနေတာလဲဗျ'

ဟု မေးလိုက်သည်။

ချန်းပေါက်က ရယ်မောလိုက်သည်။

'သဘောကျစရာကောင်းလို့ပေါ့ကွာ'

ချန်းလီက....

'ကျုပ်ကိုလဲ ပြောပြစမ်းပါဦးဗျ'

ချန်းပေါက်က...

'မနက်ဖြန် ကျွားဝါဂိုဏ်းနဲ့ သိန်းငှက်ဂိုဏ်းကလူတွေနဲ့ တွေ့ရမယ်မဟုတ်လား'

ချန်းလီ ခေါင်း ညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ'

ချန်းပေါက်က....

'ဘာဖြစ်ရမလဲ၊ သူတို့ဘက်က ထိပ်သီးခေါင်းဆောင်တွေနဲ့မှ ဆွေးနွေးနိုင်မယ်လို့ ပြောလိုက်တယ်လေ'

ချန်းလီက....

'ဟုတ်တာပေါ့၊ အစ်ကိုကြီးဟာ ကေရာဇ် ရဲတိုက်ပိုင်ရှင် ဖြစ်နေပြီ မဟုတ်လား'

ချန်းပေါက်က....



'သူတို့နဲ့တွေ့ဆုံတဲ့အခါမှာ ကျုပ်က ဘာမှ ဆွေးနွေးနေမှာ မဟုတ်ဘူး၊ တစ်ယောက်မကျန် သုတ်သင်ရှင်းလင်းပစ်လိုက်မှာပဲ'

'ဟာ...'

ချန်း လီ လှတ်ခနဲ အော်လိုက်လေသည်။

ချန်းပေါက်က ရယ်မောရင်း....

'သူတို့ရဲ့ ခေါင်းဆောင်ပိုင်းတွေကို ရှင်းပစ်လိုက်ပြီဆိုရင် ကျန်တဲ့လူတွေကို မှုစရာလိုပါတော့မလား'

ချန်းလီက....

'အစ်ကိုကြီး....အန္တရာယ်များတယ်၊ သတိထားမှ ဖြစ်မယ်နော်'

ဟု သတိပေးလိုက်၏။

ချန်းပေါက်က လက်ကာပြလိုက်သည်။

'ဘာမှမပူပါနဲ့ကွာ၊ ဒီကိစ္စအတွက် အစစအရာရာ ကြိုတင်ပြင်ဆင်ထားပြီးပါပြီ'

လီချန်းက....

'ဒါဆိုရင် ပြီးထားပဲလေ၊ ကျား၀ါဂိုဏ်းနဲ့ သိန်းငှက်ဂိုဏ်းကို ချေမှုန်းနိုင်ရင်တော့ ကျုပ်တို့ ကေရာဇ်ရဲတိုက်ဟာ ပိုပြီး အရှိန်အ၀ါကြီးလာမှာပဲ'

ချန်းပေါက်က....

'သေချာတာပေါ့ကွာ၊ မနက်ဖြန် ညနေပိုင်းရောက်ရင် အခြေအနေ သိရမှာပဲ၊ ငါ့ညီ စောင့်သာကြည့်ပေတော့'

ဟု ပြောလိုက်သည်။

ချန်းလီကလည်း သဘောကျစွာ ရယ်မောလိုက်လေသည်။

ထိုစဉ်...

ခြေသံများ ထွက်ပေါ်လာပြီး အခန်းတွင်းသို့ လူတစ်ယောက် ၀င်ရောက်လာသည်ကို တွေ့ရ၏။

ဟန်လုံ ဖြစ်သည်။

ချန်းပေါက်က ဟန်လုံအား မျက်မှောင်ကြုတ်ကာ ကြည့်လိုက်ပြီး....

'ဘာကိစ္စလဲဗျ'

ဟု မေးလိုက်လေသည်။



ချန်းပေါက်သည် ကေရာဇ် ရဲတိုက်ပိုင်ရှင် ဖြစ်လာပြီဆိုကတည်းက ဖခင်၏လက်ထက်မှ လူယုံတော်ကြီးများအပေါ် လေးစားမှု မရှိတော့ချေ။

သဘောမကျလျှင်မကျသလို ဆက်ဆံတတ်လေသည်။

ဟန်လုံက ဦးညွှတ်လိုက်ပြီး....

'စုလုဆင်းဆီက လက်ဆောင်ပစ္စည်းတစ်ခု ရောက်လာတယ်'

ဟု ပြောလေသည်။

'ဟင်....'

ချန်းပေါက် အံ့ဩသွားသည်။

စုလုဆင်းမှာ သူတို့၏ မဟာရန်သူတော်ကြီး ဖြစ်လေသည်။

ယခု...

စုလုဆင်းထံမှ လက်ဆောင်ပစ္စည်း ရောက်ရှိလာသည်မှာ ထူးဆန်းနေသည်မဟုတ်ပါလား။

'အဲဒါ ဘာသဘောလဲဗျ'

ဟု မေးလိုက်လေသည်။

ဟန်လုံက....

'ကျုပ်လဲ မပြောတတ်ပါဘူး၊ စုလုထင်းရဲ့ လူတစ်ယောက် လာပို့သွားတဲ့ လက်ဆောင်ပစ္စည်းဟာ ဟောဒီမှာပါ'

ပြောပြောဆိုဆို အထုပ်တစ်ထုပ်ကို ပေးလေသည်။

ရောင်စုံစက္ကူဖြင့် ထုပ်ထားသော အထုပ်လေး ဖြစ်သည်။

ချန်းပေါက် မဲ့ပြုံးပြုံးလိုက်လေသည်။

'ကျုပ်က သူ့အပေါ် မကျေနပ်တာကိုသိလို့ ကျေနပ်အောင် လက်ဆောင်ပို့တာပဲ ဖြစ်မယ်၊ ကျုပ်က သူ့ကို သေဒဏ် ချထားပြီးပြီဆိုတာ သူမသိသေးဘဲကိုး၊ ကဲ....ဘယ်လို လက်ဆောင်ဆိုတာ ကြည့်ရအောင် ပြစမ်းပါဦး'

ဟန်လုံလှမ်းပေးသော အထုပ်လေးကို ယူလိုက်လေသည်။

ထို့နောက်....

အထုပ်ကို ဖွင့်ကြည့်လိုက်လေသည်။

အထုပ်ထဲ၌ ပစ္စည်းပစ္စယ မည်မည်ရရ မပါပါ။

ခါးစည်းကြိုး နှစ်ချောင်းသာလျှင် ပါလာသည်ကို တွေ့ရ၏။



ထိုခါးစည်းကြိုး နှစ်ချောင်းကို မြင်လျှင် ချန်းပေါက် ထိတ်လန့်သွားပြီး....

'ဟာ'

လွှတ်ခနဲ အော်လိုက်လေသည်။

ချန်းလီက....

'ဒါဟာ ရှာပင်နဲ့တာ့ကျင်းရဲ့ ခါးစည်းကြိုးတွေပဲ'

ဟု လွှတ်ခနဲ အော်ပြောလိုက်လေတော့သည်။

ချန်းပေါက်သည် ကြက်နာကြီး လည်လိမ်ထားသလို ဖြစ်နေပါ၏။

ချန်းလီကား မျက်စိမျက်နှာပျက်ကာ အရက်ကို တစ်ခွက်ပြီး တစ်ခွက် သောက်နေသည်။

စားပွဲပေါ်၌ ခါးစည်းကြိုးနှစ်ချောင်း ရှိနေ၏။

ရှာပင်နှင့်တာ့ကျင်းတို့သည် ဤလောကကို စွန့်ခွာသွားကြပြီ ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ဟန်လုံက မလှုပ်မယှက် ရပ်နေသည်။

ကေရာဇ်ရဲတိုက်သည် အလွန်ဆိုးဝါးသော အခြေအနေနှင့် ရင်ဆိုင်နေရပြီ မဟုတ်ပါလား။

သုံးယောက်သား အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ အရက်မူးလာသည့် ချန်းလီက....

'ဒီအတိုင်းဆိုရင် ကျုပ်တို့ရဲတိုက်တော့ ပြိုကွဲ ပျက်စီးသွားတော့မယ်ထင်တယ် အစ်ကိုကြီး'

ဟု ပြောလိုက်လေသည်။

ချန်းပေါက်က လှည့်ကြည့်လိုက်လေသည်။

ချန်းလီက....

'ကျုပ်တို့ စုလုထင်းနဲ့ ထိပ်တိုက်ရင်ဆိုင်လို့ မဖြစ်တော့ဘူး၊ သူနဲ့ မဟာမိတ်ဖွဲ့ပြီး လက်တွဲလိုက်ရင် ကောင်းလိမ့်မယ်'

ဟု ပြောသည်။

အကြီးအကျယ် ကြောက်ရွံ့နေပြီဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ချန်းပေါက် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။



'ဒုန်း'

စားပွဲကို လက်သီးဖြင့်ထုချလိုက်ပြီး....

'တိတ်စမ်း'

ဟု အော်ဟေါက်လိုက်လေသည်။

ချန်းလီ ချက်ချင်း ပါးစပ်ပိတ်ထားလိုက်သည်။

ချန်းပေါက်က....

'ရှာပင်နဲ့တာ့ကျင်း မရှိတော့တာနဲ့ သူတို့ကို အရှုံးပေးရမှာလား၊ ကေရာဇ်ရဲတိုက်မှာ လူတော်လူကောင်းတွေ အများကြီး ရှိသေးတယ်၊ သူတို့ကို ချေမှုန်းပစ်ရမယ်'

ဟု ပြောလိုက်၏။

ဟန်လုံက ဘာမှမပြောဘဲ အကဲခတ်ကြည့်နေပါသည်။

ချန်းပေါက်က....

'ခင်ဗျားက ကျုပ်တို့လူတွေကို အဆင်သင့် ပြင်ခိုင်းထားလိုက်ပါ'

ဟု ဟန်လုံကို လှမ်းပြောလိုက်၏။

ဟန်လုံက ...

'ကောင်းပါပြီ'

ချန်းပေါက်က ချန်းလီကိုကြည့်ကာ....

'မင်းပဲ အဆင်သင့်ဖြစ်အောင် သွားပြီး ပြင်ဆင်ထား၊ စမ်း၊ မနက်ဖြန်ဆွေးနွေးပွဲမှာ သူတို့ကို ချေမှုန်းပစ်ရမယ်ကွ'

ဟု ပြောလိုက်၏။

ချန်းလီသည် စိတ်မသက်မသာဖြင့် ထိုင်ရာမှထကာ ထွက်သွားလေသည်။

အခန်းတွင်း၌ နှစ်ယောက်ထဲ ကျန်ရစ်ခဲ့တော့မှ ဟန်လုံက ချန်းပေါက်ကို ဦးညွှတ်လိုက်ပြီး....

'ခရမ်းရွာက 'ယန်ကြည်' ဟာ မြို့ကလာတဲ့ ကုန်သည် တစ်ယောက်နောက်ကို လိုက်သွားတော့မယ်လို့ သတင်းထွက်ပေါ်နေပါတယ်'

ဟု ပြောလိုက်လေသည်။

'ဘာကွ'

ချန်းပေါက်၏အသံမှာ မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဟန်လုံကို မျက်လုံးပြူးကာ ကြည့်လိုက်ပြီး....



'ဒီသတင်းက အမှန်ပဲလား'

ဟု မေးလိုက်သည်။

ဟန်လုံက....

'အမှန်ပါပဲ၊ သခင်လေးက ယန်ကြည်ကို စောင့်ကြည့်ရမယ်လို့ အမိန့်ပေးထားတာကြောင့် စောင့်ကြည့်နေတဲ့ ကျုပ်တို့ လူတစ်ယောက်က သတင်းပို့လိုက်တာပါ'

'တောက်'

ချန်းပေါက် တောက်ခေါက်လိုက်လေသည်။

ယန်ကြည်သည် သည်နယ်တစ်ဝိုက်တွင် အချောဆုံး အလှဆုံး မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

ချန်းပေါက်က သိမ်းပိုက်ရန် ကြံရွယ်ထားခြင်း ခံရသူလည်း ဖြစ်လေသည်။

မိန်းမလိုက်စားသော ချန်းပေါက်သည် ယန်ကြည်ကို လက်လွှတ် မခံနိုင်ပါ။

ထို့ကြောင့်....

'သိကြသေးတာပေါ့၊ ကျုပ် ခုချက်ချင်း ခရမ်းကျေးရွာကို လိုက်သွားမယ်'

ဟု ပြောလိုက်လေတော့သည်။

ချန်းပေါက်သည် ပြောသည့်အတိုင်းပင် သက်တော်စောင့် သုံးယောက်ခေါ်ကာ ခရမ်းရွာသို့ အားချင်းထွက်သွားလေတော့သည်။

ခရမ်းကျေးရွာ....

ခရမ်းကျေးရွာသည် ကေရာဇ်ရဲတိုက်၏ တောင်ဘက်ရှိ ရှစ်မိုင်ခန့်အကွာတွင် တည်ရှိလေသည်။

ယနေ့....

ခရမ်းကျေးရွာသို့သွားသည့် လမ်းပေါ်ဝယ် မြင်းစီးသမား လေးယောက် ဒုန်းစိုင်းနှင်လာသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

'ခွပ်ခွပ်... ခွပ်ခွပ်'

'ဖျောင်းဖျောင်း....ဖျောင်းဖျောင်း'



မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်နေလေသည်။ ချန်းပေါက်သည် ဒေါသတကြီး ဖြစ်နေသည်။

ခရမ်းရွာသို့ရောက်လျှင် ယန်ကြည်ကို အရခေါ်မည်ဟု ဆုံးဖြတ်ထားလေသည်။

သူက ယန်ကြည်အား လက်ထပ် ပေါင်းသင်းတော့မည် မဟုတ်ပါ။

ချန်းပေါက်သည် မိန်းမလိုက်စားသူဖြစ်သော်လည်း မည်သူ့ကိုမှ လက်ထပ်ယူဖို့ စိတ်မကူးချေ။

ချန်းပေါက်သည် သက်တော်စောင့်သုံးယောက်နှင့် အတူ မြင်း ဒုန်းစိုင်းနှင်လာလာပြီး ချောင်းကူးတံတား တစ်ခုသို့ ရောက်ရှိလာကြလေသည်။

ချောင်းရေက တသွင်သွင်စီးဆင်းနေသည်။

တစ်ဖက်ကမ်းသို့ရောက်ဖို့ ချောင်းကူးတံတားလေးကိုသာ အားကိုးရလေသည်။

သို့သော်....

ချန်းပေါက်တို့ ရောက်ရှိလာချိန်တွင် ချောင်းကူးတံတား ကျိုးနေသည်ကိုလည်းကောင်း၊ လူတစ်စုက တံတားပြင်ဆင် နေကြသည်ကိုလည်းကောင်း တွေ့ရလေသည်။

ချန်းပေါက် မကျေမနပ် ဖြစ်သွားလေသည်။

'တောက်....အသုံးမကျလိုက်တဲ့ တံတား'

ဟု ဒေါသတကြီး ရေရွတ်လိုက်လေသည်။

ယခု....

သူသည် ဘာဆိုဘာမှ အလိုမကျတော့ပါ။

တံတားပြင်နေသူများအား လှမ်းကြည့်လိုက်ပြီး....

'ဟေ့... မြန်မြန်ပြင်ကြစမ်း'

ဟု အော်ပြောလိုက်လေသည်။

သူ၏စသားသံကြောင့် တံတားပြင်နေသူများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

တစ်ယောက်က....

'ကြီးကျယ်လိုက်တာ၊ မြန်မြန်ပြီးစေချင်ရင် ပြောနေမယ့်အစား ကိုယ်တိုင်လာပြီး ဝိုင်းကူလုပ်ကြပါလား'

ဟု ပြန်ပြောလာလေသည်။

'ဘာပြောတယ်'

ချန်းပေါက် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်လေသည်။



ချန်းပေါက်၏ စိတ်ကိုသိသော သက်တော်စောင့် သုံးယောက်ကလည်း မြင်းပေါ်မှ ကပျာကယာ ဆင်းလိုက်ကြသည်။

တစ်ယောက်က ...

'သခင်လေး၊ သူတို့ကို သခင်လေးကိုယ်တိုင် ဆုံးမစရာမလိုပါဘူး၊ ကျုပ်တို့ ဆုံးမလိုက်ပါ့မယ်'

ဟု ပြောကာ တားလိုက်၏။

ထိုအခါမှ ချန်းပေါက်က ...

'ကောင်းပြီ၊ မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမပြီး ချောင်းထဲသာ ပစ်ချလိုက်'

ဟု အမိန့်ပေးလိုက်သည်။

'ကောင်းပါပြီ....သခင်လေး'

သက်တော်စောင့် သုံးယောက်သည် တံတားပြင်နေကြသူသူများထံသို့ လှမ်းသွားရန် ဟန်ပြင်လိုက်ကြလေသည်။

သို့သော် ...

'နေဦး'

ချန်းပေါက်က ဟန့်တားလိုက်၏။

အကြောင်းမှာ....

တံဘားပြင်နေသူများအား ရိုက်နှက်ပြီး ချောင်းထဲပစ်ချလိုက်မည်ဆိုပါက တံတားပြင်မည့်သူ ရှိတော့မည် မဟုတ်ပါချေ။

ထိုအခါ ချောင်းဘစ်ဖက်သို့ ဖြတ်သွားနိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့် ချန်းပေါက်က ဟန့်တားလိုက်ခြင်း ဖြစ်လေသည်။

သက်တော်စောင့်သုံးယောက်သည် ချန်းပေါက်အား လှည့်ကြည့်လာကြလေသည်။

ချန်းပေါက်က....

'တံတားပေါ်က အမြန်ဆုံးဖြတ်သွားလို့ရအောင် သူတို့ကို ဝိုင်းကူလုပ်ပေးလိုက်ကြ'

ဟု အမိန့်ပေးလိုက်လေသည်။

သက်တော်စောင့်သုံးယောက် ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

မည်သို့ဆိုစေ ...

ချန်းပေါက်၏ အမိန့်အတိုင်း လိုက်နာကြရမည်သာဖြစ်လေသည်။



ထို့ကြောင့်....

'မြန်မြန်လာ'

သုံးယောက်သား တံတားပြင်နေသူများထံသို့ လှမ်းသွားကြပြီး ဝိုင်းဝန်းကူညီလိုက်ကြလေသည်။

ချန်းပေါက်လည်း အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ သွား၍ထိုင်နေလိုက်၏။

သူက တံတားပြင်နေသူများအား လုံးဝမကြည့်ပါ။

တံတားပြင်ဆင်ပြီးသွားပါက ထိုလူများအား ဆုံးမကာ ချောင်းထဲပစ်ချရလိမ့်မည် မဟုတ်ပါလား။

ချန်းပေါက်သည် ယန်ကြည်အား လက်လွှတ်ရမည်ကို တွေးတောရင်း စိတ်မသက်မသာ ဖြစ်နေသည်။

'ခရမ်းရွာကိုလာပြီး ယန်ကြည်ကို ပိုးပန်းတဲ့ ကုန်သည်ကိုပါ ရှင်းပစ်ရမယ်'

ဟု ဆုံးဖြတ်လိုက်၏။

ချန်းပေါက်သည် ဖခင် ချန်းကုမုနှင့် မတူဘဲ တကယ့်လူဆိုးလူမိုက်တစ်ယောက် ဖြစ်နေပါတော့သည်။

ချန်းပေါက် မည်မျှကြာအောင် တွေးတောနေမိမှန်းမသိ။

'အား'

'အံမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ကြားလိုက်ရတော့မှ သတိဝင်လာလေတော့သည်။

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ချန်းပေါက် ရင်ထိတ်သွားလေသည်။

အော်ဟစ်သံ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

အော်ဟစ်သံများသည် တံတားပြင်နေသော နေရာမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။



တံတားပြင်နေသော နေရာ၌ ရှုတ်ရှုတ်သဲသဲ ဖြစ်နေပါသည်။

'ဟာ'

ချန်းပေါက် လွှတ်ခနဲ အော်လိုက်မိလေသည်။

အကြောင်းမှာ....

တံတားပြင်နေသူများက သူ၏ သက်တော်စောင့် သုံးယောက်အား ဝိုင်းဝန်း တိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်ပါသည်။

သက်တော်စောင့် သုံးယောက်သည် တံတားပြင်ဖို့ စိတ်စောနေကြသဖြင့် သူတို့အား ဝိုင်းရံ တိုက်ခိုက်လိုက်သောအခါ အငိုက်မိသွားကြသဖြင့် မရှုမလှ ခံလိုက်ကြရလေတော့သည်။

တံတားပြင်နေသူများက တူများ၊ လွှများ၊ ဆောက်များဖြင့် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်။

သက်တော်စောင့် သုံးယောက်မှာ ပြန်လည် တိုက်ခိုက်ဖို့ မဆိုထားနှင့် မည်သို့မည်ပုံ ဖြစ်ပျက်သွားသည်ကိုပင် သိလိုက်မည် မဟုတ်ချေ။

သုံးယောက်လုံး သွေးခြင်းခြင်း နီရဲသွားကြပြီး....

'ဝုန်း....ဝုန်း... ဝုန်း'

ချောင်းထဲသို့ တဝုန်းဝုန်း ထိုးကျသွားကြတော့သည်။

‘ဟော့... ဘယ်လိုဖြစ်တာလဲ’

ချန်းပေါက်က အောင်ဟစ်ရင်း ပြေးသွားလိုက်၏။

တံတားအနီးသို့ ရောက်သွားလျှင် တံတားပြင်နေသူများက ဝိုင်းရံထားလိုက်ကြလေတော့သည်။

‘ချွမ်း... ချွမ်း... ချွမ်း’

တံတားပြင်နေသူများသည် လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

ချန်းပေါက်အား ပြေးပေါက်မရှိအောင် ဝိုင်းရံထားလိုက်ကြ၏။

ချန်းပေါက် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

‘ခင်... ခင်ဗျားတို့ ဘယ်သူတွေလဲ’



ဟု ထစ်ထစ် ငေါ့ငေါ့ မေးလိုက်၏။
တံတားပြင်နေသူများ ရယ်မောလိုက်ကြလေသည်။

‘ကျုပ်တို့....မင်းကို ဆုံးမမယ့် လူတွေပေါ့’

‘ဘာ’

‘မင်းလူတွေတော့ ချောင်းရေထဲ မျောသွားပြီ၊ မင်းပဲ ကျန်တော့တယ်’
‘တောက်’

ချန်းပေါက် ဒေါသထွက်သွားလေသည်။
ချက်ချင်းပင် ခါးမှ ဓားကို ဆွဲထုတ်လိုက်သည်။
ထိုစဉ်...

‘ချန်းပေါက် မင်းဘာမှ မတတ်နိုင်တော့ပါဘူး’
အေးတိ အေးစက် စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချန်းပေါက် လှမ်းကြည့်လိုက်သောအခါ လူတစ်ယောက်က သစ်ပင်နောက်ကွယ်မှ လှမ်းထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူကိုမြင်လျှင်....
‘စုလုထင်း’

ချန်းပေါက် လွှတ်ခနဲ ရေရွတ်မိလိုက်သည်။

မှန်ပေသည်။

ထိုလူမှာ စုလုထင်း ဖြစ်လေသည်။

စုလုထင်းက ရယ်မောလိုက်သည်။

'မင်းက ကျုပ်ကို သုတ်သင် ရှင်းလင်းပစ်ဖို့ ဆုံးဖြတ်ထားတယ်လို့ သိရတယ်'

ချန်းပေါက် ခေါင်းညိတ်လိုက်သည်။
'ဟုတ်တယ်၊ ခင်ဗျားကို သတ်ပစ်မယ်'

ဟု ဒေါသတကြီး အော်ပြောလိုက်လေသည်။
စုလုထင်းက....

'ခုချိန်မှတော့ မရတော့ပါဘူးကွာ၊ ဒါပေမယ့် ငါက မင်းတို့ ကေရာဇ်ရဲတိုက်ကို ဖျက်ဆီးမပစ်ဘူးလို့ ကတိပေးပါတယ်'

ဟု ပြောလေသည်။
ချန်းပေါက်က ...

'ကျုပ်က ခင်ဗျားကို ကြောက်နေရမှာလား၊ နေစမ်းပါဦး၊ ဒီလမ်းက လာမယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ် သိတာလဲ'

ဟု မေးလိုက်သည်။



စုလုထင်းက....

'မင်းတို့ ဘာပဲလုပ်လုပ် ကျုပ် အားလုံးသိနေတာပဲလေ၊ မင်းအဖေကကောင် အဆိပ်ခတ်နိုင်အောင် ကျုပ်က စီစဉ်နိုင်ခဲ့တယ်ဆိုတာ မမေ့ပါနဲ့'

'တောက်'

ချန်းပေါက်သည် အခြေအနေအရပ်ရပ်ကို သဘောပေါက်လိုက်ပြီ ဖြစ်သည်။

သို့သော်....

သူ့အတွက် အချိန်နောက်ကျနေပြီ ဖြစ်ပါသည်။

ချန်းပေါက် အံတင်းတင်းကြိတ်ကာ....

'ယား'

ညာသံပေးရင်း စုလုထင်းအား တိုက်ခိုက်လိုက်သည်။

စုလုထင်းကလည်း ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ထိပ်တိုက် ရင်ဆိုင်မိလိုက်ကြသောအခါမှ စုလုထင်းသည် ခေသူမဟုတ်ဘဲ မိမိထက်ပင် သိုင်းပညာသာသူ ဖြစ်ကြောင်း ချန်းပေါက် သိလိုက်ရလေသည်။

စုလုထင်းသည် ချန်းပေါက်၏တိုက်ခိုက်မှုကို အသာအယာ ရှောင်တိမ်းလိုက်လေသည်။

ထို့နောက်....

ချန်းပေါက်၏ ရင်ဝကို ဓားဖြင့် အသာအယာ ထိုးသွင်းလိုက်၏။

ချန်းပေါက်က ရှောင်တိမ်းဖို့ကြိုးစားလိုက်၏။

သို့တိုင်....

စုလုထင်း၏ဓားဦးသည် သူ၏ရင်ဝသို့ တည့်တည့်မတ်မတ် တိုးဝင်လာလေသည်။

ချန်းပေါက်မှာ ရင်ဝသို့ ဓားစိုက်ဝင်သွားသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေသည်။

'အား'

ကြောက်စရာအသံနက်ကြီးဖြင့် အော်ဟစ်လိုက်၏။

စုလုထင်းက ဓားကို ပြန်လည်ဆွဲနှုတ်လိုက်သောအခါ....

'ဝုန်း'

ချန်းပေါက်သည် မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျကာ အသက်ပျောက်သွားလေသည်။



ချန်းပေါက် အသတ်ခံလိုက်ရပြီ။

ထိုအခါ....

ချန်းလီသည် အလိုလိုနေရင်း ကေရာဇ်ရဲတိုက်၏ အရှင်သခင် ဖြစ်လာလေသည်။

ချန်းလီသည် အရက်သမားတစ်ယောက်ဖြစ်သလို မိန်းမပွေသူလည်း ဖြစ်သည်။

သို့သော်....

ချန်းပေါက်ကဲ့သို့ ဒေါသမကြီးဘဲ ကြောက်တတ်သူဖြစ်လေသည်။

ချန်းလီ ရဲတိုက်ရှင်ဖြစ်လာသောအခါ ဟန်လုံက....

'ချန်းပေါက် လုပ်ကြံခံလိုက်ရလို့ ဆွေးနွေးပွဲ ပျက်ပြားသွားပြီ၊ ဒါကြောင့် တိုက်ပွဲတွေပြန်ဖြစ်လာမှာကို စိုးရိမ်ရပါတယ်၊ သူတို့နဲ့ စေ့စပ်ညှိနှိုင်းတာ ကောင်းမယ်ထင်ပါအယ်'

ဟု အကြံပေးလေသည်။

ချန်းလီက သဘောတူလိုက်သည်။

'ကောင်းပြီလေ၊ ဒီကိစ္စကို ဦးလေးဟန်ပဲ တာဝန်ယူပြီး စီစဉ်လိုက်ပါ'

ဟန်လုံက....

သိမ်းငှက်ဂိုဏ်းနဲ့ကျားဝါဂိုဏ်းမှာ စုလုထင်းကိုထောက်ခံထားကြတယ်၊ ကျုပ်တို့ကလဲ စုလုထင်းနဲ့ လက်တွဲလိုက်ရင်ကောင်းမယ်'

ချန်းလီက....

'အို...စုလုထင်းဟာ ကျုပ်အဖေလုပ်ကြံခံရတဲ့ကိစ္စမှာအဓိကတရားခံ ဖြစ်နေတယ်ဗျ'

ဟု ကန့်ကွက်လိုက်၏။

ချန်းပေါက်မှာလည်း စုလုထင်း၏လက်ချက်မိသွားကြောင်း မသိသေးချေ။

ဟန်လုံက....

'ပြီးခဲ့တဲ့ကိစ္စတွေကို မေ့ထားလိုက်တာ ကောင်းပါလိမ့်မယ်၊ စုလုထင်းနဲ့ လက်တွဲလိုက်ခြင်းအားဖြင့် ကေရာဇ်ရဲတိုက်ဟာ ရေရှည် တည်တံ့ခိုင်မြဲလိမ့်မယ်၊ စီးပွားရေး လုပ်ငန်းတွေက အကျိုးအမြတ်တွေ ရလာလိမ့်မယ်၊ စုလုထင်းကို လက်မခံဘူးဆိုရင်တော့ ကေရာဇ်ရဲတိုက် ပျက်စီးခြင်းနဲ့ ကြုံရဖို့ပဲရှိပါတယ်'

ဟု ရှင်းပြလေသည်။

ချန်းလီ မတတ်သာတော့ပါ။

အခြေအနေအရ ဟန်လုံပြောသည့်အတိုင်း ဖြစ်ပေါ်နေသည် မဟုတ်ပါလား။



ထို့ကြောင့်....

'ကောင်းပါပြီ၊ ဦးလေးဟန်ပဲ ကောင်းမယ်ထင်သလို ကြည့်ပြီး စီစဉ်လိုက်ပါတော့'

ဟု သဘောတူလိုက်လေတော့သည်။

နေရာအနှံ့တွင် ပြင်းထန်စွာ ဖြစ်ပွားခဲ့သော တိုက်ပွဲများ အဆုံးသတ်သွားသည်။

ကေရာဇ်ရဲတိုက်သည် သိန်းငှက်ဂိုဏ်း, ကျားဝါဂိုဏ်းတို့နှင့် မိတ်ဖွဲ့လိုက်သည်။

စုလုထင်း၏ 'နတ်သမီးဆေး' ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

အခြေအနေအရပ် ရပ်အေးချမ်းသာယာသွားသလို ရက်ပိုင်းလပိုင်းအတွင်း သိသိသာသာကြီး အကျိုးဖြစ်ထွန်းလာလေသည်။

သို့သော်....

ချန်းကုမုလက်ထက်ကတည်းက သစ္စာရှိစွာ အမှုထမ်းလာခဲ့ကြသူများသည် စုလုထင်းနှင့်မိတ်ဖွဲ့လိုက်သည်ကိုလည်းကောင်း၊ နတ်သမီးဆေး ရောင်းဝယ်ဖောက်ကားခြင်းကို သော်လည်းကောင်း မနှစ်မြို့ကြချေ။

ထို့ကြောင့်....

ကေရာဇ်ဂိုဏ်းကို တစ်စထက်တစ်စစွန့်ခွာသွားကြလေသည်။

ကေရာဇ်ဂိုဏ်း အင်အားချည့်နဲ့လာသောအခါ ဟန်လုံကမင် သိုင်းလောကမှ ကြေးစား သိုင်းသမားများကို အခကြေးငွေပေးကာ ငှားရမ်းခေါ်ယူလေသည်။

သို့ဖြင့်....

ကေရာဇ်ဂိုဏ်းသည် ယခင်ကလို မျိုးနွယ်စုများဖြင့် ဖွဲ့စည်းထားသော ဂိုဏ်းတစ်ခု မဟုတ်တော့ဘဲ လူပေါင်းစုံ အကျင့်စရိုက် ပေါင်းစုံ စုဝေးရာဂိုဏ်း ဖြစ်လာသည်။

ထို့ပြင်....

အနက်ရောင်ဂိုဏ်းတစ်ခုအဖြစ် ပို၍ ထင်ရှားပေါ်လွင်လာလေတော့သည်။

ညွှ်သည်

ချန်းလေးသည် ဝတ်ကောင်းစားလှဝတ်ဆင်ပြီးပြီဖြစ်သည်။

အဆုပ်အပိုးများလည်း အသင့်ပြင်ထားပြီးပြီ ဖြစ်သည်။

သူက ကေရာဇ်ရဲတိုက်ကို စွန့်ခွာပြီး ရွှေမြို့တော်သို့ ပြန်တော့မည် ဖြစ်သည်။

သူ၏ဘဝကို ရွှေမြို့တော်၌ တစ်သက်လုံး မြှုပ်နှံသွားရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

ချန်းလေးက မြင်းလှည်းပြင်ဆင်နေသည်ကို စောင့်ဆိုင်းနေခြင်း ဖြစ်လေသည်။

ထိုစဉ်....

'ညီလေး'

ခေါ်သံတစ်ချက် ထွက်ပေါ်လာသည်ကိုကြားလိုက်ရသဖြင့် ချန်းလေး လှည့်ကြည့်လိုက်၏။

ထိုအခါ....

ချန်းလီ လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ချန်းလီသည် အရိုးပေါ်အရေတင် ပိန်ချုံးကာ မျက်တွင်းဟောက်ပက် ဖြစ်နေသည်။

သုံးလေးလအတွင်း ပြောင်းလဲသွားခြင်း ဖြစ်လေသည်။ အဘယ်ကြောင့် ထိုသို့ ပြောင်းလဲသွားသည်ကို ချန်းလေး စဉ်းစား၍ မရချေ။

ချန်းလီကဲ့သို့ပင် ကေရာဇ်ရဲတိုက်ပိုင်နက် နယ်မြေအတွင်းရှိ လူအတော်များများသည်လည်း လူမမာများကဲ့သို့ ဖြစ်ကုန်ကြသည်ကို တွေ့မြင်နေကြရ၏။

အေးချမ်းသောအရပ်ဒေသတွင် ဒုစရိုက်မှုများလည်း ပေါ်များလာလေသည်။

ချန်းလေး တွေးတောနေစဉ်မှာပင် ချန်းလီသည် အနီးသို့ရောက်လာပြီးလျှင်....

'ညီလေး....မင်းတစ်ကယ်သွားတော့မလို့လား'



ဟု မေးလာလေသည်။

ချန်းလေး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်အစ်ကို၊ ကျွန်တော်သွားတော့မယ်'

'ငါ့ညီ...မင်း မသွားလို့ မဖြစ်ဘူးလားကွာ'

ချန်းလီက ဟန့်တားလာသည်။

ချန်းလေး စိတ်ပျက်သွားလေသည်။

လွန်ခဲ့သည့်နှစ်လခန့်ကပင် ချန်းလေးသည် ရွှေမြို့တော်ကြီးသို့ပြန်ရန် ဆုံးဖြတ်ခဲ့သည်။

သို့သော်....

ချန်းလီက ဟန့်တားခဲ့သဖြင့် မပြန်ဖြစ်ဘဲ အချိန်ကြာနေခြင်း ဖြစ်လေသည်။

ယခုတော့ မည်သည့်နည်းနှင့်မဆို ပြန်သွားတော့မည်ဟု ဆုံးဖြတ်ထားလေသည်။

ချန်းလီက....

'ညီလေး.... လောကပေါ်မှာ သံယောဇဉ်တွယ်စရာဆိုလို့ ကိုညီအစ်ကိုနှစ်ယောက်ပဲရှိတော့တယ်၊ မခွဲဘဲ အတူတူနေသွားလို့ မဖြစ်ဘူးလားကွာ'

ဟု မေးလေသည်။

ထိုစကားကြောင့် ချန်းလေး စိတ်မကောင်းဖြစ်သွားလေသည်။

ချန်းလီက....

'ဒီမှာ ဘာမှ လိုလေသေးမရှိပါဘူးကွာ၊ ငါ့ညီ မသွားပါနဲ့လား'

ချန်းလေးက....

'အစ်ကို... ကျွန်တော့်ရဲ့ဝါသနာနဲ့ ကေရာင်ရဲတိုက်ဟာ ဘယ်လိုမှ မပတ်သက်သလို ဖြစ်နေပါတယ်၊ ဒါကြောင့် ကျွန်တော် ဒီမှာနေရမယ်ဆိုရင် အကျဉ်းကျခံနေရသလိုပဲ ဖြစ်ပါလိမ့်မယ်'

ဟု ပြောလိုက်၏။

ချန်းလီ မျက်နှာပျက်သွားလေသည်။

'ငါ့ညီဟာ ကေရာင်ရဲတိုက်ရဲ့ လုပ်ရပ်တွေကို သဘောမကျဘူးဆိုတာ ကျုပ် သိပါတယ်၊ ရှင်းရှင်းပြောရရင် ကျုပ် ကိုယ်တိုင်လဲ သဘောမကျဘူး၊ ဖြစ်နိုင်ရင် ရဲတိုက်ကို ဖျက်ဆီးပစ်လိုက်ချင်တယ်'

'ဟင်'

ချန်းလေး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ချန်းလီက....



'ငါတို့ဟာ သူတစ်ပါးရဲ့ အကြပ်ကိုင်ခံရသလို ဖြစ်နေပြီကွ၊ ဖေဖေနဲ့ချန်းပေါက်အတွက် ဘာမှ ပြန်မလုပ်ပေးနိုင်ဘူး'

ပြောရင်း သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

ချန်းလေးက....

'ဘာကြောင့် သူများအကြပ်ကိုင်ခံရသလို ဖြစ်နေတာလဲ၊ ပြောပြပါဦး အစ်ကို'

ဟု မေးလိုက်လေသည်။

ချန်းလီက....

'ငါ.... ငါတို့ဟာ'

သူသည် တစ်စုံတစ်ခုကို ကြောက်ရွံ့လာဟန်ဖြင့် ဆက်မပြောနိုင်အောင် ဖြစ်သွားရလေသည်။

ထိုစဉ်....

'သခင်လေး... မြင်းလှည်း ရောက်လာပါပြီ'

စကားသံနှင့်အတူ ဟန်လုံ ဝင်ရောက်လာလေသည်။

ဟန်လုံက ချမ်းလီကိုမြင်လျှင်....

'ဩော်... သခင်လေးက ဒီမှာရောက်နေတာကိုး၊ ကျုပ်တို့တိုင်ပင် ဆွေးနွေးစရာတွေ ရှိသေးတယ်၊ ညှော်ခန်းထဲမှာသွားစောင့်နေပါလား'

ဟု လှမ်းပြောလိုက်၏။

ချန်းလီက...

'ကောင်းပါပြီ...ဦးလေးဟန်'

ဟုပြောကာ ချက်ချင်း ထွက်သွားလေသည်။

ချန်းလေးစိတ်ထဲ ဖော်မပြနိုင်သော ခံစားချက်တစ်ခု ခံစားလိုက်ရလေသည်။

အမှန်ဆိုလျှင်....

ဟန်လုံသည် ချန်းလီ၏အမိန့်ကို နာခံရမည့်သူ ဖြစ်သည်။

ယခုတော့....

ချန်းလီသည် ဟန်လုံ၏စကားကို မပယ်ရှားနိုင်သည်ကို တွေ့ရလေသည်။

မည်သို့ဆိုစေ...

ရွှေမြို့တော်သို့ ပြန်ရတော့မည်မို့ ရှည်ရှည်ဝေးဝေးမစဉ်းစားတော့ဘဲ အထုပ်ဆွဲကာ ထွက်လာခဲ့လေတော့သည်။



ဟန်လုံပြောသကဲ့သို့ မြင်းလှည်း အသင့်ဖြင့်ထားပြီး ဖြစ်ပါသည်။

ချန်းလေးက အထုပ်အပိုးများတင်ကာ မြင်းလှည်းပေါ်တက်လိုက်ပြီးသည်နှင့်...

'ဟေး...ဟေး'

မြင်းလှည်းသမားသည် မြင်းများကိုအော်ငေါက်ကာ စတင်မောင်းနှင်လိုက်လေတော့သည်။

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေလေသည်။

ချန်းလေး စီးနင်းလိုက်ပါလာသော မြင်းလှည်းသည် တောလမ်းအတိုင်း ခရီးနှင်လာခဲ့လေသည်။

ချန်းလေးသည် ဒုစရိုက်မှုများ ပြည့်နှက်နေသော ကေရာဇ်ရဲတိုက်နှင့် မပတ်သက်လိုပေ။

ထို့ကြောင့်….

ကေရာဇ်ရဲတိုက်မှ မြင်းလှည်းကို အသုံးမပြုဘဲ သာမန် မြင်းလှည်းတစ်စီးကို အသုံးပြုကာ ခရီးနှင်လာခဲ့ခြင်း ဖြစ်လေသည်။

ကေရာဇ်ရဲတိုက်သည် အဝေးတွင် ကျန်ရစ်ခဲ့ပြီ ဖြစ်လေသည်။

ချန်းလေးသည် စိတ်ထဲ လွတ်လပ်ပေါ့ပါးလာသည်ဟု ခံစားလာရသည်။

မကြာမီ….

ရွှေမြို့တော်ကြီး ပြန်လည် ရောက်ရှိသွားလိမ့်မည် ဖြစ်လေသည်။

ချစ်သူ ဝမ်းဝမ်းလျံနှင့် ပြန်လည် တွေ့ဆုံရတော့မည် ဖြစ်လေသည်။

ရွှေလျောက် သူ၏ဘဝခရီးသည် ပျော်ရွှင်စရာများ မဟုတ်ပါလား။

ချန်းလေးသည် အတွေးဖြင့် ပျော်မဆုံး ဖြစ်နေစဉ်မှာပင်….

'ဟေး….ဟေး'

အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

မြင်းလှည်းသမားသည် မြင်းများကို အော်ဟစ်ကာ မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။



မြင်းလှည်း ရပ်တန့်သွားခြင်းကြောင့် ချန်းလေး အံ့ဩသွားလေသည်။

'ဘာဖြစ်လို့လဲဗျ'

ဟု လှမ်းမေးလိုက်၏။

မြင်းလှည်းသမားက….

'လူတစ်စုက လမ်းပိတ်ထားကြလို့ပါ'

ဟု ပြောလာ၏။

'ဟင်'

'လမ်းခါးပြတွေ ထင်ပါတယ် သခင်လေး'

'ဒုက္ခပါလား'

ချန်းလေး ညည်းတွားလိုက်မိလေသည်။

ကေရာဇ်ရဲတိုက်သို့ ပြန်လာခဲ့စဉ်ကလည်း ဒုက္ခနှင့်ကြုံတွေ့ခဲ့ရပါသည်။

ယခု….

ရွှေမြို့တော်သို့ အပြန်ခရီး၌လည်း အန္တရာယ်နှင့်ကြုံတွေ့နေရပြန်သည် မဟုတ်ပါလား။

'ဟေ့…မြင်းလှည်းပေါ်က ဆင်းစမ်း'

'ပစ္စည်းတွေ အကုန်ထုတ်'

အော်ဟစ် မာန်မဲသံများ ထွက်ပေါ်လာလေသည်။

ချန်းလေးသည် မြင်းလှည်းတံခါးဖွင့်ကာ ကပျာကယာ ဆင်းလိုက်လေသည်။

ထိုအခါ....

လက်နက်ကိုယ်စီ ကိုင်ဆောင်ထားသူတစ်စုက မြင်းလှည်းအား ဝိုင်းရံထားလိုက်သည်ကို တွေ့လိုက်ရလေသည်။

မြင်းလှည်းသမားက ...

'ခင်ဗျားတို့ သေသွားချင်သလား၊ ကျုပ်တို့ကို ဘာများ မှတ်နေသလဲ'

ဟု ငေါက်လိုက်၏။

ကေရာဇ်ရဲတိုက်၏ အရှိန်အဝါကြောင့် လူဆိုးဓားပြများ ကြောက်ရွံ့သွားမည်ဟု ယူဆထားလေသည်။

သို့သော်....

အံမယ်...မင်းက ဘာကောင်မို့လဲ၊ သေချင်ပြီ ထင်တယ်၊ သွားစမ်း'

လူဆိုးတစ်ယောက်က ဓားဝှေ့ယမ်းကာ ခုတ်ချလိုက်လေသည်။

မြင်းလှည်းသမား မရှောင်နိုင်ပါ။

'အံမယ်လေးဗျ'

စူးရှစွာအော်ဟစ်ကာ မြေပေါ် ပုံလျက်သား လဲကျသွားလေတော့သည်။

'ဟာ'



ချန်းလေး ထိတ်လန့်သွား၏။

လူဆိုးဓားပြများသည် ရက်စက်ကြမ်းကြုတ်လှသည် မဟုတ်ပါလား။

သူ့ကိုလည်း သတ်ပစ်ကြတော့မည် ထင်မှတ်ကာ ကြောက်ရွံ့သွားလေတော့သည်။

ထိုစဉ်....

'ဟော့ကောင်... မြေပေါ် ဒူးထောက်လိုက်စမ်း'

ဟု လူဆိုးတစ်ယောက်က အော်ငေါက်လာလေသည်။

ချန်းလေး မျက်နှာပျက်သွားသည်။

သူက လူဆိုးဓားပြများအား ကြောက်ရွံ့ ထိတ်လန့်နေပါသော်လည်း ဒူးထောက်ဖို့ ဝန်လေးနေသည်။

ဒူးမထောက်ဘဲ နေလိုက်၏။

လူဆိုးတစ်ယောက်က ...

'ဒီကောင် သေချင်နေပြီ ထင်တယ်'

ဟု ငေါက်ကာ ဓားဖြင့်ခုတ်ချရန် ဟန်ပြင်လိုက်လေသည်။

ချန်းလေး အံကြိတ်လိုက်သည်။

'ကျုပ်ကို စော်ကားမယ်ဆိုရင် ကေရာဇ်ရဲတိုက်အကြောင်း သိရလိမ့်မယ်'

ဟု ပြောလိုက်၏။

သူသည် ကေရာဇ်ရဲတိုက်မှ သခင်လေး တစ်ယောက်မှန်း သိလျှင် စော်ကားဝံ့တော့မည် မဟုတ်ဟု ယုံကြည်ထားလေသည်။

သို့သော်....

'ကေရာဇ်ရဲတိုက်အကြောင်း သိရမယ် ဟုတ်လား'

'တို့ကို ကေရာဇ်ရဲတိုက် နာမည်သုံးပြီး ခြိမ်းခြောက်နေပါလားဟေ့'

'ဟား....ဟား....ဟား'

'ဟား_ဟား....ဟား'

လူဆိုးများ လှောင်ပြောင် ရယ်မောလိုက်လေည်။

ချန်းလေး ရင်ထိတ်သွား၏။

လူဆိုးများသည် အဘယ်ကြောင့် ကေရာဇ်ရဲတိုက်ကို မကြောက်မရွံ့ မဖြစ်နေကြပါသနည်း။

လူဆိုးတစ်ယောက်သည် ရှေ့တိုးလာပြီး ချန်းလေးကို လှောင်ပြုံးပြုံးပြကာ....

'ကေရာဇ်ရဲတိုက် ဟုတ်လား'

ဟု မေးလေသည်။

ချန်းလေး ဘာမှမပြောဘဲနေလိုက်သည်။



လူဆိုးက....

'မင်း သေသေချာချာမှတ်ထား၊ ငါတို့ဟာ ကေရာဇ်ရဲတိုက်ကလူတွေပဲကွ'

ဟု ပြောလေသည်။

'ဗျာ'

ချန်းလေး အံ့သြသွားလေသည်။

ထိုလူကို မယုံကြည်နိုင်စွာကြည့်ရင်း....

'ခင်ဗျားတို့ဟာ ကေရာဇ်ရဲတိုက်ကလူတွေ ဟုတ်လား'

ဟု မေးလိုက်သည်။

ထိုလူက....

'ဟုတ်တယ်၊ ငါတို့ဟာ ကေရာဇ်ရဲတိုက်ကပဲကွ'

ဟု ပြေလေသည်။

ချန်းလေး မယုံနိုင်အောင် ဖြစ်သွားလေသည်။

ကေရာဇ်ရဲတိုက်မှဟု ကိုယ့်ကိုယ်ကို ပြောနေကြသူများသည် လူဆိုး ဓားပြများ ဖြစ်နေကြသည် မဟုတ်ပါလား။

ချန်းလေးက....

'ကေရာဇ်ရဲတိုက်က လူဆိုရင် ကျုပ်ကို မသိကြဘူးလားဗျ'

ဟု မေးလိုက်လေသည်။

ထိုလူက....

'နေပါဦး၊ မင်းက ဘယ်သူမို့လဲ'

ချန်းလေး ရင်ကော့လိုက်ပြီး....

'ကျုပ်ဟာ ရဲတိုက်ရှင်ကြီး ချန်းကုမ့်ရဲ့ သားအငယ်ဆုံး ချန်းလေးပါပဲ'

ဟု ပြောလေသည်။

'ဟင်'

ထိုလူ အံ့ဩသွား၏။

ကပျာကယာ နောက်ဆုတ်သွားလေသည်။

ကျန်လူဆိုးများ၏ ရယ်မောသံများလည်း တိတ်ဆိတ် ပျောက်ကွယ်သွားလေသည်။

အားလုံးက ချန်းလေးကို စိတ်ဝင်စားသလို ကြည့်လာကြ သည်။

ချန်းလေးက....

'ကေရာဇ်ရဲတိုက်က လူတွေဟာ ဘယ်တော့မှ ဓားပြမတိုက် ကြဘူးဗျ'

ဟု ပြောလိုက်သည်။

လူ မျှား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေ သည်။

တစ်ယောက်က....

'ရဲတိုက်ပိုင်ရှင်မှာ ချန်းလေးဆိုတဲ့ ညီတစ်ယောက်ရှိတာ အမှန်ပဲကွ'

'သူဟာ ဘယ်သူနဲ့မှ အရောမဝင်ဘူးလို့ ပြောတယ်'

'ရွှေမြို့တော်ကြီးမှာ စာပေပညာ သင်ကြားနေတယ်လို့လဲ ပြောကြတယ်'



'ဘာပဲဖြစ်ဖြစ် သူ့ကို လွှတ်လိုက်ရင် ငါတို့အကြောင်း ပေါ် ပေါက်သွားလိမ့်မယ်၊ ဒီတော့ တစ်ခါတည်း ရှင်းပစ်လိုက်ကြ တာပေါ့'

'အေးကွာ၊ မထူးဘူး ရှင်းပစ်လိုက်ကြတာပေါ့'

လူဆိုးများသည် တွေဝေနေရာမှ သတိဝင်လာကြသည်။

ချန်းလေး မည်သူမည်ဝါ ဖြစ်ကြောင်း သိလိုက်ရသော် လည်း သူတို့အကြောင်း ပေါ်ပေါက်သွားမည်ကို စိုးရိမ်ကာ သုတ်သင်ပစ်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

ချက်ချင်းပင် လူဆိုးနှစ်ယောက်သည် ဓားကိုင်ကာ ရှေ့တိုး လာကြလေသည်။

ချန်းလေး ထိတ်လန့်သွားသည်။

'ခင်ဗျားတို့ မတရားမလုပ်နဲ့'

ဟု ပြောလိုက်လေသည်။

လူဆိုးတစ်ယောက်က....

'ခုမှတော့ မင်းကို ချမ်းသာမပေးနိုင်တော့ဘူးကွ၊ သေဖို့သာ ပြင်ထား'

ပြောပြောဆိုဆို ချန်းလေးအား ဓားဖြင့်ခုတ်ချရန် ဟန် ပြင်လိုက်လေသည်။

ထိုစဉ်...

'ရပ်လိုက်စမ်း'

အော်ငေါက် ဟန့်တားသံ ထွက်ပေါ်လာသည်ကို ကြား လိုက်ရလေသည်။

လူဆိုးများ ချက်ချင်း လှည့်ကြည့်လိုက်ကြ၏။

ထိုအခါ...

သူတို့ထံသို့ ဦးတည်လှမ်းလာနေသူ တစ်ယောက်အား တွေ့ လိုက်ရလေတော့သည်။

❦

လူတစ်ယောက် လှမ်းလာနေသည်။

ထိုလူအား တွေ့မြင်လိုက်ရလျှင် ချန်းလေး ဖော်မပြနိုင် အောင် ဝမ်းသာသွားလေတော့သည်။

'ရီဖေး'

ဟု အော်ခေါ်လိုက်မိလေသည်။

လှမ်းလာနေသူမှာ ရီဖေး ဖြစ်ပါသည်။



ရီဖေးသည် ချန်းလေးကိုမြင်လျှင် အံ့ဩသွားလေသည်။

'ဟင်....ချန်းလေး'

ချန်းလေး ဝမ်းသာအားရဖြင့်...

'ခင်ဗျား ရောက်လာတာနဲ့ အတော်ပဲ၊ သူတို့က ကျုပ်ကို ဒုက္ခပေးနေကြတယ်ဗျ'

ဟု အားကိုးတကြီး ပြောလိုက်၏။

ရီဖေးက....

'သူတို့ဟာ ခင်ဗျားတို့ ကေရာဇ်ရဲတိုက်ကလူတွေ မဟုတ် လားဗျ'

ချန်းလေး မျက်နှာရှုံ့မဲ့သွားလေသည်။

'ကျုပ်တို့ ကေရာဇ်ရဲတိုက်တော့ နာမည်ပျက်ပါပြီဗျာ' ဟု ညည်းတွားလိုက်လေသည်။

ရီဖေးက....

'နာမည်မပျက်ချင်ရင် လွယ်ပါတယ်ဗျာ၊ မကောင်းတဲ့ လူတွေကို ဖယ်ရှားပစ်လိုက်ပေါ့'

ဟု ပြောလိုက်သည်။

ချန်းလေးက....

'ကျုပ်က လူဆိုးဓားပြတွေနဲ့ယှဉ်ပြိုင်ပြီး ဘာမှ လုပ်နိုင်မယ် မထင်ပါဘူးဗျာ'

ဟု ညည်းတွားလိုက်ပြန်လေသည်။

ရီဖေးက...

'ခင်ဗျားမတတ်နိုင်ဘူးဆိုရင် တတ်နိုင်တဲ့လူကို အကူအညီတောင်းရမှာပေါ့'

ချန်းလေးက...

'ခုလောလောဆယ် ကျုပ်ကိုကူညီပါဦးဗျာ'

ဟု ပြောလိုက်လေသည်။

'ဟား....ဟား....ဟား'

ရီဖေးက ဟားတိုက်ရယ်မောလိုက်လေသည်။

လူဆိုးများ မကျေမနပ်ဖြစ်သွားကြသည်။

'သူတို့ကို လွှတ်ပေးလိုက်လို့ မဖြစ်ဘူး'

'ရှင်းပစ်လိုက်ကြတာပေါ့ကွာ'

'ဟုတ်တယ်၊ ရှင်းပစ်ကြ'

ချက်ချင်းပင် လက်နက်ကိုယ်စီဆွဲကိုင်ကာ ပြေးဝင်လာကြလေတော့သည်။

ချန်းလေး ရင်တုန်သွား၏။

'ဒုက္ခပဲ'



ဟု ညည်းတွားကာ နောက်သို့ ကပျာကယာ နောက်ဆုတ်လိုက်လေသည်။

ရီဖေးက....

'ဘာမှမပူပါနဲ့ဗျာ၊ သူတို့ကို ကျုပ်တာဝန်ယူပါ့မယ်'

ဟု ပြောကာ လူဆိုးများနှင့် ရင်ဆိုင်လိုက်လေတော့သည်။

'ယား....'

'သေပေတော့'

လူဆိုးများသည် ညာသံပေးကာ ရီဖေးထံ ပြေးဝင် တိုက်ခိုက်ကြလေသည်။

သူ၏လှုပ်ရှားမှုမှာ လျှပ်ပြက်သလို လျင်မြန်လွန်းလှပေသည်။

ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့်....

'ဝုန်း'

'အား....'

'အံမယ်လေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

လက်နက်ကိုင်လူဆိုးများမှာ တစ်ခဏအတွင်းမှာပင် ဖရိုဖရဲ ဖြစ်သွားကြလေသည်။

ရီဖေးအား မယှဉ်နိုင်မှန်းလည်း သဘောပေါက်သွားကြလေသည်။

ထို့ကြောင့်....

'ဆုတ်ကြ'

တစ်ယောက်က အော်ပြောလိုက်ပြီး ကပျာကယာ နောက်ဆုတ်သွားကြ၏။

ထို့နောက်....

တောအုပ်ထဲသို့ ဒရောသောပါး ပြေးဝင် ကွယ်ပျောက်သွားကြလေတော့သည်။

❦



လူဆိုးခေါင်းပြမျှား ထွတ်ပြေးသွားကြပြီဖြစ်လေသည်။

ယခုမှ ချန်းလေး သက်ပြင်းချနိုင်လေသည်။

'တော်ပါသေးရဲ့ဗျာ ခင်ဗျားသာရောက်မလာရင် မတွေးဝံ့စရာပဲဗျာ'

ဟု ရီဖေးအား ပြောလိုက်၏။

ရီဖေးက....

'ကျုပ်က ခင်ဗျားဆီကိုလာခဲ့တာ၊ အခုတော့ စိတ်ပျက်သွားပါပြီဗျာ'

ဟု ပြောလေသည်။

ချန်းလေး မျက်မှောင်ကြုတ်သွား၏။

'ဘာ....ဘယ်လိုဗျ'

ရီဖေးက....

'ကျုပ်တို့နှစ်ယောက် လမ်းခွဲခဲ့ကြပြီး စီကျူးမြို့ကိုသွားခဲ့တယ်လေဗျာ'

ချန်းလေး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ၊ ခင်ဗျားတွေ့ချင်တဲ့လူကို ရှာလို့ တွေ့ရဲ့လားဗျ'

'တွေ့တယ်၊ ဒါပေမယ့် ကျုပ် ရောက်သွားတဲ့ အချိန်မှာ အဲဒီလူဟာ သေလုမျောပါး လူမမာတစ်ယောက် ဖြစ်နေပြီ'

'ဩော်'

'ကျုပ်က သူ့ဆီမှာ သောင်တင်နေခဲ့တာပေါ့ဗျာ၊ သူကွယ်လွန်သွားတော့မှ ထွက်လာခဲ့တာ၊ ခင်ဗျားမှာလိုက်တာကို သတိရလို့ ခင်ဗျားဆီကို လာခဲ့တာဗျ'

ချန်းလေး ဝမ်းသာသွားလေသည်။

ရီဖေးသည် သူ့အား အမှတ်တရ ရှိနေသေးသည် မဟုတ်ပါလား။

ရီဖေးက....

'ခင်ဗျားတို့ ကေရာဇ်ရဲတိုက်မှာ အလုပ်လေး ဘာလေးများ ရမလားလို့ပေါ့ဗျာ'

ချန်းလေးက....

'ကျုပ်အစ်ကို ချန်းလီကို ပြောပြလိုက်ရင် ခင်ဗျားအတွက် အလုပ်တစ်နေရာရဖို့ မခဲယဉ်းတော့ပါဘူးဗျာ'

ရီဖေး ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် မလုပ်ချင်တော့ပါဘူးဗျာ၊ ကေရာဇ်ရဲတိုက်ကလူတွေဟာ ကိုယ့်သခင်တောင် ပြန်ပြီး ဒုက္ခပေးတဲ့ လူစားမျိုးတွေ ဖြစ်နေကြတယ် မဟုတ်လားဗျ'

ထိုစကားကြားလျှင် ချန်းလေး ခေါင်းငိုက်စိုက် ကျသွားလေသည်။



ကေရာဇ်ရဲတိုက်မှ လူများသည် ကိုယ့်သဘောနှင့်ကိုယ် ထင်ရာစိုင်းနေကြသည် မဟုတ်ပါလား။

သူသည် ကေရာဇ်ရဲတိုက်၏ ကိစ္စအဝဝကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပါ။

ယခုတော့ လျစ်လျူရှုထား၍ မရတော့မှန်း သဘောပေါက်ထားလေသည်။

ရီဖေးက....

'ကေရာဇ်ရဲတိုက်ဟာ လူဆိုးဓားပြတွေနဲ့ ဖွဲ့စည်းထားတယ်လို့ သတင်းကြားခဲ့ရတယ်၊ ခု လက်တွေ့ဆိုတော့ ဝေဖန်ပြောဆိုနေကြတာကို လက်ခံယုံကြည်ရတော့မလို ဖြစ်နေပြီဗျ'

ဟုပြောလေသည်။

ချန်းလေး မျက်နှာပျက်သွားလေသည်။

'ကေရာဇ်ရဲတိုက်ဟာ လူဆိုးဂိုဏ်းကြီးတစ်ခု မဟုတ်ပါဘူးဗျာ၊ ကျုပ်အဖေလက်ထက်ကဆိုရင် အင်မတန် နာမည်ကောင်း ရခဲ့တာပါဗျာ၊ မယုံရင် လိုက်မေးကြည့်လို့ ရပါတယ်'

ဟု ပြောလိုက်သည်။

ရီဖေးက....

'ဘာဖြစ်ဖြစ်လေ၊ ကျုပ်က ကေရာဇ်ရဲတိုက်မှာ အလုပ်လုပ်ဖို့ စိတ်မပါတော့ပါဘူး'

ချန်းလေး သက်ပြင်းချလိုက်သည်။

'ဒီလိုဆိုရင် ကျုပ်နဲ့လိုက်ခဲ့မလား'

ရီဖေးက...

'ခင်ဗျား ဘယ်ကိုသွားမလို့လဲ'

ချန်းလေးက...

'စမ်းရေထွက်ကျေးရွာကိုသွားမယ်'

ရီဖေးက သူ့အား အကဲခတ်ကြည့်လိုက်ပြီး ...

'ခင်ဗျား ဘာသွားလုပ်မှာလဲ'

'ကိစ္စရှိလို့ပါ'

'ကေရာဇ်ရဲတိုက် ကိစ္စနဲ့ ပတ်သက်နေတယ် မဟုတ်လား'

'ဟုတ်တယ်'

ရီဖေးသည် အနည်းငယ် စဉ်းစားလိုက်ပြီး ...

'ကောင်းပြီ ကျုပ်လိုက်ခဲ့ပါမယ်'

ဟု သဘောတူလိုက်လေသည်။

ချန်းလေး ဝမ်းသာသွားလေသည်။

'ကဲ... ကျုပ်တို့ သွားကြပါစို့'

သူတို့သည် မြင်းလှည်းဖြင့်ပင် ရှေ့ဆက်ထွက်လာခဲ့ကြလေသည်။



ချန်းလေးထံသို့ ရီဖေးက ညှို့သည်အဖြစ် ရောက်ရှိလာသည်။

သို့သော်....

ချန်းလေးက ညှို့ဝတ်ကျေအောင် ညှို့မခံနိုင်သည့်အပြင် အကူအညီ တောင်းနေရသဖြင့် စိတ်မကောင်း ဖြစ်နေရလေသည်။

❦

စမ်းရေထွက် ကျေးရွာ....

စမ်းရေထွက် ကျေးရွာသည် မှိုင်းညို့ညို့ တောင်ကြီးတစ်လုံး၏ ခြေရင်းမှ စမ်းချောင်းလေးတစ်ခု ရစ်ခွေစီးဆင်းနေသော သာယာလှပသည့် ရွာလေး ဖြစ်လေသည်။

'ခွပ်ခွပ်.... ခွပ်ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေ၏။

မြင်းလှည်းတစ်စီးသည် စမ်းရေထွက်ကျေးရွာဆီသို့ ဦးတည်ခရီးနှင်နေလေသည်။

မြင်းလှည်းပေါ်၌ ရှီဖေးနှင့် ချန်းလေးတို့ လိုက်ပါလာကြလေသည်။

မြင်းလှည်းသမားမှာ လူဆိုးများ၏ လက်ချက်ကြောင့် သေဆုံးသွားပြီဖြစ်ရာ ရီဖေးက မြင်းလှည်းမောင်းသည့် တာဝန် ယူရလေသည်။

စမ်းရေထွက် ကျေးရွာလေးအား လှမ်း၍ တွေ့မြင်ရသည်နှင့် ...

'ကျုပ်တို့ တောင်ခြေကို သွားကြမယ်'

ချန်းလေးက တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလိုက်၏။

ရီဖေးကလည်း ချန်းလေး ညွှန်ပြရာသို့ ဦးတည်ကာ မြင်းလှည်းကို မောင်းနှင်သွားလေသည်။

မြင်းလှည်းသည် ရွာလေးကို ကွေ့ပတ်ကာ မောင်းနှင်သွားပြီး တောင်ကုန်လေးတစ်ခုပေါ်သို့ ရောက်သွားလေသည်။

တောင်ကုန်းပေါ်တွင် သေးငယ်သော်လည်း လှပသပ်ရပ်သော အိမ်ကလေးတစ်လုံး ရှိနေပါသည်။

'ဟေး'

ရီဖေးက မြင်းများကို အော်ငေါက်ကာ ရပ်တန့်လိုက်၏။

ချန်းလေးက မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ အိမ်လေးရှေ့သို့ ပြေးသွားပြီး....

'ဦးလေးယီ....ဦးလေးယီ'

ဟု အော်ခေါ်လိုက်လေသည်။

သူ၏ ခေါ်သံနှင့် မရှေးမနှောင်းမှာပင် ...

'ဘယ်သူလဲ'



မေးမြန်းသံနှင့် အတူ အိမ်တံခါး ပွင့်သွားပြီး လူတစ်ယောက် လှမ်းထွက်လာလေသည်။

ထိုလူမှာ ယီယန် ဖြစ်လေသည်။

ယီယန်သည် ကေရာဇ်ရဲတိုက်မှ ထွက်သွားပြီး ဇာတိရပ်ရွာတွင် အခြေချ နေထိုင်ခဲ့ခြင်း ဖြစ်လေသည်။

'ဦးလေးယီ....ကျွန်တော် ချမ်းလေးပါ'

ချန်းလေးက ယီယန်ရှေ့သို့ ရောက်သွား၏။

ယီယန်သည် ချန်းလေးကို တွေ့မြင်လိုက်ရလျှင် ဝမ်းသာအားရ ဖြစ်သွားလေသည်။

'ချန်းလေး ...'

'ဟုတ်ပါတယ်....ဦးလေးယီ'

'ချန်းလေး....ငါ့ဆီကို လာလည်တာလား၊ ဝမ်းသာလိုက်တာကွာ'

'ကျွန်တော် လာလည်တာလဲ ဟုတ်တယ်၊ တိုင်ပင်စရာလဲ ရှိလို့'

'လာ....လာ....အထဲဝင်'

ယီယန်က အိမ်ထဲသို့ ခေါ်သွားလေသည်။

ချန်းလေးက....

'လာဗျာ'

ရီဖေးကိုပါ ခေါ်ကာ ယီယန်နှင့် လိုက်သွားလေသည်။

ယီယန်က သူတို့နှစ်ယောက်အား လက်ဖက်ရည် မုန့်များဖြင့် ဧည့်ခံပြုစုလေသည်။

ယီယန်သည် ချန်းလေးရောက်လာသဖြင့် ဝမ်းသာပျော်ရွှင်နေလေသည်။

'ကျုပ်ကို သတိရမယ့်လူ ရှိသေးတာကိုး၊ မင်းက ရွှေမြို့တော်ကြီးကို ပြန်သွားပြီလို့တောင် ကျုပ်က ထင်မှတ်နေတာ'

ဟု ပြောလေသည်။

ချန်းလေးက....

'ကျွန်တော် ပြန်ဖို့ပါပဲ၊ ဒါပေမယ့် ဦးလေးရှာပင်နဲ့ ဦးလေး တာ့ကျင်းတို့ ရန်သူလက်ချက်နဲ့ လုပ်ကြံခံလိုက်ရတယ်၊ မကြာပါဘူး၊ အစ်ကိုကြီး ချန်ပေါက်လည်း အသတ်ခံလိုက်ရပြန်တယ်၊ အခြေအနေက ရှုပ်ထွေးနေတာမို့ မပြန်ဖြစ်သေးတာပါ'

ယီယန်က သက်ပြင်းချလိုက်သည်။

'ကျုပ်က ကေရာဇ်ရဲတိုက်က ထွက်လာခဲ့ပေမယ့် သတင်းကိုတော့ အမြဲ နားစွင့်နေခဲ့ပါတယ်ကွယ်၊ ကြားရတာ စိတ်မကောင်းပါဘူး'

ဟု ပြောလေသည်။

ချန်းလေးက ...

'ခုတော့ အခြေအနေအားလုံး ငြိမ်းချမ်းသွားပါပြီ၊ ဒါပေမယ့်....'

'ဒါပေမယ့် ဘာဖြစ်သလဲကွယ့်'

'ကေရာဇ်ရဲတိုက်ဟာလဲ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပါပြီဗျာ'



ယီယန် မျက်နှာပျက်သွားလေသည်။

ကေရာဇ်ရဲတိုက်နှင့်ပတ်သက်ပြီး စိတ်ထိခိုက်သွားဟန်လည်း ရှိလေသည်။

ချန်းလေးက....

'ကေရာဇ် ရဲတိုက်ဟာ လူဆိုးဂိုဏ်းကြီးတစ်ခု ဖြစ်နေပြီ ဦးလေးယီ'

ဟု ပြောလိုက်၏။

ယီယန် ချောင်းတစ်ချက် ဆိုးလိုက်လေသည်။

ချန်းလေးက....

'ကျွန်တော်ဟာ ကေရာဇ်ရဲတိုက်နဲ့ ပတ်သက်တဲ့ ကိစ္စတွေကို စိတ်မဝင်စားပါဘူး၊ ဒါကြောင့် ရွှေမြို့တော်ကိုပြန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်၊ ဒီကနေ့မနက် အပြန်ခရီးမှာ ဘယ်လို ကြုံတွေ့ခဲ့ရသလဲ ဆိုတာ'

လမ်းခရီး၌ ကေရာဇ်ရဲတိုက်မှလူများက ခေးပြတိုက်ပြီး မြင်းလှည်းသမားအား သတ်ပစ်လိုက်သည့်အဖြစ်ကို ပြောပြလိုက်လေသည်။

'တောက်'

ယီယန် ဒေါပွသွားကာ တက်ခေါက်လိုက်လေသည်။

'သခင်ကို သခင်မှန်းတောင် မသိကြတော့ပါလား'

ဟုလည်း ရေရွတ်လိုက်လေသည်။

ချန်းလေးက....

'ဖေဖေ့ရဲ့လက်ထက်မှာ ကေရာဇ်ရဲတိုက်ဆိုရင် အားလုံးက ကြည်ညို လေးစားခဲ့ကြပါတယ်၊ ခုတော့....'

ရှေ့ဆက် ပြောမထွက်တော့သဖြင့် တစ်ပိုင်းတစ်စ ရပ်ထားလိုက်ရလေသည်။

ယီယန်က....

'ချန်းလေး'

'ဟုတ်ကဲ့...ပြောပါ ဦးလေးယီ'

'ကေရာဇ်ရဲတိုက် ခုလို ပျက်စီးသွားရတာ ဘာကြောင့်လဲ ဆိုတာ သိသလား'

ချန်းလေးက ယီယန်ကို စိုက်ကြည့်လိုက်ပြီး....
'ဘာကြောင့်လဲ....ဦးလေးယီ'

ဟု မေးလိုက်လေသည်။
ယီယန်က....

'သစ္စာဖောက် တစ်ယောက်ကြောင့်ပေါ့'

'သစ္စာဖောက်'

'ဟုတ်တယ်'



'ဘယ်သူက သစ္စာဖောက်တာလဲ'

'မင်း စဉ်းစား ကြည့်ပါလား'

ချန်းလေး မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်၏။

တစ်ခဏကြာလျှင်....

'သစ္စာဖောက်တာ ဦးလေးဟန်ပဲ ဖြစ်ရမယ်'

ဟု ပြောလိုက်လေတော့သည်။

❦

ယီယန်၏မျက်နှာတွင် စိတ်မကောင်းခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ ခံပြင်းဒေါသဖြစ်ခြင်း စသည့် အရိပ်သဏ္ဌာန်များ ရောယှက် ဖြစ်ပေါ်နေလေသည်။

ချန်းလေးက....

'ဦးလေးဟန်က ဘာကြောင့် သစ္စာဖောက်ရတာလဲ'

ဟု ရေရွတ်လိုက်လေသည်။

ယီယန်က....

'သူဟာ စုလုထင်းရောက်လာတဲ့အချိန်က ငွေရပေါက်တစ်ခုကို တွေ့သွားတယ်၊ စုလုထင်းနဲ့လက်တွဲပြီး နယ်သမီးအေးကို ရောင်းဝယ် ဖောက်ကားချင်လာတယ်၊ ဒီလောက်ဆိုရင် မင်း သဘောပေါက်ရောပေါ့'

ချန်းလေး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့...ကျွန်တော် သဘောပေါက်ပါပြီ၊ ဒါထက်... ဦးလေးယီက သူ့အကြောင်းကို ရိပ်မိလျက်နဲ့ ဖေဖေ့ကို ဘာကြောင့် ပြောမပြတာလဲ'

ဟု မေးလိုက်၏။

ယီယန်က....

'ကျုပ်က သခင်ကြီး လုပ်ကြံခံရပြီးမှ ဒီကိစ္စကိုစဉ်းစားမိခဲ့တာပဲ၊ သစ္စာဖောက်ရှိနေပြီဆိုတာ သိတယ်၊ ဒါပေမယ့် ဘယ်သူလဲဆိုတာ မသေချာဘူး၊ ရှာပင်နဲ့တာ့ကျင်း သေသွားမှ ဟန်လုံ သစ္စာဖောက်ဆိုတာ သိလိုက်ရတာပဲ၊ ဒါပေမယ့် အားလုံး နောက်ကျနေပြီလေ'

ချန်းလေး ခေါင်းခါယမ်းလိုက်သည်။

'နောက်မကျသေးပါဘူး ဦးလေးယီ'

ယီယန် မျက်မှောင်ကြုတ်သွားသည်။

'မင်း ဘာကိုဆိုလိုတာလဲ'



ချန်းလေးက....

'ကျွန်တော်က ကေရာင်ရဲတိုက်နဲ့ပတ်သက်တဲ့ ကိစ္စအဝဝကို အမှန်အတိုင်းဖြစ်အောင် ဖြေရှင်းပေးမလို့ပါ'

'ဟေ'

ကြားလိုက်ရသော စကားကြောင့် ယီယန် မယုံကြည်နိုင်အောင် ဖြစ်သွားလေသည်။

ချန်းလေးကို စိုက်ကြည့်လိုက်ပြီး....

'ချန်းလေး....မင်း ဘယ်လိုပြောလိုက်တာလဲ'

ဟု မေးလိုက်၏။

ချန်းလေးက....

'ကေရာင်ရဲတိုက်ကို ဖေဖေ့ လက်ထက်ကလို ဖြစ်အောင် ကျွန်တော် ပြန်လုပ်မလို့ပါ'

ယီယန်က ...

'မင်း....မင်း ရွှေမြို့တော်ကို မပြန်တော့ဘူးလား'

ချန်းလေးက ...

'မကောင်းတဲ့လူတွေကို ဖယ်ရှားပြီးရင် ကျွန်တော် ပြန်သွားမှာပါ'

ရုတ်တရက်....

ယီယန်၏ မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာလေသည်။

ချန်းလေး၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး....

'သခင်ကြီးဟာ သူ့ရဲ့သားတစ်ယောက် သူ့ခြေရာ နင်းနိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ဘူး၊ ချန်းလေး မင်း စိတ်ပြောင်းသွားတာကိုသာ သိနိုင်မယ်ဆိုရင် သခင်ကြီးဟာ တမလွန်ကနေပြီး ဝမ်းသာလို့ဆုံးတော့မှာ မဟုတ်ပါဘူးကွာ'

ဟု ပြောလေတော့သည်။

❦

စမ်းရေတသွင်သွင် စီးဆင်းနေသည်။

ကြေးရွက်ကလေးများသည် စမ်းချောင်းထဲ၌ မျောပါသွားကြသည်။

ရီဖေးက ချောင်းနံဘေး ကျောက်တုံးကြီး တစ်တုံးပေါ်၌ ထိုင်နေပါသည်။



ချန်းလေးက မလှမ်းမကမ်း၌ ရှိနေ၏။

ချန်းလေးသည် ရီဖေးကိုကြည့်လိုက်ပြီး....

'ကျုပ်အဖေလက်ထက်က ကေရာဇ်ရဲတိုက်ဟာ ဒုစရိုက်မှုတွေ ပြုလုပ်တယ်လို့ ပြောကြပေမယ့် မတရားအမြတ်စားတဲ့ ကုန်သည်ပွဲစားတွေ သူဌေးသူကြွယ်တွေကို ဆုံးမပြီး ဆင်းရဲနွမ်းပါးသူတွေ, ဒုက္ခရောက်နေသူတွေကို အကူအညီ ပေးခဲ့တာပါဗျာ'

ဟု ပြောလိုက်၏။

ချန်းကုမုလက်ထက်က ကေရာဇ်ရဲတိုက်၏ ရပ်တည်ချက်ကို ရှင်းလင်း ပြောပြလိုက်ခြင်း ဖြစ်လေသည်။

ရီဖေးက စိတ်ဝင်စားစွာ နားထောင်နေသည်။

ချန်းလေးက ....

'စုလုထင်းဆိုတဲ့လူ ရောက်လာပြီးတဲ့ နောက်ပိုင်း အခြေအနေတွေ ပြောင်းလဲသွားခဲ့တာပဲ၊ ဒါကိုလဲ ဦးလေးယီယန် ပြောပြလို့ ခင်ဗျား သဘောပေါက်မယ် ထင်ပါတယ်ဗျာ'

ရီဖေး ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားတို့ ကေရာဇ်ရဲတိုက်ရဲ့ အခြေအနေကို ကျုပ်သဘောပေါက်ပါပြီဗျာ'

ချန်းလေးက....

'ကျုပ် နေပြည်တော်ကို မပြန်သေးဘူး၊ ကေရာဇ်ရဲတိုက်ကို ပြန်ပြီး သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ရဦးမယ်'

ဟု ပြောလိုက်သည်။

ရီဖေးက....

'ဒါဆိုရင် ကျွားဝါဂိုဏ်းနဲ့ သိမ်းငှက်ဂိုဏ်းကိုပါ ဖြိုခွဲရမှာပေါ့'

ချန်းလေးက ...

'ကျုပ်က အစွမ်းကုန် လုပ်ကိုင် ဆောင်ရွက်သွားမှာပဲဗျ'

ဟု ပြောလိုက်သည်။

ရီဖေးက ...

'ခင်ဗျား ဆောင်ရွက်ရမယ့်ကိစ္စဟာ အန္တရာယ်များတယ်၊ ခက်ခဲတယ်ဆိုတာ ခင်ဗျား သဘောပေါက်ပါတယ်နော်'

ချန်းလေး ခေါင်းညိတ်လိုက်သည်။

'အခန့်မသင့်ရင် ကျုပ်အသက်တောင် စွန့်လွှတ်ရနိုင်တယ်ဆိုတာ သဘောပေါက်ပါတယ်ဗျာ'

ဟု ပြောလိုက်လေသည်။

ရီဖေး သက်ပြင်းချလိုက်သည်။

'ဒီကိစ္စကို ခင်ဗျား တစ်ယောက်တည်းနဲ့ တတ်နိုင်မယ်လို့ ကျုပ် မထင်ဘူး'

ချန်းလေး ပြုံးလိုက်သည်။

'ခင်ဗျားက ကျုပ်ကို ကူညီမှာပဲ မဟုတ်လား'

ရီဖေးက....

'ကျုပ် ကူညီချင်ပါတယ်၊ ဒါပေမယ့်....'



'ဒါပေမယ့် ဘာဖြစ်သလဲဗျ'

'ကျုပ်ပြောတာကို ခင်ဗျား လက်ခံနိုင်မယ် မထင်ဘူး'

ချန်းလေးက ...

'ခင်ဗျားက ဘယ်လိုဖြစ်စေချင်သလဲ'

ရီဖေးက....

'မကောင်းသူတွေကို ဖယ်ရှားပြီးတဲ့အခါ ခင်ဗျားဟာ ရွှေမြို့တော်ကိုမပြန်ဘဲ ကေရာဇ်ရဲတိုက်ပိုင်ရှင်အဖြစ် တစ်သက်လုံး နေထိုင်သွားဖို့ပါပဲ'

ထိုစကားကြားလျှင် ချန်းလေးရင်ထဲ ဟာသွားသည်ဟု ခံစားလိုက်ရလေသည်။

သို့သော်....

'ကျုပ်ကိစ္စက အရေးမကြီးပါဘူး၊ အရေးကြီးတာက မကောင်းသူတွေကို ဖယ်ရှားပစ်ဖို့ပါပဲ'

ဟု ပြောလိုက်၏။

ရီဖေးက....

'ကောင်းပြီလေ၊ ခင်ဗျားကို ကျုပ်ကူညီပါ့မယ်'

ဟု သဘောတူလိုက်၏။

ချန်းလေး ဖော်မပြနိုင်အောင် ဝမ်းသာသွားလေတော့သည်။

## တုံ့ပြန်ခြင်း

'ခွပ်ခွပ် ... ခွပ်ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေလေသည်။

မြင်းစီးသမားတစ်စုသည် မြင်းလှည်းတစ်စီးကို ခြံရံကာ ခရီးနှင်လာကြလေသည်။

ထိုမြင်းစီးသမားများသည် မြောက်ပိုင်း တောင်တန်းဒေသမှ လာခဲ့ကြသူများ ဖြစ်ပုံရလေသည်။

သားမွေးအင်္ကျီများ ဝတ်ဆင်ထားကြသလို ခါး၌ ဓားကောက်များ ချိတ်ဆွဲထားကြလေသည်။

ထိုလူစုသည် အရှေ့ဘက်ဆီသို့ ဦးတည် ခရီးနှင်လာရင်း တောင်ကုန်းတစ်ခုအနီးသို့ ရောက်လျှင် မမျှော်လင့်သော အဖြစ်အပျက် တစ်ခုနှင့် ကြုံတွေ့လိုက်ရလေသည်။

'ဝုန်း....ဝုန်း....ဝုန်း'

ကျယ်လောင်သော မြည်သံများ ထွက်ပေါ်လာပြီး ကျောက်တုံး ကျောက်ခဲများ လိမ့်ဆင်းလာခြင်းဖြစ်လေသည်။

မြင်းစီးသမားများ၏ ခေါင်းဆောင်ဖြစ်သူက....

'သတိထား'

သူ၏လူများကို အော်ဟစ် သတိပေးလိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။

'ဝုန်း'

'အား....'

'အံမယ်လေး'

'သေပါပြီဗျ'

စူးရှကျယ်လောင်သောအော်သံများတစ်ခဲနက် ထွက်ပေါ်လာလေသည်။

မြင်းစီးသမားများမှာ ကျောက်တုံးကျောက်ခဲများ ထိမှန်ကာ အထိနာသွားကြလေသည်။

'ဝုန်း'

မြင်းလှည်းမှာလည်း ကျောက်တုံးကြီးတစ်တုံးနှင့် ထိမှန်ကာ ကျိုးပဲ့သွားပြီး တိမ်းမှောက်သွားတော့၏။



မြင်းဟည်သံ၊ စူးရှသောအော်ဟစ်သံ၊ အမိန့်ပေးသံ၊ ပြေးလွှားသံများ ကျက်ကျက်ညံသွားလေသည်။

ထိုစဉ်မှာပင်....

'ကျားဝါဂိုဏ်းဟေ့'

ညာသံပေးသံများ ထွက်ပေါ်လာလေသည်။

ကျားဝါဂိုဏ်းသားများသည် တောအုပ်အတွင်းမှ ပြေးထွက်လာကြပြီး ဖရိုဖရဲဖြစ်နေသော မြင်းစီးသမားများအား တိုက်ခိုက်လိုက်ကြလေသည်။

မြင်းစီးသမားများသည် ချက်ချင်း ပြန်လည်စုစည်းကာ ခုခံလိုက်ကြပါသော်လည်း မယှဉ်နိုင်ဘဲ တစ်ခဏအတွင်း အရေးနိမ့်သွားလေသည်။

'အား....'

'အံမယ်လေး'

'သေပါပြီဗျ'

အော်ဟစ်သံများ ပွက်လောရိုက်သွားသည်။

မြင်းစီးသမားများသည် အခြေအနေ မဟန်မှန်း သိလျှင် ထွက်ပြေးသွားကြတော့သည်။

ကျားဝါဂိုဏ်းသားများသည် မြင်းလှည်းပေါ်၌ ပါလာသည့် ပစ္စည်းများကို ယူဆောင်ကာ ထွက်ခွာသွားကြ၏။

ဝန်းကျင်တစ်ခုလုံး တစ်ခဏအတွင်းမှာပင် ပြန်လည် တိတ်ဆိတ်သွားလေတော့သည်။

စုလုထင်း မကျေမနပ်ဖြစ်နေပါသည်။

မလှုပ်မယှက်ထိုင်နေသည့် သန်းဖုံးကိုကြည့်ကာ....

'ကျုပ်မိတ်ဆွေဆီက စာတစ်စောင် ရောက်လာတယ်၊ နှစ်သမီးဆေးလာပို့တဲ့ အဖွဲ့တစ်ဖွဲ့ကို ကျားဝါဂိုဏ်းက တိုက်ခိုက် လုယက်လိုက်တယ်လို့ ရေးထားတယ်'

ဟု ပြောလိုက်၏။

သန်းဖုံး ချက်ချင်းပင် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'လက်စသတ်တော့ ဒီကိစ္စကြောင့် ကျုပ်ကို အရေးတကြီး တွေ့ချင်တယ်လို့ မှာလိုက်တာကိုး၊ နေပါဦး၊ ကျုပ်တို့ အတူတူ



လက်တွဲပြီး လုပ်ကိုင်နေကြတာပဲ၊ ကျုပ်တို့က ဘာကြောင့် လုယက်ရမှာလဲ'

စုလုထင်းက ...

'မြောက်ပိုင်းကလူတွေက ကျားဝါဂိုဏ်းရဲ့ လက်ချက်လို့ အတပ် စွပ်စွဲနေကြတယ်'

သန်းဖုံး ထိုင်ရာမှ ထလိုက်သည်။

'ကောင်းပြီလေ၊ အဲဒီလူတွေ ကျုပ်တို့ဆီကို လွှတ်လိုက်ပါ၊ ကျုပ်တို့ ဖြေရှင်းပေးပါ့မယ်'

ဟု ပြောကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

စုလုထင်း မကျေမနပ်ဖြင့်....

'တကယ်လို့ ကျားဝါဂိုဏ်းရဲ့လက်ချက်ဆိုတာကို ဖော်ထုတ်နိုင်ရင်ကော'

သန်းဖုံးက....

'လွယ်ပါတယ်၊ ကျုပ်တို့နဲ့ လက်တွဲဖြုတ်လိုက်ပေါ့၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်တို့က မတရား စွပ်စွဲတာကိုတော့ ဘယ်တော့မှ လက်မခံဘူး မှတ်ထားပါ'

ဟု ဒေါ်နှင့်မောနှင့်ပြောကာ ထွက်သွားလေသည်။

'တောက်'

စုလုထင်းက မကျေမနပ် တောက်ခေါက်လိုက်ပြန်လေသည်။

ထိုစဉ်...

မောက်ပါက အခန်းတွင်းသို့ ဝင်ရောက်လာသည်။

စုလုထင်း ဂနာမငြိမ် ဖြစ်နေသည်ကို တွေ့ရလျှင်....

'ဘာများဖြစ်နေတာလဲဗျ'

ဟု မေးလိုက်လေသည်။

စုလုထင်းက....

'ကျားဝါဂိုဏ်းက သစ္စာဖောက်လို့ဗျ'

'ဟင်...'

'မြောက်ပိုင်းက ပို့လိုက်တဲ့ပစ္စည်းတွေကို သူတို့ ကြားဖြတ်လုယူသွားကြတယ်'



'ဘာ'

မောက်ပါ မကျေမနပ် ဖြစ်သွားလေသည်။

စုလုထင်းသည် ပြည်မရှိ ဒုစရိုက်ဂိုဏ်းများနှင့် ဆက်သွယ်ကာ မြောက်ပိုင်းမှ နတ်သမီးဆေးကို ဝယ်ယူပြီး ကျားဝါဂိုဏ်း, သိမ်းငှက်ဂိုဏ်း, ကေရာဇ်ရဲတိုက် ပိုင်နက်တို့မှ ဖြတ်သန်း သယ်ဆောင်ကာ ပြည်မသို့ ရောင်းချနေခြင်း ဖြစ်သည်။

ပစ္စည်းများသယ်ဆောင်ရာတွင် အနှောင့်အယှက် မရှိရလေအောင် ကာကွယ်စောင့်ရှောက်ဖို့ ကျားဝါဂိုဏ်း၊ သိမ်းငှက်ဂိုဏ်းနှင့် ကေရာဇ်ရဲတိုက်တို့မှ တာဝန်ယူရသည်။

စုလုထင်းက ရရှိလာသည့် အမြတ်အစွန်းကို အချိုးကျ ပြန်လည်ခွဲဝေပေးလေသည်။

အကျိုးအမြတ်ကြီးမားလှသည့် လုပ်ငန်းဖြစ်ရကား အားလုံးက မက်မောနေကြလေသည်။

စုလုထင်း၏ ပြည်မမှ အဆက်အသွယ်အကြောင်း မသိရှိသာလျှင် ကျားဝါဂိုဏ်းနှင့် သိမ်းငှက်ဂိုဏ်းတို့က ငြိမ်နေကြခြင်းဖြစ်သည်။

သူတို့ကိုယ်တိုင် ပြည်မနှင့် အဆက်အသွယ် ရမည်ဆိုပါက စုလုထင်းအား ကန်ထုတ်ပစ်လိုက်ကြမည် ဖြစ်လေသည်။

စုလုထင်းက....

'ကျားဝါဂိုဏ်းကတော့ သစ္စာဖောက်ပြီး ကျုပ်တို့ရဲ့လုပ်ငန်း တစ်ခုလုံးကို လက်ဝါးကြီးအုပ်ချင်တဲ့ သဘောပဲ'

မောက်ပါက....

'ဟာ....ဒီလိုလုပ်လို့ ဘယ်ရမလဲ'

စုလုထင်းက....

'သူတို့က အချင်းချင်း အကောက်ကြံပြီဆိုရင် ဘယ်လို လုပ်မလဲ'

ဟု မေးလိုက်သည်။
မောက်ပါ အံကြိတ်ကာ....

'အို....ကျုပ်တို့အကြောင်းသိအောင် ပြလိုက်ရမှာပေါ့'

ဟု ပြောလေသည်။

စုလုထင်း ကျေနပ်သွားသည်။

'တကယ်လို့ ကေရာဇ်ရဲတိုက်နဲ့ ခင်ဗျားတို့ သိမ်းငှက်ဂိုဏ်း ပူးပေါင်းလိုက်ရင် ကျားဝါဂိုဏ်းကို မှုစရာမလိုတော့ဘူးလို့ ကျုပ်ထင်တယ်၊ ဘယ်လိုလဲဗျ'

မောက်ပါက....

'သိပ်ကောင်းတာပေါ့ဗျာ၊ ကျားဝါဂိုဏ်းက မောက်မာနေတာ ကြာပြီ၊ သူတို့ကို ဆုံးမရတာပေါ့'



စုလုထင်းက....

'ဒါဖြင့် ကျုပ်တို့ အစီအစဉ် လုပ်လိုက်ကြရအောင်'

'ကောင်းပြီ'

သူတို့နှစ်ယောက်သည် ကျားဝါဂိုဏ်းအား ချေမှုန်းရန် တိုင်ပင် ဆွေးနွေးလိုက်ကြလေတော့သည်။

အကယ်၍....

စုလုထင်းထံသို့ နတ်သမီးဆေးလာပို့သည့် မြောက်ပိုင်းမှ လူဆိုးများအား လုယက် တိုက်ခိုက်လိုက်သည်မှာ ရီဖေး ဦးဆောင်သောလူစု ဖြစ်သည်ကိုသာ သိနိုင်ကြမည်ဆိုပါလျှင်....

ယီယန်သည် ကေရာဇ်ရဲတိုက်အပေါ် သစ္စာရှိသော လူဟောင်းများကို လျှို့ဝှက်စွာ ဆက်သွယ်စုဆောင်းလိုက်၏။

ထို့နောက်....

ရီဖေး၏ဦးဆောင်မှုဖြင့် တိုက်ပွဲဆင်နွှဲခဲ့ခြင်း ဖြစ်သည်။

ကျားဝါဂိုဏ်း အသွင်ဆောင်ကာ တိုက်ခိုက်လုယက်ပြီး ခြေရာဖျောက်လိုက်ကြလေသည်။

သူတို့၏လုပ်ရပ်ကြောင့် ကျားဝါဂိုဏ်းနှင့် စုလုသင်းတို့ မသင့်မမြတ် ဖြစ်လာကြလေတော့သည်။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုး ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

အိမ်ထဲ၌ မီးအိမ်ထွန်းညှိထားလိုက်ပြီ ဖြစ်သည်။

ယီယန်၊ ချန်းလေးနှင့် ရှီဖေးတို့သည် စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ထိုင်နေကြလေသည်။ စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများ အသင့်ပြင်ဆင်ထားလေသည်။

ယီယန်က....

'ကဲ ...စားလိုက်ကြပါဦး'

ဟု ပြောလိုက်မှ ရှီဖေးက....

'ဆာနေတာနဲ့ အတော်ပဲ'

ဟု ပြောကာ အားရပါးရ စားသောက်လိုက်လေသည်။

ချန်းလေးလည်း စားသောက်လိုက်သည်။

ယီယန်က သူ၏အိမ်၌ပင် ရှီဖေးနှင့် ချန်းလေးတို့အား လက်ခံထားပြီး လိုလေသေးမရှိ စီစဉ်ထားလေသည်။

ယီယန်က....

'ကနေ့ညတော့ သတင်းကောင်းကြားရမယ် ထင်တယ်'

ဟု ပြောလိုက်၏။



ရှီဖေး ရယ်မောလိုက်သည်။

'လူဆိုးဓားပြဆိုတာ တစ်ယောက်ကိုတစ်ယောက် ယုံကြည်ဖို့အတော် ခက်ခဲကြတယ်၊ ခုလို ပြဿနာပေါ်လာတော့ တစ်ယောက်နဲ့ တစ်ယောက် ယုန်ထင် ကြောင်ထင်ဖြစ်ပြီး ပြဿနာတွေပေါ်လာမှာအမှန်ပါပဲဗျာ'

ဟု ပြောလေသည်။

ထိုစဉ်...

'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ယီယန်က...

'တံခါးစေ့ထားတယ် ဝင်ခဲ့ပါ'

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် တံခါးပွင့်သွားပြီး လူတစ်ယောက် လှမ်းဝင်လာလေသည်။

ထိုလူက ယီယန့်ထံသို့လှမ်းလာပြီး ဦးညွှတ်ကာ စာ တစ်စောင် ပေးလှမ်းသည်။

ယီယန်က ချက်ချင်း ဖတ်ကြည့်လိုက်ပြီး....

'ဟား....ဟား ...ဟား'

ယီယန်က သဘောကျစွာ ရယ်မောလိုက်သည်။

ရီဖေးနှင့်ချန်းလေးတို့က လှမ်းကြည့်လိုက်ကြလေသည်။

ယီယန်က ...

'တိဘက်က တစ်ခါပဲ လွှပ်ရှားရသေးတယ်၊ သူတို့အတော့်ကို ဂယက်ရိုက်သွားပြီ'

ဟု ပြောလေသည်။

ချန်းလေးက ...

'ဦးလေးယီ၊ စာထဲမှာ ဘာတွေများ ရေးထားလို့လဲ'

ဟု မေးလိုက်သည်။

ယီယန်က....

'စုလုထင်းကတော့ ကျားဝါဂိုဏ်းအပေါ် သံသယဝင်သွားပြီကွ၊ ကေရာဇ်ရဲတိုက်ကို ရောက်လာပြီး ဟန်လုံနဲ့တိုင်ပင်ဆွေးနွေးတယ်ဆိုပဲ'

ချန်းလေးက ...

'ဘာတွေ တိုင်ပင်တာလဲ ဦးလေးယီ'

ယီယန်က....



'တိုင်ပင်ကြတယ်လို့ပဲ ရေးထားတယ်၊ ဒါပေမယ့် သူတို့ဟာ သိမ်းငှက်ဂိုဏ်းနဲ့ ပေါင်းပြီး ကျားဝါဂိုဏ်းကို ချေမှုန်းဖို့ အကြောင်း ဆွေးနွေးတာပဲ ဖြစ်မှာပေါ့'

ချန်းလေးမျက်နှာ ရှုံ့မဲ့သွားလေသည်။

'သူက ကေရာဇ်ရဲတိုက်ကို ခုချိန်ထိ အသုံးချချင်နေသေးတာပါလား'

ဟု ညည်းညူလိုက်လေသည်။

ရီဖေးက....

'မပူပါနဲ့ဗျာ၊ ကေရာဇ်ရဲတိုက်မှာ ရှိနေတဲ့လူတွေဟာလဲ လူဆိုးတွေပဲ မဟုတ်လား၊ သူတို့အတွက် ဘာမှ ဝမ်းနည်းစရာ မလိုဘူး'

ဟု ဖျောင်းဖျလိုက်၏။

ချန်းလေးက....

'စုလုထင်းက ကျားဝါဂိုဏ်းကို မကျေနပ်တာနဲ့ သိမ်းငှက်ဂိုဏ်းနဲ့ ကေရာဇ်ရဲတိုက်ကို စည်းရုံးပြီး ချေမှုန်းခိုင်းမယ်ဆိုရင်တော့ တိုက်ပွဲတွေ ဖြစ်ပေါ်လာဦးမှာပဲ'

ဟု ပြောလိုက်သည်။

ယီယန်က....

'ဆိုးဝါးတဲ့အဖြစ်တွေကို မသိလားပေမယ့် မကောင်းတဲ့ လူတွေကို ဒဏ်ခတ်ဖို့ ဒီနည်းလမ်းပဲရှိတယ် မဟုတ်လားကွယ်'

ဟု ပြောလေသည်။

မှန်ပေသည်။

စုလုထင်း၏ အစီအစဉ်ဖြင့် သိမ်းငှက်ဂိုဏ်း ကေရာဇ်ရဲတိုက်တို့ ပူးပေါင်းကာ ကျားဝါဂိုဏ်းအား တိုက်ခိုက်ကြလေတော့သည်။

ရက်ပိုင်းအတွင်းမှာပင် တိုက်ပွဲများ ကြောက်ခမန်းလိလိ ဖြစ်ပေါ်လာလေသည်။

လူဆိုးဓားပြများသည် လောဘကြောင့် သဲကြီးမဲကြီး တိုက်ခိုက်ခဲ့ကြပြီး သေကျေပျက်စီး ကုန်ကြလေသည်။

တစ်လနည်းပါးမျှ တိုက်ပွဲများဖြစ်ပွားပြီးနောက် ကျားဝါဂိုဏ်းသည် ပြိုကွဲပျက်စီးသွားခဲ့လေသည်။

သိမ်းငှက်ဂိုဏ်းနှင့် ကေရာဇ်ဂိုဏ်းသည် အောင်ပွဲခံနိုင်လိုက်သော်လည်း တိုက်ပွဲများတွင် အထိနာခံကြသဖြင့် ယဲ့ယဲ့မျှသာ ကျန်ရစ်ခဲ့ကြလေတော့သည်။



တိုက်ပွဲများ ပြီးဆုံးသွားသောအခါ ကျားဝါဂိုဏ်း လုံးဝပျက်စီး ပြိုကွဲသွားလေသည်။

ကျားဝါဂိုဏ်း၏ ပိုင်နက်များအား သိမ်းငှက်ဂိုဏ်းနှင့် ကေရာဇ်ရဲတိုက်တို့က ခွဲဝေယူလိုက်ကြလေသည်။

စုလုထင်းသည် စီးပွားရေးလုပ်ငန်းများကို အလျင်အမြန် ပြန်လည် လုပ်ကိုင်ခဲ့သည်။

သူ၏ စိတ်တိုင်းကျ ဆောင်ရွက်နိုင်ခဲ့သဖြင့် ဝင်ငွေ အမြောက်အမြား ရရှိခဲ့လေသည်။

စုလုထင်းသည် သိမ်းငှက်ဂိုဏ်းနှင့် ကေရာဇ်ရဲတိုက်ကို ထိုက်သင့်သော အမြတ်ငွေများကို ခွဲဝေပေးသည်။

သိမ်းငှက်ဂိုဏ်းနှင့် ကေရာဇ်ရဲတိုက်တို့သည် အင်အား ပြန်လည် တောင့်တင်းလာစေရန် ပြည်မမှ လူဆိုးလူမိုက်များ၊ ကြေးစားများကို ငှားရမ်းဖြည့်တင်းရလေသည်။

ထိုအချိန်တွင်....

နယ်ခြားဒေသ၌ နယ်ချဲ့များကို မောင်းထုတ်နိုင်လိုက်ပြီဖြစ်ရကား တိုင်းပြည်နှင့်အဝှမ်း ဆူပူသောင်းကျန်းနေသော ဒုစရိုက်သမားများအား နေပြည်တော်မှတပ်ဖွဲ့များက ဖိဖိစီးစီး နှိမ်နင်းနေပြီ ဖြစ်သည်။

ထို့ကြောင့်....

လူဆိုးဓားပြများသည် ပြည်မ၌မနေနိုင်တော့ဘဲ ရှောင်တိမ်းလာခဲ့ကြရာမှ သိမ်းငှက်ဂိုဏ်း၊ ကေရာဇ်ဂိုဏ်းတို့၌ စုရုံးလာမိကြလေတော့သည်။

❦

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

ရယ်မောသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

စုလုထင်းနှင့်မောက်ပါတို့ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

မောက်ပါသည် အရက်တစ်ခွက် ငှဲ့သောက်လိုက်ပြီး....

'ကျုပ်တို့ ဂိုဏ်းချုပ်ကတော့ မိတ်ဆွေကို အတော်ကို ချီးကျူးနေတာပဲဗျ'

ဟု ပြောလိုက်၏။

စုလုထင်းက....



'ဘာတွေများ သဘောကျလို့ ချီးကျူးနေတာလဲဗျာ၊ ပြောစမ်းပါဦး'

ဟု မေးလိုက်သည်။

မောက်ပါက....

'မိတ်ဆွေရောက်လာမှပဲ ကျုပ်တို့ဟာ ချမ်းသာကြွယ်ဝလာခဲ့ကြတယ်၊ ပြိုင်ဘက်များဖြစ်တဲ့ ကျားဝါဂိုဏ်းကိုလဲ ဖြိုခွဲပစ်လိုက်နိုင်တယ်လေ'

'ဩြော်....ဒါလား'

'ဟုတ်တယ်၊ မိတ်ဆွေကို သိပ်ပြီး ကျေးဇူးတင်နေတာဗျ'

စုလုထင်းက....

'ခင်ဗျားကော'

ဟု မေးလိုက်သည်။

မောက်ပါက....

'ဘယ်လိုပြောလိုက်ပါလိမ့်ဗျာ၊ ကျုပ်ကလဲ ကျေးဇူးတင်တာပေါ့'

စုလုထင်း...

'ဒီထက်ပိုပြီး ကျေးဇူးတင်ရမှာဗျ'

မောက်ပါ မျက်မှောင်ကြုတ်သွားသည်။

'မိတ်ဆွေပြောတာ အကြောင်းရှိရမယ်လို့ ကျုပ်ထင်မိတယ် ဟုတ်ရဲ့လားဗျာ'

ဟု မေးလိုက်သည်။

စုလုထင်းက....

'ဟုတ်ပါတယ်ဗျာ'

'ဘယ်လိုအကြောင်းများ ရှိနေလို့လဲ၊ ပြောပါဦးဗျ'

စုလုထင်းက တည်ကြည်သော မျက်နှာထားဖြင့်....

'ခင်ဗျား သိမ်းငှက်ဂိုဏ်းချုပ် မဖြစ်ချင်ဘူးလား'

'ဗျာ'

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် မောက်ပါ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

စုလုထင်းက ...

'ခင်ဗျားဟာ သိမ်းငှက်ဂိုဏ်းနဲ့ပတ်သက်လို့ ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်နေရတာ မဟုတ်လား၊ ဒါကြောင့် ဂိုဏ်း



ချုပ်ရာထူးဟာ ခင်ဗျားနဲ့ပဲ ထိုက်တန်တယ်လို့ ကျုပ် ယူဆမိတယ်'

မောက်ပါ ကပျာကယာ လက်ကာပြလိုက်လေသည်။

'မလုပ်ပါနဲ့ဗျာ၊တော်ကြာ ဂိုဏ်းချုပ်သိသွားရင် ဦးခေါင်းနဲ့ခန္ဓာကိုယ် အိုးစားကွဲနေပါဦးမယ်'

စုလုထင်းက....

'ကြောက်တတ်ရန်ကောဗျာ၊ ကျုပ်က ခင်ဗျားကို ကူညီမှာလဲ၊ ဘာလဲ ကျုပ်ကို မယုံလို့လား'

'ယုံ....ယုံပါတယ်ဗျာ'

'ဒါဖြင့် ခင်ဗျား သဘောတူတယ်ပေါ့'

'ကျုပ်'

'ခင်ဗျားသဘောတူရင် တစ်လအတွင်း သိမ်းငှက်ဂိုဏ်းချုပ် ဖြစ်လာရစေမယ်လို့ ကျုပ် တာဝန်ယူတယ်'

မောက်ပါ အကြီးအကျယ် စိတ်လှုပ်ရှားနေလေသည်။

သိမ်းငှက်ဂိုဏ်းချုပ် ဖြစ်လာမည့်အရေးကို အိပ်မက်ပင် မမက်ဖူးပါချေ။

စုလုထင်းက....

'ခင်ဗျား တစ်ခုပဲ လုပ်ရလိမ့်မယ်၊ သိမ်းငှက်ဂိုဏ်းအင်အား တောင့်တင်းလာအောင် အားဖြည့်တဲ့နေရာမှာ ပြည်မက ကျုပ်လူတွေကို ခေါ်ပေးမယ်၊ သူတို့ကို သိမ်းငှက်ဂိုဏ်းမှာ နေရာချပေးလိုက်ပါ၊ ဒါမှ ဂိုဏ်းချုပ်နေရာကို ခင်ဗျား ရယူတဲ့အခါမှာ ခင်ဗျားကို ထောက်ခံကြလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

မောက်ပါ ငေးငိုင်သွားလေသည်။

စုလုထင်းက....

'ဒါ ခင်ဗျားအတွက် အခွင့်အရေးပဲ၊ ကဲ....ခင်ဗျားဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်သည်။

မောက်ပါ သက်ပြင်းချကာ....

'ကျုပ် စဉ်းစားပါရစေဦးဗျာ'

ဟု ပြောလိုက်၏။

စုလုထင်း ပခုံးတွန့်လိုက်သည်။



'ဒါတော့ ခင်ဗျားသဘောပဲလေ၊ တစ်ယောက်ယောက်က သာ သိမ်းငှက်ဂိုဏ်းချုပ်ရာထူး ရယူနိုင်ဖို့ ကျုပ်ကို လာပြီး အကူအညီ တောင်းမယ်ဆိုရင် ကျုပ်က ကူညီမိမှာပဲ'

ထိုစကားကြားလျှင် မောက်ပါ မနေနိုင်တော့ပါ။

'ကျုပ်ကို ကူညီပါဗျာ၊ ကျုပ် ကြိုးစားပါ့မယ်'

ဟု ပြောလိုက်လေတော့သည်။

မျှားမကြာမီ....

ထူးခြားသော သတင်းတစ်ပုဒ် ထွက်ပေါ်လာလေသည်။ သိမ်းငှက်ဂိုဏ်းချုပ် လုပ်ကြံခံရသည့်သတင်း ဖြစ်လေသည်။

သိမ်းငှက်ဂိုဏ်း၏ အမှတ်တစ်ဌာနမှူး မောက်ပါက ဂိုဏ်းချုပ်တာဝန် ယူမည်ဖြစ်ကြောင်း နောက်ဆက်တွဲသတင်း ထွက်ပေါ်လာ၏။

ထိုသတင်းကြားလျှင် စုလုထင်းသည် မြေလတ်ပိုင်းဒေသတစ်ခုလုံးကို သူ၏ဩဇာ လွှမ်းမိုးနိုင်ရန် ခြေတစ်လှမ်းပြီး တစ်လှမ်း တိုးကာ ကြိုးစားနေကြောင်း စုလုထင်း၏ဩဇာအရှိန်ဝါ တင်စထက်တစ်စ ကြီးမားလာနေပြီဖြစ်ကြောင်း ယီယန်၊ ချန်းလေးနှင့် ရိဖေးတို့ သဘောပေါက်မိကြလေတော့သည်။

## မျိုးဆက်

ယခုတလော ချန်းလေးသည် မှိုင်တွေ၍ နေလေသည်။

ယီယန်နှင့်ရိဖေးတို့က ချန်းလေး ရွှင်ရွှင်ပျပျမရှိသည်ကို သတိပြုမိကြလေသည်။

ထို့ကြောင့်....

အမျိုးမျိုး ချော့မော့ကာ မေးမြန်းကြလေသည်။

ထိုအခါမှ....

ချန်းလေးသည် ကေရာဇ်ရဲတိုက်အား စုလုထင်းက သိမ်းပိုက် ဝါးမျိုသွားမည်ကို စိုးရိမ်နေကြောင်း သိလိုက်ကြရ၏။

မှန်ပေသည်။

စုလုထင်းသည် ကေရာဇ်ဂိုဏ်းကို လျစ်လျူရှုထားလိမ့်မည် မဟုတ်ပါချေ။

သုံးယောက်သား တိုင်ပင် ဆွေးနွေးလိုက်ကြပြီးနောက် စုလုထင်းအား ဟန့်တားဖို့ လျှို့ဝှက်စွာ လှုပ်ရှားကြရန်ဆုံးဖြတ်လိုက်ကြလေတော့သည်။

❀

လူဝကြီးအရက်ဆိုင်....

ယနေ့ ညနေပိုင်းအချိန်တွင် ရုပ်ဖျက်ထားသော ရီဖေးနှင့် ယီယန်တို့သည် သစ္စာရှိ ကေရာဇ်ဂိုဏ်းသားဟောင်း ငါးယောက်နှင့်အတူ ရောက်ရှိလာလေသည်။

သူတို့သည် စုလုထင်းက လူဝကြီးအရက်ဆိုင် အနောက်ဘက်ရှိ အခန်း၌ စခန်းချလေ့ရှိကြောင်း စုံစမ်းသိရှိထားကြလေသည်။

ထို့ကြောင့်....

စုလုထင်းအား သုတ်သင်ရှင်းလင်းပစ်ဖို့ လာခဲ့ကြခြင်းဖြစ်လေသည်။

ချန်းလေးကိုယ်တိုင်လည်း စုလုထင်းအား သုတ်သင် ရှင်းလင်း ပစ်လိုပါသည်။



သို့သော်...

သိုင်းပညာ မတတ်သည့်အပြင် တိုက်ပွဲအတွေ့အကြုံ မရှိသဖြင့် သူ့အား ရီဖေးတို့က လိုက်ခွင့်မပြုကြချေ။

ချန်းလေးသည် ယီယန်၏အိမ်လေး၌ နေရစ်ခဲ့ရလေသည်။

ရီဖေးတို့သည် လူဝကြီး၏အရက်ဆိုင်သို့ ရောက်လာကြသောအခါ စားပွဲတစ်လုံး၌ ဝိုင်းဖွဲ့ကာ စားသောက်ဖွယ်ရာများ မှာကြား စားသောက်ရင်း အခြေအနေ အကဲခတ်လိုက်ကြလေသည်။

စုလုထင်း၏ အရိပ်အယောင်ပင် မတွေ့ရချေ။

ရီဖေးတို့က စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေလိုက်ကြလေသည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

နေဝင်ဆည်းဆာ အချိန်သို့ပင် ရောက်ရှိလာလေသည်။

စုလုထင်း၏ အရိပ်အယောင်ပင် မတွေ့ရသေးပါချေ။

ရီဖေး လှုပ်လှုပ်ရွရွ ဖြစ်လာလေတော့သည်။

'သူက အသိုက်ပြောင်းသွားပြီ ထင်တယ်'

ဟု ပြောလိုက်၏။

ယီယန်က....

စုလုထင်းသည် ဩဇာအရှိန်အဝါ ကြီးမားလာပြီဖြစ်သလို ကြောက်စရာကောင်းသူဖြစ်ကြောင်း ထင်ရှားနေပါသည်။

စုလုထင်းသည် ဆိုင်ထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး ဆိုင်အနောက်ဘက်သို့ ဝင်သွားလေသည်။

ရီဖေးတို့ကလည်း ချက်ချင်း ထိုင်ရာမှထ လိုက်ကြသည်။ ဝှက်ထားသော လက်နက်များကို အချိန်မရွေး ထုတ်ယူအသုံးပြုနိုင်လည်း အသင့်ပြင်ထားလိုက်ကြလေသည်။

ထို့နောက် စုလုထင်းနောက်သို့ လိုက်သွားကြလေသည်။

ဆိုင်အနောက်ဘက်တွင် စင်္ကြံလမ်းတစ်ခု ရှိနေပါ၏။

စင်္ကြံလမ်းတစ်လျှောက် မှောင်နှင့်မည်းမည်း ရှိနေ၏။

စင်္ကြံလမ်းအဆုံး၌မူ မီးလင်းနေသောအခန်းတစ်ခု ရှိလေသည်။

ရီဖေးတို့ စင်္ကြံလမ်းသို့ရောက်သွားကြသောအခါ စုလုထင်းကို မတွေ့ရတော့ပါ။

စုလုထင်းသည် မီးလင်းနေသော အခန်းတွင်းသို့ ရောက်သွားဟန် ရှိလေသည်။

ရီဖေးက....



'ကျုပ် စုံစမ်းလို့ရတဲ့ သတင်းကတော့ သူဟာ ဒီမှာ စခန်းချနေသေးတယ်'

ရီဖေးက....

'ဒါဆို အပြင်ထွက်သွားလို့ပဲ ဖြစ်မယ် ထင်တယ်'

'စောင့်ကြည့်ကြသေးတာပေါ့လေ'

ယီယန်က ဖျောင်းဖျလိုက်လေသည်။

သူတို့သည် စိတ်ရှည်ရှည်ထားကာ ဆက်၍ စောင့်ဆိုင်းနေလိုက်ကြရာ မိုးချုပ်သွားပြီး မကြာမီ လူတစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်ကို တွေ့ရလေသည်။

ထိုလူကိုမြင်သည်နှင့် ယီယန် အနည်းငယ် လှုပ်လှုပ်ရှရှ ဖြစ်သွားပြီး....

'အဲဒါ စုလုထင်းပဲ'

ဟု တီးတိုးပြောလိုက်သည်။

ရီဖေးက....

'သူက ဆိုင်အနောက်ဘက်ဝင်သွားတာနဲ့ အစီအစဉ်အတိုင်း ကျွန်တော်တို့ လိုက်သွားပြီး သုတ်သင်ပစ်လိုက်မယ်'

ဟု ပြောလေသည်။

ယီယန်း ခေါင်းညိတ်လိုက်သည်။

'အမြန်ဆုံး လှုပ်ရှားကြမယ်'

ဟု ပြောကာ ကိုယ်ဖော့ကာ စကြံ့လမ်းအတိုင်း ပြေးသွားလိုက်၏။

ယီယန်နှင့် သစ္စာရှိသိုင်းသမားငါးယောက်လည်း ပြေးလိုက်သွားကြလေသည်။

သူတို့ စင်္ကြံလမ်းကို ဖြတ်လိုက်သည်နှင့် အမှောင်ရိပ်ထဲမှ ဝင်းလက်သော အလင်းရောင်များ ထွက်ပေါ်လာလေသည်။

ရှီဖေး ရှုံ့ထိတ်သွား၏။

'သတိထား'

ယီယန်တို့အား သတိပေးကာ ကပျာကယာ ရှောင်တိမ်းလိုက်သည်။

ယီယန်လည်း ဘေးသို့ ခုန်ထွက်လိုက်၏။

နောက်မှလိုက်လာကြသော သိုင်းသမားငါးယောက်မှာမူ ရှောင်တိမ်းရန် ကြိုးစားလိုက်ကြသော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

'အား'

'အံမယ်လေး'



'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

သိုင်းသမားငါးယောက်သည် လက်နက်ပုန်း ထိမှန်ကာ လဲကျသွားကြလေတော့သည်။

ရှီဖေး မျက်နှာပျက်သွားသည်။

'အခြေအနေမဟန်ဘူး၊ ကျွန်တော်တို့ နောက်ဆုတ်မှ ဖြစ်မယ်'

ဟု ယီယန်ကိုပြောကာ စင်္ကြံလမ်းတစ်ဖက်သို့ ခုန်ထွက်လိုက်၏။

ယီယန်ကလည်း ရှောင်တိမ်းရန် ကြိုးစားလိုက်၏။

ထိုစဉ်မှာပင်....

'မင်းတို့ ပြေးလို့လွတ်မလား'

'အော်ဟစ်သံနှင့်အတူ စုလုထင်းသည် အမှောင်ရိပ်ထဲမှထွက်ပေါ်လာပြီး တရကြမ်း တိုက်ခိုက်လိုက်လေတော့သည်။

❦

ရီဖေးသည် စကြံ့လမ်းအပြင်ဘက် အမှောင်ရိပ်ထဲသို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

အန္တရာယ်မှ လွတ်ကင်းအောင် ရှောင်တိမ်းသွားနိုင်သည့် သဘောရှိ၏။

သို့သော်....

'ချွမ်း....ချွမ်း....ချွမ်း'

ဝဲဘက်မှ တိုက်ခိုက်သံများ ထွက်ပေါ်လာသဖြင့် ရင်ထိတ်သွားလေသည်။

ယီယန်သည် စုလုထင်းနှင့် ရင်ဆိုင်တိုက်ခိုက်နေရပြီ ဖြစ်ကြောင်းလည်း နားလည်လိုက်လေသည်။

ထို့ကြောင့် ကိုယ်လွတ်ရုန်းကာ ထွက်မသွားနိုင်ပါတော့ချေ။

တိုက်ခိုက်သံများ ထွက်ပေါ်လာရာဆီသို့ ခုန်ဝင်သွားလိုက်လေသည်။

ထိုအခါ....

ယီယန်သည် စုလုထင်းနှင့် ရင်ဆိုင်နေသည်ကို တွေ့လိုက်ရလေသည်။



ရီဖေးသည် ရှည်ရှည်ဝေးဝေး တွေးမနေဘဲ....

'ယား'

ညာသံပေးကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေတော့သည်။

စုလုထင်းသည် ဓားတစ်လက်ဖြင့် ယီယန်အား တိုက်ခိုက်နေခြင်း ဖြစ်ပါသည်။

သူ၏တိုက်ခိုက်မှုသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေကြောင်း တွေ့ရလေသည်။

ရီဖေးက....

'ကျုပ်တစ်ယောက်လုံး ရှိသေးတယ်ဗျ'

ဟု အော်ပြောကာ တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

သို့သော်....

စုလုထင်းနှင့် ရင်ဆိုင် လိုက် တော့ မှ အခြေအနေမဟန်ကြောင်း သဘောပေါက်သွားလေတော့သည်။

စုလုထင်း၏ သိုင်းပညာမှာ ကြောက်စရာကောင်းအောင် ထက်မြက်နေသည် မဟုတ်ပါလား။

ရီဖေး အံ့ဩသွားလေသည်။

စုလုထင်းသည် လူဆိုးကြီးတစ်ယောက်ဖြစ်ကြောင်း သိထား သော်လည်း သိုင်းပညာ ထက်မြက်နေမည် မထင်မိချေ။

ထိပ်တိုက်ရင်ဆိုင်လိုက်တော့မှ အပြင်းအထန် တိုက်ခိုက် လိုက်သည်။

'မင်းက ဘာတတ်နိုင်မှာမို့လဲ'

စုလုထင်းက ပြန်လည် တိုက်ခိုက်လိုက်သည်နှင့်....

'ချွမ်း'

ဓားဓားချင်း ပြင်းထန်စွာ ထိတွေ့မိသောအသံ ထွက်ပေါ် လာပြီး ရီဖေး နောက်ဆုတ်လိုက်ရလေသည်။

ထို့စဉ်....

'ယား'

ယီယန်ကလည်း တရကြမ်း ဝင်ရောက်တိုက်ခိုက်လေသည်။

စုလုထင်းက....

'ကျုပ်ရဲ့ဓားကွက်ကို ကြည့်ထားပါဦး'

ဟု ပြောကာ ဓားဝှေ့ယမ်းလိုက်လျှင်....



'ချွမ်း'

'အား'

ယီယန်၏ စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာလေတော့ သည်။

ရီဖေး ထိတ်လန့်သွားသည်။

'ဦးလေးယီ'

ကပျာကယာ ယီယန် ရှေ့သို့ခုန်ဝင်ပြီး အကာအကွယ်ပေး လိုက်သည်။

ယီယန်မှာ စုလုထင်း၏လက်ချက်ကြောင့် ဒဏ်ရာသုံးလေး ချက် ရရှိသွားလေသည်။

ယီယန်သည် ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်နေကာ အခြေအနေ မဟန်တော့ချေ။

ရီဖေး အံကြိတ်လိုက်သည်။

'ဦးလေးယီ မြန်မြန်ရှောင်သွားပါ၊ သူ့ကို ကျွန်တော် ဟန့်တားထားလိုက်ပါ့မယ်'

ဟု ပြောလိုက်၏။

ယီယန်က....

'ရီးဖေး....မင်း ထွက်သွား၊ ငါက အကြောင်းမထူးတော့ဘူး'

ရီဖေးက....

'ဦးလေးယီ....ချန်းလေးတစ်ယောက်တည်း ကျန်ရစ်ခဲ့တယ် ဆိုတာ မမေ့ပါနဲ့ဗျာ'

ချန်းလေးဆိုသောအမည် ကြားရလျှင် ယီယန် မျက်နှာပျက်သွားလေသည်။

ချန်းလေးသည် သူ့အတွက် အရေးအကြီးဆုံး လူတစ်ယောက် ဖြစ်နေသည်။

ကေရာဇ်ရဲတိုက်သည် ချန်းလေး၏လက်တွင်းသို့ ပြန်လည်ရောက်ရှိလာစေရန် သူတို့ ကြိုးစားရဦးမည် ဖြစ်လေသည်။

ရီဖေးက....

'ဦးလေးယီ သွားပါတော့'

ဟု ပြောကာ တွန်းထုတ်လိုက်သည်။

ယီယန်သည် ဒယီးဒယိုင်ဖြင့် လွင့်စဉ်သွားလေသည်။

ရီဖေးက....

'ခင်ဗျား သတ္တိရှိရင် ကျုပ်နောက်လိုက်ခဲ့'



ဟု စုလုထင်းကို စိန်ခေါ်လိုက်ပြီး ခုန်ထွက်သွားလေသည်။

စုလုထင်း ခံပြင်းသွားလေသည်။

'သိကြသေးတာပေါ့ကွာ'

ဟု အော်ငေါက်ကာ ပြေးလိုက်သွားလေသည်။

စုလုထင်းက ရီဖေးနောက်သို့ လိုက်သွားခြင်းကြောင့် ယီယန် သက်သာသွားလေတော့သည်။

စမ်းရေတွင်းကျေးရွာ....

ယီယန်သည် သူ၏ အိမ်သို့ အရောက်ပြန်လာနိုင်ခဲ့လေသည်။

သို့သော်....

သူနှင့်အတူ လိုက်ပါသွားခဲ့ကြသည့် ရီဖေးနှင့် သိုင်းသမားငါးယောက် ပါမလာကြတော့ပါ။

ချန်းလေးသည် ညဉ့်နက်သည်အထိ အိပ်မပျော်နိုင်ဘဲ စောင့်နေခဲ့ခြင်း ဖြစ်သည်။

ယီယန် ပြန်ရောက်လာသောအခါ သန်းခေါင်ယံချိန်သို့ ရောက်နေပြီ ဖြစ်လေသည်။

တစ်ကိုယ်လုံး သွေးခြင်းခြင်း နီရဲနေသည့် ယီယန် အိမ်ထဲသို့ ဝင်လာသည်ကိုမြင်လျှင် ချန်းလေး ထိတ်လန့် တုန်လှုပ်သွားလေတော့သည်။

'ဟင်... ဦးလေးယီ'

ကပျာကယာ ပြေး၍ ဖေးမလိုက်လေသည်။

ယီယန်က....

'ချန်းလေး အခြေအနေ မဟန်ဘူး၊ စုလုထင်းယာ တို့ထင်တာထက် ပိုပြီး ကြောက်စရာကောင်းတဲ့ လူတစ်ယောက် ဖြစ်နေပြီ'

ဟု အားယူကာ ပြောလေသည်။

ချန်းလေးက....

'ဦးလေးယီ... ရီဖေါ်ကော'

ရီဖေးအတွက် စိုးရိမ်ပူပန်စွာ မေးလိုက်လေသည်။

ယီယန်က....

'စုလုထင်းက ကျုပ်အကြောင်းကို သိသွားပြီး ဒီနေရာအထိ လိုက်လာပြီး ဒုက္ခပေးမှာ သေချာတယ်၊ ဒီနေရာက အမြန်ဆုံး ရှောင်တွက်သွားမှ ဖြစ်မယ် ချန်းလေး'

ချန်းလေး ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် သူနဲ့ ရင်ဆိုင်မယ် ဦးလေးယီ'



ယီယန်က ...

'မင်းမှ သိုင်းပညာ မတတ်တာ၊ သူ့ကို ဘယ်လိုလုပ် ရင်ဆိုင်မှာလဲ'

'ကျွန်တော်....'

ချန်းလေး မည်သို့ ဆက်ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ယီယန်က ..

'ချန်းလေး မင်းကို သခင်ကြီးက စာအုပ်တစ်အုပ် ပေးခဲ့တယ်ဆိုတာ ငါသိထားတယ်'

ချန်းလေးက ...

'ဟုတ်ပါတယ် ... ဦးလေးယီ'

ယီယန် ဝမ်းသာသွားသည်။

'အဲဒီ စာအုပ်ထဲမှာ သခင်ကြီးနဲ့ သိုင်းပညာသင်ဘက်ဖြစ်တဲ့ ရသေ့ကြီးစွေ့ နေထိုင်တဲ့ နေရာကို ဖော်ပြထားလိမ့်မယ်၊ ရသေ့ကြီး စွေ့ဆီကို မင်း ရောက်အောင်သွားပါ၊ သူ့ဆီမှာ သိုင်းပညာကို သင်ယူနိုင်မှ စုလုထင်းကို မင်း ရင်ဆိုင်နိုင်လိမ့်မယ်'

ချန်းလေး ရင်မောသွားလေသည်။

ယီယန်က....

'ချန်းလေး... ငါ့ကိုထားခဲ့၊ ရသေ့ကြီး စွေ့ဆီကို အမြန်ဆုံး ပြေးပေတော့'

ဟု ပြောလိုက်လေသည်။

ထိုစဉ်....

'ဟား....ဟား...ဟား'

ကျယ်လောင်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချန်းလေး ရင်ထိတ်သွားပြီး ကပျာကယာ လှမ်းကြည့်လိုက်၏။

ထိုအခါ....

ရယ်မောရင်း အိမ်ထဲသို့ လှမ်းဝင်လာသည့် စုလုံထင်းအား တွေ့လိုက်ရလေတော့သည်။

❦

'ဟား....ဟား...ဟား'

စုလုထင်း ဟားတိုက် ရယ်မောနေလေသည်။

ချန်းလေး မျက်နှာပျက်သွားသည်။



စုလုထင်းသည် သူတို့အား အပြီးတိုင် သုတ်သင်ရှင်းလင်းပစ်ရန် လိုက်လာပြီ မဟုတ်ပါလား။

ယီယန်က အံကြိတ်လိုက်သည်။

'ချန်းလေး... မင်း ပြေးပေတော့'

ဟု ပြောကာ စုလုထင်းနှင့် ရင်ဆိုင်လိုက်လေသည်။

စုလုထင်းက ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျား ဘာမှ မတတ်နိုင်ပါဘူးဗျာ'

ယီယန် ဂရုမစိုက်သလို ပြောလေသည်။

ချန်းလေးက အံကြိတ်ရင်း....

'ကျုပ် သူငယ်ချင်း ရီဖေးကို ခင်ဗျားဘာလုပ်လိုက်ပြီလဲ'

ဟု မေးလိုက်၏။

စုလုထင်း ပြုံးလိုက်သည်။

သူ၏ လက်တစ်ဖက် ဝှေ့ယမ်းလိုက်သောအခါ...

'ထောက်'

ဓားတစ်လက်သည် ကြမ်းပြင်ပေါ် စိုက်ဝင်သွားလေသည်။

ထိုဓားကိုမြင်လျှင်....

'ဟာ'

ချန်းလေး လွှတ်ခနဲ အော်လိုက်မိလေသည်။

အကြောင်းမှာ....

ထိုခါးသည် ရီဖေး ကိုင်ဆောင်ခဲ့သည့် ဓားဖြစ်နေသည် မဟုတ်ပါလား။

ရီဖေး ကံဆိုးသွားပြီဖြစ်ကြောင်း သိလိုက်ရလျှင် ချန်းလေး ဒေါသထွက်လာလေတော့သည်။

'လူယုတ်မာကြီး သေပေတော့'

ဟု အော်ဟေါက်ကာ စုလုထင်းထံသို့ ပြေးဝင်တိုက်ခိုက်လိုက်၏။

သိုင်းပညာ မတတ်သဖြင့် သူ၏ တိုက်ခိုက်မှုမှာ ပရမ်းပတာ ဖြစ်နေ၏။

'မလုပ်နဲ့'

ယီယန်က ဟန့်တားလိုက်သည်။

'ချန်းလေး အကျိုးမရှိတဲ့ အလုပ်ကို ဘာကြောင့် လုပ်ချင်ရတာလဲ၊ ရသေ့ကြီးဆီကို ရောက်အောင်သွားပါ၊ ဒါမှမဟုတ်ရင်တော့ လူယုတ်မာကို နှိမ်နင်းနိုင်မယ့်လူ ရှိတော့မှာမဟုတ်ဘူး'

ဟု သတိပေးလိုက်လေသည်။

သိုင်းပညာ တော်သော ရီဖေးသည်ပင် စုလုထင်း၏ လက်ချက် မိသွားရှာပြီ ဖြစ်လေသည်။



ဖခင်ဖြစ်သူ၊ အစ်ကိုဖြစ်သူ၊ မိတ်ဆွေဖြစ်သူတို့အတွက် စုလုထင်းအား သုတ်သင်ရန် တာဝန်ရှိနေချေပြီ။

သိုင်းပညာမရှိဘဲ ရင်ဆိုင်မည်ဆိုလျှင် အသက်ဆုံးရှုံးခြင်းသာ အဖတ်တင်ပေလိမ့်မည်။

ဒေါသကြောင့် အကျိုးမဲ့ ပျက်စီးရမည့်အဖြစ်ကို ချန်းလေး ...င်ခြင်မိလိုက်သည်။

ထိုကြောင့်....

ယီယန် ပြောသကဲ့သို့ ရသေ့ကြီးထံသို့ ဆုံးဖြတ်ရန်သွား...ိုက်၏။

ယီယန်က....

'ချန်းလေး၊ မင်း ဘာလုပ်နေတာလဲ၊ မြန်မြန် သွားတော့'

ဟု အော်ပြောလိုက်၏။

ထိုအခါမှ ချန်းလေးလည်း သတိဝင်လာသည်။

နောက်သို့ တရွေ့ရွေ့ဆုတ်ကာ ပြတင်းပေါက် အနီးသို့ ...က်လျှင် အပြင်ဘက် ခုန်ထွက်လိုက်လေသည်။

'မပြေးနဲ့'

စုလုထင်းက အော်ဟေါက်လိုက်၏။

ချန်းလေး နောက်သို့ ပြေးလိုက်သွားရန် ဟန်ပြင်လိုက်...ည်။

သို့သော်....

'ရပ်လိုက်'

ယီယန်က ဟန့်တားလိုက်လေသည်။

စုလုထင်း ဒေါပွသွားသည်။

ရွှေမှုလမ်းပိတ်ထားသည့် ယီယန်အား ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ယီယန်ကလည်း အသက်ကိုအမှုမထားဘဲပြန်လည်တိုက်ခိုက်နေသဖြင့် စုလုထင်း အခက်ကြုံသွား၏။

မည်သို့ဆိုစေ....

ယီယန်မှာ ဒဏ်ရာပြင်းစွာ ရထားသည်ဖြစ်ရာ ကြာကြာ တားဆီးနိုင်ခြင်း မရှိပါချေ။

ခြေကုန်လက်ပန်းကျကာ တဖြည်းဖြည်း သိုင်းကွက်များ ဖရိုဖရဲဖြစ်လာပြီး စုလုထင်း၏ လက်ဝါးရိုက်ချက် သူ၏ရင်ဝ ကျရောက်သွားသည်နှင့်....

'ဝုန်း'

'အား'

စူးရှစွာ အော်ဟစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။



ယီယန်သည် အသက်ပေးကာကွယ်လိုက်သဖြင့် ချန်းလေး လွတ်မြောက်သွားခဲ့လေသည်။

စုလုထင်း ချန်းလေးအား သဲကြီးမဲကြီး လိုက်လံရှာဖွေခဲ့သည်။

သို့သော်....

ချန်းလေးကို ရှာမတွေ့ပါ။

စုလုထင်း အခဲမကျေ ဖြစ်သွားသည်။

ချန်းလေးအား ရှာဖွေရန် မောက်ပါ ဦးဆောင်သော သိမ်းငှက်ဂိုဏ်းအား အသုံးချလိုက်လေသည်။

သိမ်းငှက်ဂိုဏ်းသားများသည် ချန်းလေးအား မြေလှန် ကြာကြာရှာဖွေကြလေတော့သည်။

ကျေးငှူးတရား

ပေ့ကျေးရွာ....

ချန်းလေသည် ပေ့ကျေးရွာသို့ ရောက်ရှိလာလေသည်။

ပေ့ကျေးရွာမှာ ထုံးစံအတိုင်း စည်ကားနေလေသည်၊

ချန်းလေးသည် ရွာထဲသို့ရောက်သောအခါ လူဝလက်ဖက်ရည်ဆိုင်တွင် ခေတ္တအနားယူပြီး မုန့်နှင့်လက်ဖက်ရည်မှာကြားစားသောက်လိုက်လေသည်။

နံနက်စောစောအချိန်ဖြစ်၍ လူရှင်းနေပါသည်။

မလှမ်းမကမ်းရှိ စားပွဲတွင် လူသုံးယောက်ထိုင်ကာ စားသောက်နေကြလေသည်။

ထိုလူသုံးယောက်သည် အလုပ်အကိုင် စီးပွားရေးကိစ္စများ၊ သာရေးနာရေး ကိစ္စများ ရောက်တတ်ရာရာ ပြောဆိုကြရင်း ကေရာဇ်ရဲတိုက်အကြောင်း ပါဝင်လာလေသည်။

တစ်ယောက်က....

'ကေရာဇ်ရဲတိုက်ဟာ အပြောင်းလဲကြီး ပြောင်းလဲသွားသွာ ဝမ်းနည်းစရာ ကောင်းလှပါတယ်ဗျာ'

ဟု ရေရွတ်လိုက်သည်။

အခြားတစ်ယောက်က...

'ဟုတ်တယ်ဗျို့၊ ရဲတိုက်ပိုင်ရှင်ကြီး ချန်းကုမုမရှိတဲ့နောက် သူ့ရဲ့သားတွေ တစ်ယောက်မှ အသုံးမကျကြဘူး၊ ဖခင်ခြေရာကို မနင်းနိုင်ကြဘူး၊ ချန်းဇီပေါက်က အသတ်ခံလိုက်ရပြီး ချန်းလေးက ရွှေမြို့တော်ကို ပြန်သွားတယ်၊ ရဲတိုက်ပိုင်ရှင်ဖြစ်နေတဲ့ ချန်းလီဟာလဲ အသုံးမကျတဲ့ ဘိန်းစားဖြစ်နေပြီ'

တတိယလူက....

'အင်း...ကျုပ်တို့နယ်ထဲမှာ ကေရာဇ်ရဲတိုက်ဆိုတာ နာမည်ပဲ ရှိတော့တယ်၊ တကယ်တမ်း လက်စောင်းထက်နေတာက သိမ်းငှက်ဂိုဏ်းဗျ၊ နတ်သမီးဆေးဆိုတဲ့ ဘိန်းကို သူတို့ပဲ သယ်ယူရောင်းဝယ်နေကြတာ၊ ကြာရင် တစ်နယ်လုံး ရေစုန်မျောမှာပဲ'

ပဉ္စမလူက....

'ဘာပဲဖြစ်ဖြစ် ကျုပ်တော့ သခင်ကြီးချန်းကုမုကိုတမ်းတမိတယ်ဗျာ'

ဒုတိယလူက....



'ဟုတ်ပါတယ်လေ၊ ဒုတိယသား ချန်းလီက ဘိန်းစားဖြစ်နေတော့ ဟန်လိုက ရဲတိုက်တစ်ခုသုံးကို အပိုင်စီးထားလိုက်တာပဲ'

တတိယလူက....

'တတိယသားချန်းလေးက ကေရာဇ်ရဲတိုက်ကိုဘာကြောင့် လျစ်လျူရှုလိုက်သလဲ မဆိုနိုင်ဘူး၊ တကယ်ဆိုရင် ဖခင်အမွေကို ဆက်ခံဖို့ စောင့်ထိန်းကောင်းတာဗျ'

ထိုသို့ဝေဖန်ပြောဆိုကြသော စကားများ ကြားလိုက်ရသောအခါ ချန်းလေးမှာ ဝမ်းနည်းကြေကွဲလာလေသည်။

သူသည် တစ်ကိုယ်ရေတစ်ကာယ ကောင်းစားရေးအတွက် ရွှေမြို့တော်သို့ပြန်ဖို့သာ စဉ်းစားခဲ့လေသည် မဟုတ်ပါလား။

ကေရာဇ် ရဲတိုက်အား မှီခို အားထားနေသူများအတွက် လုံးဝ ထည့်သွင်းစဉ်းစားခြင်း မပြုမိခဲ့ချေ။

ယခုမူ...

ဖခင်၏အမွေကို ဆက်ခံထိန်းသိမ်းရမည်ဟု သဘောပေါက်လေတော့သည်။

ထိုစဉ်....

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မြင်းစီးသမားတစ်စု ရွာထဲသို့ ဝင်လာကြလေသည်။ သိမ်းငှက်ဂိုဏ်းသားများ ဖြစ်ပါသည်။

ချန်းလေး ထိတ်လန့်သွားသည်။

'သူတို့ ငါ့ကို လိုက်ရှာနေကြတာပဲဖြစ်မယ်'

ဟု တွေးကာ အလျင်အမြန် ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ...

'ခုချိန်မှ မင်းထွက်သွားရင် ပိုပြီး သင်္ကာမကင်း ဖြစ်သွားမှာပေါ့၊ ငြိမ်ငြိမ်ထိုင်နေပါ'

လူတစ်ယောက်၏ စကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချန်းလေး ရင်ထိတ်သွား၏။

သူ့အားသတိပေးသံနှင့်အတူ သူ၏နံဘေး၌ ဝင်ရောက်ထိုင်ချလိုက်သူတစ်ဦးကြောင့် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွား၏။

ထိုလူက ...

'မင်းဟာ ချန်းလေးမဟုတ်လား'

ဟု မေးလာလေသည်။

ချန်းလေးသည် ဆိုလူအား မျက်လုံးပြူး၍ကြည့်ကာ ဘာမှ ပြန်မပြောဘဲ နေလိုက်လေသည်။



ထိုလူက....

'ကျုပ်နာမည် လုံယိလို့ ခေါ်တယ်၊ ကေရာဇ် ရဲတိုက် အကြောင်းကို မျက်ခြည်မပြတ် နားစွင့်နေတဲ့ လူတစ်ယောက်ပေါ့၊ မင်းဟာ ရွှေမြို့တော်ကို ပြန်မယ် ဆိုပြီး မပြန်ဖြစ်ဘဲ ကေရာဇ်ရဲတိုက်အပေါ် မတရားလုပ်ခဲ့တဲ့ လူတွေကို ရင်ဆိုင်ဖို့ ကြိုးစားနေတဲ့ ချန်းလေးဆိုတာ ကျုပ်သိတယ်'

ချန်းလေးသည် ထိုလူက သူ့အကြောင်းသိနေ၍ ပို၍ ထိတ်လန့်သွားလေသည်။

သို့သော်....

လုံယိဆိုသော အမည် ကြားဖူးသည်ဟု တွေးမိကာ စဉ်းစားလိုက်မှ အခက်အခဲကြုံလျှင် ကူညီမည့်သူများတွင် လုံယိ၏အမည် ပါဝင်နေကြောင်း အမှတ်ရလာလေသည်။

ထို့ကြောင့်....

'ဦးဟာ ကုန်စုံဆိုင်ပိုင်ရှင် လုံယိလားခင်ဗျ'

ဟု မေးလိုက်သည်။

ထိုလူမှာ ကုန်စုံဆိုင်ပိုင်ရှင် လုံယိ ဖြစ်ပါသည်။

လုံယိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မင်းအဖေဟာ ကျုပ်အပေါ်မှာ ကျေးဇူးရှိခဲ့တယ်၊ ကျုပ်က မင်းကိုကူညီမှာပါ၊ သိမ်းငှက်ဂိုဏ်းကလူတွေ မင်းကို လိုက်ရှာနေကြပြီ၊ မင်း ဒီကထွက်သွားမှဖြစ်မယ်'

'ဟုတ်...ဟုတ်ကဲ့'

'မင်း ဘယ်ကိုသွားချင်သလဲ'

ချန်းလေးက စဉ်းစားမနေဘဲ....

'ရသေ့ကြီးဆီကို သွားချင်ပါတယ်'

ဟု ပြောလိုက်၏။

လုံယိသည် မျက်မှောင်ကြုတ်သွားပြီးမှ....

'ရသေ့ကြီး စွေဆိုတာ ရဲတိုက်ပိုင်ရှင်ရဲ့ မိတ်ဆွေ ရသေ့ကြီး တစ်ယောက်ကို ပြောတာဖြစ်မယ်၊ အရပ်တုန်းက ရသေ့ကြီးဟာ ကေရာဇ်ရဲတိုက်ကိုလာရင်း ဒီရွာက ဖြတ်သွားကြတာ မကြာခဏ တွေ့ခဲ့ရဖူးတယ်'

ချန်းလေးက....

'ဟုတ်ပါတယ်၊ ကျွန်တော့်အဖေရဲ့ ပညာသင်ဖက် ရသေ့ကြီးပါ ခင်ဗျာ'

လုံယိက...

'ရသေ့ကြီး ဘယ်မှာနေသလဲဆိုတာ မင်းသိသလား'

ချန်းလေး ခေါင်းခါယမ်းလိုက်သည်။

'တောအုပ်ထဲမှာရှိနေတယ်လို့ပဲ သိရပါတယ်၊ ဘယ်နေရာမှာလဲ ဆိုတာတော့ တိတိကျကျ မသိပါဘူး'

လုံယိ အနည်းငယ်စဉ်းစားလိုက်ပြီး...



'ဒီလိုဆိုရင် တောကျွမ်းတဲ့ ထင်းခုတ်သမား လီထင်းကို အကူအညီ တောင်းမှထင်တယ်၊ သိမ်းငှက်ဂိုဏ်းက လူတွေက မင်းကို သဲကြီးမဲကြီး လိုက်ရှာနေကြတော့ လီထင်းဆီကို အရောက်သွားဖို့ မလွယ်သေးဘူး'

ချန်းလေးက....

'ထင်းခုတ်သမား လီထင်းဟာ ရသေ့ကြီးစွေ နေတဲ့ နေရာကို သိပါသလားခင်ဗျာ'

ဟု မေးလိုက်၏။

လုံယိက....

'လီထင်း မရောက်ဖူးတဲ့တောဆိုတာ မရှိဘူး၊ ရသေ့ကြီးက တောအုပ်တင်ခုခုထဲမှာ နေတယ်ဆိုရင် လီထင်းသိမှာပဲ'

ချန်းလေး ဝမ်းသာသွားလေသည်။

လုံယိက....

'လီထင်းဆီကိုဘယ်လိုသွားရမလဲဆိုတော့....အင်း....ဟုတ်ပြီ'

တစ်စုံတစ်ခုကို တွေးတောစဉ်းစားမိသည့်အလား ဝမ်းသာသွားဟန်ဖြင့်....

'မကြာခင် ကုန်သယ်လေးရွာက်ကုံးရဲ့ ကုန်ပစ္စည်းတင်တဲ့ မြင်းလှည်းတွေ ရောက်လာစရာရှိတယ်၊ မင်းက မြင်းလှည်းထဲက ကုန်ပစ္စည်းတွေကြားထဲ ပုန်းပြီးလိုက်သွားရင် သိမ်းငှက် ဂိုဏ်းသားတွေ ဘယ်လိုမှတွေ့တော့မှာ မဟုတ်ဘူး'

ဟု ပြောလေသည်။

ချန်းလေးက မငုံ့မရဲဖြင့်...

'ကုန်သည်လေး ရှောက်ကုံးက ကျွန်တော့်ကို လက်ခံပါ့မလား ခင်ဗျာ'

ဟု မေးလိုက်၏။

လုံယိ ပြုံးလိုက်ပြီး....

'ဘာကြောင့် လက်မခံရမှာလဲ၊ ငါတို့ဟာ မင်းအဖေရဲ့ ကျေးဇူးကို အမြဲတမ်း သတိရနေတဲ့လူတွေဆိုတာ မှတ်ထားစမ်းပါ၊ ကဲ....လာ၊ ငါနဲ့လိုက်ခဲ့'

'ကောင်းပါပြီဗျာ'

ချန်းလေးသည် လုံယိခေါင်းဆောင်ရာနောက်သို့ လိုက်ပါသွားလေတော့သည်။

သိမ်းငှက်ဂိုဏ်းသားများသည် ပေ့ကျေးရွာ၌ ပိုက်စိတ်တိုက် ရှာဖွေနေကြချိန်တွင် ချန်းလေးသည် လုံယိ၏ ကုန်စုံဆိုင်သို့ ရောက်ရှိသွားလေသည်။



လုံယိက ချန်းလေးအား ကုန်ပစ္စည်းများကြားတွင် ဝှက်ထားလိုက်သည်။

ထို့ကြောင့်....

သိမ်းငှက်ဂိုဏ်းသားများသည် ချန်းလေးအား ရှာတွေ့မသွားကြတော့ချေ။

သိမ်းငှက်ဂိုဏ်းသားများ ထွက်သွားပြီးမကြာမီ ကုန်သည်လေး ရှောက်ကုံး၏ မြင်းလှည်းများ ရောက်ရှိလာလေသည်။

လုံယိက ရှောက်ကုံးကို အကျိုးအကြောင်းပြောကာ ချန်းလေးအား အပ်လိုက်လေသည်။

ရှောက်ကုံးက ချန်းလေးအား ကုန်တင်မြင်းလှည်းတစ်စီးပေါ်၌ ဝှက်ကာ ခေါင်းဆောင်သွားလေတော့သည်။

လမ်းခရီးတစ်လျှောက်တွင် သိမ်းငှက်ဂိုဏ်းသားများနှင့် မကြာခဏ ကြုံတွေ့ရလေသည်။

သို့သော်....

ရှောက်ကုံးတို့ လူစုသည် မြင်းလှည်းများကို ဟန်မပျက်နှင်လာကြရင်း ဖြတ်ကျော်လာနိုင်ခဲ့ကြလေသည်။

ဤသို့ဖြင့် အတော်လေး ခရီးတွင်လာခဲ့ကြလေသည်။

ပေ့ကျေးရွာနှင့် မိုင်ငါးဆယ်ခန့်အကွာရှိ တောအုပ်တစ်ခုသို့ ရောက်ရှိလာသောအခါ...

'ရပ်လိုက်စမ်း'

ဟန့်တားသံနှင့်အတူ သိမ်းငှက်ဂိုဏ်းသားများ ပြေးထွက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟေး... ရပ်လိုက်'

ရှောက်ကုံးက မြင်းလှည်းများကို ရပ်တန့်ရန် အမိန့်ပေးလိုက်၏။

ထို့နောက်...

မြင်းလှည်းပေါ်မှဆင်းကာ သိမ်းငှက်ဂိုဏ်းသားများနှင့် ရင်ဆိုင်လိုက်လေသည်။

'နောင်ကြီးတို့ ဘယ်လိုအကြောင်းကိစ္စများ ရှိလို့လဲဗျာ၊ ကျုပ်က စီးပွားဖျက်ကုန်သည်ရှောက်ကုံးပါ'

ပြုံးပြုံးရွှင်ရွှင် ရင်းနှီးသောလေသံဖြင့် မေးလိုက်လေသည်။

သိမ်းငှက်ဂိုဏ်းသားများအား ဦးဆောင်လာသူမှာ ခေါင်းတုံးကြီးတစ်ယောက် ဖြစ်လေသည်။

ခေါင်းတုံးကြီးက...



'ကျုပ်တို့က လူတင်ယောက်ကို ရှာနေကြတာပဲ၊ မင်းတို့ရဲ့ မြင်းလှည်းတွေကိုလဲ ရှာရလိမ့်မယ်'

ဟု ပြောကာ လူများအား လက်ဝှေ့ယမ်းပြလိုက်လေသည်။

သူ၏လူများသည် ချက်ချင်းပင် မြင်းလှည်းများကို ဝိုင်းရံလိုက်ကြလေသည်။

မြင်းလှည်းပေါ်မှ ပစ္စည်းများကို မြေပေါ်သို့ နှံ့နှံ့စပ်စပ် ရှာဖွေရန် ဟန်ပြင်လိုက်ကြလေသည်။

ရှောက်ကုံး ဟန်ပြင်လိုက်ကြလေသည်။

ရှောက်ကုံး ရင်ထိတ်သွား၏။

သို့သော်....

ဟန်ဆောင်၍ ပြုံးလိုက်ပြီး...

'နောင်ကြီးခင်ဗျား၊ ကျုပ်တို့လမ်းခရီးမှာ မကြာခဏ အစစ်ဆေးခံခဲ့ရလို့ အချိန်တော်တော်ကုန်ခဲ့ရပါတယ်၊ ကုန်ပစ္စည်းတွေကို ပိုင်ရှင်လက်ထဲ အရောက်ပို့ဖို့ အချိန်နောက်ကျနေပါပြီ၊ အချိန်မီ မပို့နိုင်ရင် အလျော်ပေးရမှာပါ၊ ဒါကြောင့် ကျုပ်တို့ကို သွားခွင့်ပြုပါဗျာ၊ နောင်ကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူး'

ဟု ပြောကာ ငွေစက္ကူတစ်ထပ်ထုတ်၍ ခေါင်းတုံးကြီး၏ လက်ထဲ ထည့်ပေးလိုက်လေသည်။

ငွေရလျှင် ခေါင်းတုံးကြီး၏ မျက်နှာထား ပြောင်း လဲသွားလေသည်။

'ဩော်....လမ်းခရီးမှာ ကျုပ်တို့လူတွေက အထပ်ထပ်ရှာဖွေခဲ့ပြီးပြီကိုး၊ ဒါဆိုလဲ ရှာမနေတော့ပါဘူး'

ဟု ပြောကာ....

'ကဲဟော့... သူတို့ကို ရှာစရာမလိုတော့ဘူး၊ သွားခွင့်ပြုလိုက်တော့'

ဟု ငယ်သားများကို အမိန့်ပေးလိုက်လေသည်။

သိမ်းငှက်ဂိုဏ်းသားများလည်း ချက်ချင်း နောက်ဆုတ်သွားကြလေသည်။

ရှောက်ကုံးက ...

'ကျေးဇူးပဲဗျာ'

ခေါင်းတုံးကြီးအား ကျေးဇူးတင်စကားပြောကာ ကပျာကယာ မြင်းလှည်းပေါ်တက်ပြီး မောင်းနှင်သွားလေသည်။

ဤသို့ဖြင့်....

ချန်းလေးသည် ကံကောင်းထောက်မစွာ အန္တရာယ်မှ လွတ်မြောက်သွားလေတော့သည်။

❦



ရှောက်ကုံးတို့၏ မြင်းလှည်းသည် နောက်ထပ်အန္တရာယ်မတွေ့ရဘဲ ခရီးဆက်လာနိုင်ခဲ့ကြလေသည်။

တစ်နေ့နှင့်တစ်ည ခရီးနှင်ပြီးသောအခါ လမ်းဆုံလမ်းခွထစ်ခုသို့ ရောက်လေသည်။

ရှောက်ကုံးက မြင်းလှည်းကို ရပ်လိုက်သည်။
ချန်းလေးအား ခေါ်ယူလိုက်ပြီး....

'ကျုပ်က ထင်းခုတ်သမားဆီကိုရောက်တဲ့အထိ ပို့ပေးချင်ပါတယ်၊ ဒါပေမယ့် နောက်ယောင်ခံလိုက်လာတဲ့လူရှိခဲ့ရင် အခက်ကြုံရလိမ့်မယ်၊ ဒါကြောင့် မိတ်ဆွေဘာသာ ဆက်ပြီးသွားဖို့ တောင်းပန်ပါတယ်ဗျာ'

ဟု ပြောလိုက်၏။

ချန်းလေး ခေါင်းညိတ်လိုက်သည်။
'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်ကို အခုလိုကူညီတာပဲ ကျေးဇူးတင်လှပါပြီ'
ရှောက်ကုံးက....

'ဟောဒီလမ်းအတိုင်းသွားပါ၊ တောအုပ်တစ်ခုကို ဖြတ်ကျော်မိတာနဲ့ ထင်းခုတ်သမား လီထင်းဆီကို ရောက်သွားပါလိမ့်မယ်'

ဟု လမ်းညွှန်ပေးလေသည်။
ချန်းလေးက....

'ကျေးဇူးပါပဲဗျာ'

ရှောက်ကုံးက နှုတ်ဆက်ပြီး မြင်းလှည်းများနှင့်အတူ ရှေ့ဆက် ထွက်ခွာသွားလေသည်။ ချန်းလေးလည်း ရှောက်ကုံး ညွှန်ပြသည့် လမ်းအတိုင်း ခပ်သွက်သွက် သွားလိုက်ရာ တော အုပ်တစ်ခုကို ဖြတ်ကျော်ပြီးလျှင် တောင်ကုန်းလေးတစ်ခုပေါ် သို့ အိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့လိုက်ရ၏။

ထိုအိမ်လေးသည် ထင်းခုတ်သမား လီထင်း၏ အိမ်ပင် ဖြစ်လေသည်။

ထင်းခုတ်သမားလီထင်း၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝဲနေလေသည်။

ချန်းလေး၏လက်ကို ဆုပ်ကိုင်ရင်း....

'မိတ်ဆွေလေးရဲ့ဖခင်ဟာ ကျုပ်တို့အပေါ်မှာ ကျေးဇူး ကြီးလှပါတယ်ဗျာ၊ သူ့ရဲ့ကျေးဇူးတွေ ဆပ်လို့မကုန်နိုင်လောက်



အောင်ပါပဲ၊ ကျုပ်က မိတ်ဆွေလေးကို ပြန်ပြီး ကူညီခွင့် ရတာ ကိုပဲ ဝမ်းသာလှပါပြီ'

ဟု လှိုက်လှိုက်လှဲလှဲ ပြောလေသည်။

ချန်းလေးသည် လီထင်းနှင့်တွေ့ဆုံကာ အကျိုးအကြောင်း ရှင်းပြလိုက်သဖြင့်....

လီထင်းသည် ချန်းလေး၏ လာရင်းကိစ္စကို သိရှိသွားပြီ ဖြစ်လေသည်။

ချန်းလေးက...

'ဒါထက် ဦးလေး ရသေ့ကြီး စေ့ကို သိသလားဗျာ'

ဟု မေးလိုက်၏။

လီထင်းက....

'သိပါတယ်၊ ကျုပ်က ထင်းခုတ်သွားရင်း တောထဲမှာ မကြာခဏ ဆုံတွေ့ဖူးပါတယ်'

ချန်းလေး ဝမ်းသာသွားသည်။

'ဒါဆို ကျွန်တော့်ကို လိုက်ပို့ပေးပါလားဗျာ'

လီထင်းက ...

'စိတ်ချ၊ ရသေ့ကြီးဆီကို ရောက်အောင် ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးမှာပေါ့'

ဟု ကတိပေးလေသည်။

နက်ရှိုင်းလှသော တောအုပ်အတွင်း၌ အေးစိမ့်နေသော လျှိုမြောင်ကြီးတစ်ခု ရှိသည်။

ထိုလျှိုမြောင်ကြီးအတွင်း၌ မြေကွက်လပ်တစ်ခုနှင့် ကျောင်းသင်ခန်းတစ်ဆောင် ရှိသည်။ ရသေ့ကြီး စေ့ နေထိုင်သောနေရာသို့ရောက်သည်အထိ လီထင်းက ချန်းလေးအား လိုက်လံပို့ဆောင်ပေးခဲ့သည်။

ချန်းလေးသည် ရသေ့ကြီး စေ့ အား အကျိုးအကြောင်းပြောပြကာ သိုင်းပညာသင်ပေးရန် အကူအညီတောင်းလိုက်၏။

ရသေ့ကြီး စေ့ထံမှ သိုင်းပညာ သင်ယူတတ်မြောက်လျှင် စုလုထင်းအား ရင်ဆိုင်နိုင်မည် မဟုတ်ပါလား။

သို့သော်....

'မင်းကို ငါ သိုင်းပညာ သင်မပေးနိုင်ပါဘူးကွယ်'

ရသေ့ကြီး စေ့က သိုင်းပညာ သင်ပေးရန် ငြင်းပယ်လိုက်လေသည်။



လေ ဝှေ့ယမ်းတိုက်ခတ်နေလေသည်။

ရော်ရွက်များသည် လေနှင့်အတူ ဝေ့ကာဝဲကာဖြင့် ကြွေကျလာလေသည်။

ချန်းလေးသည် ရော်ရွက်များကို ငေးကြည့်မိသည်။

သူ၏ဘဝသည်လည်း လေယူရာလွင့်ရတော့မည့် ရော်ရွက်ဝါနှင့် မခြားတော့ပြီ မဟုတ်ပါလား။

ရသေ့ကြီးစေ့က သူ့အား သိုင်းပညာ သင်မပေးနိုင်ပါဟု ငြင်းဆန်ခဲ့လေသည်။

'ငါ့ကို ဘာကြောင့် သိုင်းပညာသင်မပေးနိုင်တာလဲ'
ဟု အထပ်ထပ် တွေးတောမိလေသည်။

ရသေ့ကြီး စေ့ သည် သူ့ဖခင်၏ ပညာသင်ဘက် မိတ်ဆွေဆိုပါလျှင် ဒုက္ခရောက်နေသော သူ့ကို ကူညီသင့်သည် မဟုတ်ပါလား။

ယခုတော့ လျစ်လျူရှုထားသကဲ့သို့ ရှိနေ၏။

ချန်းလေးသည် မည်သည့်နေရာသို့သွားရမှန်း မသိတော့ပါ။

သိမ်းငှက်ဂိုဏ်းသားများသည် သူ့အား မြေလှန်ရှာဖွေနေကြပြီ ဖြစ်သည်။

ချန်းလေးသည် သစ်ပင်အောက်၌ ထိုင်ချလိုက်၏။
မလှမ်းမကမ်း၌ရှိ ရသေ့ကြီး၏ ကျောင်းသင်ခန်းဆီသို့ ငေးကြည့်လိုက်မိသည်။

ထိုစဉ် ရသေ့ကြီးထွက်လာသည်ကို တွေ့ရလေသည်။

ရသေ့ကြီးသည် ချန်းလေးက သစ်ပင်အောက်၌ ထိုင်နေသည်ကို တွေ့ရလျှင် ခပ်သွက်သွက်လှမ်းလာလေသည်။

အနီးသို့ရောက်လျှင် ...

'ဟော့ ... မင်းမသွားသေးဘူးလား'

ဟု မေးလိုက်လေသည်။

ချန်းလေး ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော် မသွားနိုင်ပါဘူး'

'ဟေ ဘာဖြစ်လို့လဲ'

'ကျွန်တော်ဟာ သိုင်းပညာသင်ဖို့ လာခဲ့တာပါ၊ သိုင်းပညာ မသင်ရဘဲ မပြန်ပါဘူး'

ယခု...

ချန်းလေးသည် အကြီးအကျယ် ပြောင်းလဲသွားပြီဟု ဆိုနိုင်ပါတော့သည်။

သူသည် အမြဲတစေ ပျော့ပျော့ပျောင်းပျောင်းနေသူ၊ ရှက်တတ် ကြောက်တတ်သူ ဖြစ်သည်။

ခေါင်းမာသူတစ်ယောက် မဟုတ်ချေ။

သူ ကြုံတွေ့ခံစားလိုက်ရသည့် အဖြစ်အပျက်များကြောင့် စိတ်ဓာတ်မာကျောသူ၊ ခေါင်းမာသူ ဖြစ်လာပြီတည်း။



ရသေ့ကြီးက ...

'နေပါဦး၊ မင်းက ဘာကြောင့် သိုင်းပညာသင်ချင်ရတာလဲ'

ဟု မေး၏။

ချန်းလေးက ...

'ဒုစရိုက်သမားတွေကို ချေမှုန်းပစ်ချင်လို့ပါ'

ဟု ပြောလိုက်၏။

ရသေ့ကြီးပြုံးလိုက်သည်။

'မင်းအဖေနဲ့အစ်ကို အသတ်ခံလိုက်ရတာကြောင့် လက်စားချေချင်တဲ့သဘော မဟုတ်လား'

ချန်းလေးက....

'ဒီအချက်ပိုပါတယ်၊ ဒုစရိုက်သမားတွေရှိနေသမျှ ကျွန်တော့်လို ဆိုးဝါးတဲ့အဖြစ်တွေနဲ့ ကြုံတွေ့နေမယ့်လူတွေ ရှိနေဦးမှာပါ၊ ခုဆိုရင် တစ်နယ်လုံး ပျက်စီးသလောက် ဖြစ်နေပါပြီ၊ ဒုစရိုက်မှုတွေ လွှမ်းမိုးနေပါပြီ၊ ဒါကို တိုက်ဖျက်သွားရမှာ ဖြစ်ပါတယ်'

ဟု ပြောလိုက်၏။

ရသေ့ကြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'အင်း....မင်းရောက်လာတုန်းက ငါ့ကို အဖေရဲ့မိတ်ဆွေပဲ၊ မင်းအဖေရဲ့ရန်သူတွေကို ရင်ဆိုင်ရာမှာ မင်းကို ငါကူညီလိမ့်မယ်လို့ ယုံကြည်ပြီး အကူအညီတောင်းခဲ့တာမဟုတ်လား'

ချန်းလေးက....

'ဟုတ်ပါတယ်ခင်ဗျာ'

ရသေ့ကြီးက...

'အေး... သိုင်းပညာဆိုတာ တစ်ဦးကောင်း တစ်ယောက်ကောင်း ကိုယ်ကျိုးအတွက် အသုံးချရတဲ့ပညာ မဟုတ်ဘူး၊ အများအကျိုး သယ်ပိုးဆောင်ရွက်ရာမှာ အသုံးပြုရတဲ့ ပညာရပ်မျိုး ဖြစ်တယ်၊ မင်းရဲ့ ကိုယ်ရေးကိုယ်တာအတွက်ဆိုရင် ငါ သင်မပေးနိုင်ဘူး၊ ဒါပေမယ့် ဒုက္ခရောက်နေသူတွေကို ကူညီဖို့ ဒုစရိုက်သမားတွေကို ချေမှုန်းဖို့ဆိုရင် ငါသင်ပေးပါ့မယ်'

ဟုပြောလေသည်။

ထိုစကားကြားလျှင် ချန်းလေး အံ့ဩဝမ်းသာသွားလေတော့သည်။

ရသေ့ကြီးက....

'ငါ့နောက်လိုက်ခဲ့'

ဟုပြောကာ ထွက်သွား၏။

ချန်းလေးလည်း ချက်ချင်း ခုန်ထကာ လိုက်ပါသွားလေတော့သည်။

❦

အမိုက်ထိပ်ခေါင်

'တောက်'

စုလုထင်း ဒေါသတကြီး တက်ခေါက်လိုက်သည်။

ဟန်လုံနှင့်မောက်ပါတို့ ခေါင်းငုံ့ထားလိုက်ကြ၏။

စုလုထင်းသည် ချန်းလေးအား ရှာမတွေ့သဖြင့် ဒေါသထွက်နေပြီ မဟုတ်ပါလား။

စုလုထင်းက မောက်ပါကို စိုက်ကြည့်လိုက်ပြီး....

'မောက်ပါ....မင်းတော်တော် အသုံးမကျပါလား၊ သိုင်းပညာမတတ်တဲ့လူတစ်ယောက်ကို သိမ်းငှက်ဂိုဏ်း အသုံးပြုပြီး ရှာဖွေတာတောင် တွေ့အောင် မရှာနိုင်ဘူးလား'

ဟု ငေါက်လိုက်လေသည်။

မောက်ပါ ဘာမျှပြန်မပြောနိုင်ချေ။

စုလုထင်းက ဟန်လုံဘက်လို့ လှည့်လိုက်သည်။

‘ခင်ဗျားကော ဘာပြောချင်သလဲ’

ဟု မေးလိုက်၏။

ဟန်လုံက -

‘ရဲတိုက်ပိုင်ရှင်ကြီး မကွယ်လွန်မီက ချန်းလေးကို စာအုပ်တစ်အုပ် ပေးသွားပါတယ်၊ အဲဒီစာအုပ်ထဲမှာ အခက်အခဲရှိရင် အကူအညီပေးမယ့်လူတွေရဲ့အမည်တွေ ရေးသားထားတယ်လို့ သိပါတယ်’

စုလုထင်း မျက်မှောင်ကြုတ်သွားလေသည်။

‘ဩော်... ချန်းလေးကို အကူအညီပေးမယ့်လူတွေ ရှိနေတယ် ဆိုပါတော့’

‘ဟုတ်ပါတယ်’

‘ကဲ... ဘယ်သူတွေလဲ ပြောစမ်းပါဦး’

ဟန်လုံက စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်ပြီး....



‘ကျုပ် စုံစမ်းလို့ရသလောက် အမည်တွေကို ရေးထားပါတယ်’

ဟုပြောကာ စုလုထင်းအား ကမ်းပေးလိုက်လေသည်။

စုလုထင်းက ဖျတ်ခနဲဆွဲယူကာ ဖတ်ကြည့်လိုက်၏။

ဟန်လုံသိထားသည်ကပင် လူဆယ်ယောက်မက ရှိနေသည်ကို တွေ့ရ၏။

ထို့ကြောင့်....

ချန်းလေးအား ကူညီမည့်သူ အများအပြားရှိနေကြောင်း ဆင်ခြင်မိလိုက်၏။

စုလုထင်း ပို၍ မကျေမနပ်ဖြစ်လာသည်။

‘ချန်းလေးကို ကူညီတဲ့သူဟာ ကျုပ်ရဲ့ရန်သူပဲ’

ဟု ပြောလိုက်၏။

တစ်ဆက်တည်းပင် စာရွက်ကို မောက်ပါအား လှမ်းပေးလိုက်ပြီး....

‘ဒီအမည်စာရင်းမှာပါတဲ့ လူတွေကိုဖမ်းပြီး ချန်းလေးအကြောင်း စုံစမ်းပါ’

ဟု အမိန့်ပေးလိုက်သည်။

ယခု....

စုလုထင်းသည် သိမ်းငှက်ဂိုဏ်းနှင့် ကေရာဇ်ရဲတိုက်အပေါ် ဩဇာညောင်းသူ ဖြစ်နေပြီတည်း။

ကေရာဇ်ရဲတိုက်ပိုင်ရှင်ဖြစ်သော ချန်းလီမှာ ဘိန်းစားကြီး လုံးလုံး ဖြစ်နေချေပြီ။

ကေရာဇ်ရဲတိုက်အား ဟန်လုံကပင် စီမံအုပ်ချုပ် နေရသည်။

ချန်းကုမှ တည်ထောင်ခဲ့သော ရဲတိုက်သည် သူတစ်ပါး၏ လက်အောက်သို့ ရောက်ရှိသွားပြီဆိုနိုင်ပေတော့သည်။

စုလုထင်းက....

'ကဲ... အမြန်ဆုံး ဆောင်ရွက်ပေတော့၊ ချန်းလေးဟာ အန္တရာယ်ကောင်ပဲ၊ သူ့ကိုမိအောင်မဖမ်းနိုင်ရင် တစ်နေ့သူက ဒုက္ခပေးလိမ့်မယ်'

ဟု ပြောလိုက်သည်။

ဟန်လုံက စောဒကတက်လိုက်သည်။

'ချန်းလေးဟာ ကြောက်တတ်တဲ့ လူတစ်ယောက်ပါ၊ သူဟာ....'



သူ၏ စကားမဆုံးမီ စုလုထင်းက ကြားဖြတ် ပြောလိုက်လေသည်။

'ခင်ဗျားအဖေနဲ့အစ်ကိုကို အသတ်ခံရမယ်၊ ဥစ္စာပစ္စည်းဆုံးရှုံးသွားမယ်ဆိုရင် ခင်ဗျားက သူရဲဘောကြောင်နေဦးမှာလားဗျ'

ဟန်လုံ ပါးစပ်ပိတ်ထားလိုက်လေသည်။

စုလုထင်းက....

'ချန်းလေးဟာ ကြောက်စရာ အကောင်းဆုံး လူတစ်ယောက် ဖြစ်နေပြီ။ သူ့ကိုတွေ့အောင်ရှာနိုင်ရင်ရှာ မရှာနိုင်ရင် ဒုက္ခရောက်ဖို့သာ ပြင်ထားပေတော့'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်လေတော့သည်။

အချိန်များက တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။
ခြောက်လ....

ခြောက်လဟူသောအချိန်ကာလကျော်လွန်လာခဲ့ပြီ ဖြစ်လေသည်။

ရသေ့ကြီးသည် ချန်းလေးအား သိုင်းပညာ သင်ပေးခဲ့သည်။

ချန်းလေးသည် အတွင်းအားမရှိသလို သိုင်းပညာ စိုးစဉ်းမျှ မသင်ခဲ့ရသူ ဖြစ်သည်။

ထို့ကြောင့်....

ရသေ့ကြီးသည် ချန်းလေးနှင့် အလိုက်ဖက်ဆုံးဖြစ်မည့် သိုင်းကွက်တစ်ကွက်ကို ရွေးချယ်သင်ကြားပေးခဲ့လေသည်။

သိုင်းကွက်တစ်ကွက်တည်းသာ သင်ပေးခြင်းဖြစ်သည်။

ချန်းလေးက စောဒကမတက်ပါ။

ရသေ့ကြီးသင်ပေးသည့် သိုင်းကွက်ကိုသာ အပြင်းအထန် လေ့ကျင့်လိုက်လေသည်။

သို့ဖြင့်....

ခြောက်လကြာသောအခါ ရသေ့ကြီးသင်ပေးသည့် သိုင်းကွက်ကို ကျွမ်းကျင်စွာ တတ်မြောက်သွားလေသည်။

ထိုအချိန်တွင် ..

လီထင်းသည် ချန်းလေးနှင့် ရသေ့ကြီးထံသို့ ရောက်ရှိလာလေသည်။



သိမ်းငှက်ဂိုဏ်းသည် ချန်းလေးအား ကူညီမည့်သူများအား လိုက်လံရှာဖွေဖမ်းဆီးကာ ဒုက္ခပေးနေကြောင်းသတင်း လာပို့ခြင်း ဖြစ်လေသည်။

ထို့အပြင် ....

ရသေ့ကြီးထံသို့လည်း အချိန်မရွေး ရောက်လာနိုင်ကြောင်း လာရောက်သတိပေးခြင်းဖြစ်လေသည်။

သိမ်းငှက်ဂိုဏ်းက ပေ့ကျေးရွာမှ လုံယိကို လည်းကောင်း၊ စီးဟော့မြို့မှ ကုန်သည်ရှောက်ကုံးကို လည်းကောင်း ဖမ်းဆီးထားကြောင်း သိလိုက်ရ၏။

ထို့အပြင် ...

ကေရာဇ်ရဲတိုက်တွင် ကျန်ရစ်ခဲ့သော ချန်းလီကို သုတ်သင်ကာ ဟန်လုံကို ရဲတိုက်ပိုင်ရှင်အဖြစ် တင်မြှောက်လိုက်ကြောင်းလည်း သိလိုက်ရ၏။

ချန်းလေး မနေနိုင်တော့ပါ။

'ဆရာ... သူတို့ကို ကျွန်တော် သွားပြီး ရင်ဆိုင်ပါရစေခင်ဗျာ'

ဟု ခွင့်တောင်းလိုက်လေသည်။

ရသေ့ကြီး ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ မင်း သွားပြီးဆုံးမဖို့ အချိန်တန်ပါပြီလေ'

ဟု ခွင့်ပြုလိုက်လေသည်။

သိုင်းတင်ကွက်သာ တတ်မြောက်သေးသော ချန်းလေးအား ရန်သူနှင့်ရင်ဆိုင်ဖို့ ခွင့်ပြုလိုက်သည်မှာ အဘယ်ကြောင့်ပါနည်း။

ရသေ့ကြီးသည် ချန်းလေးအား သင်ပေးထားသော သိုင်းကွက် အပေါ် ယုံကြည်မှု ရှိထားခြင်းကြောင့် ဖြစ်သည်။

ထို့အပြင်....

ချန်းလေးက ရန်သူကို ရင်ဆိုင်လိုက်သည်နှင့် သစ္စာရှိသော ကေရာဇ်ရဲတိုက်မှ လူဟောင်းများနှင့် ဒေသခံများက ချန်းလေး ဘက်မှ ပါဝင် ကူညီကြမည်ဖြစ်ကြောင်း နားလည် သဘော ပေါက်ထား၍လည်း ဖြစ်လေသည်။

ချန်းလေးသည် ရသေ့ကြီးအား ဂါရဝပြုပြီး လီထင်းနှင့် အတူ ထွက်ခွာသွားလေတော့သည်။

## ရဲတိုက်သခင်

အကျဉ်းတိုက်....

အကျဉ်းတိုက်အတွင်း၌ လုံယီနှင့်ရှောက်ကုံးတို့ ရောက်ရှိနေကြပြီ ဖြစ်သည်။

ချန်းလေးအား ကူညီသူများဟု စွပ်စွဲကာ သိမ်းငှက်ဂိုဏ်းမှ ဖျက်ဆီးထားသူများ မနည်းပါချေ။

သိမ်းငှက်ဂိုဏ်းချုပ်ဖြစ်နေသည့် မောက်ပါက....

'ချန်းလေး ဘယ်မှာ ပုန်းနေသလဲဆိုတာမပြောရင် ခင်ဗျားတို့အားလုံး သတ်ပစ်ရလိမ့်မယ်၊ ကျုပ် သုံးရက် အချိန်ပေးမယ်'

ဟု ပြောခဲ့လေသည်။

ယနေ့....

ယနေ့သည် မောက်ပါ သုံးရက်မြောက်အချိန်ပေးထားသည့် သောနေ့ ဖြစ်လေသည်။

မောက်ပါ မကျေမနပ် ဖြစ်နေပါသည်။

သူ၏ရှေ့သို့ ရောက်လာသည့် ခေါင်းတုံးကြီးကို ကြည့်ကာ....

'ခုထိ ဘာသတင်းမှ မရသေးဘူးလား'

ဟု မေးလိုက်လေသည်။

ခေါင်းတုံးကြီးက....

'မရပါဘူး၊ ဂိုဏ်းချုပ်ကြီးပြောသလို အကျဉ်းသားတွေထဲမှာ ကျုပ်တို့လူတစ်ယောက်ကို ရောပြီး ထည့်သွင်းထားခဲ့ပါတယ်၊ သူက သတင်းနှိုက်ယူဖို့ အမျိုးမျိုး ကြိုးစားခဲ့ပေမယ့် အကျဉ်းသားတွေဟာ ကေရာဇ်ရဲတိုက်အတွက် အသေခံကြမယ်လို့ တညီတညွတ်တည်း ပြောဆိုနေကြတာ သိရပါတယ်၊ တခြားဘာမှ မကြားရပါဘူး'

'တောက်'



မောက်ပါ ဒေါသတကြီး တက်ခေါက်လိုက်လေသည်။

'သူတို့က သိပ်ပြီး သစ္စာရှိနေကြတာပေါ့ ဟုတ်လား၊ ကောင်းပြီလေ....တစ်ယောက်ပြီး တစ်ယောက်ကို နှိပ်စက်ပြီး ရှင်းပစ်ရသေးတာပေါ့ကွာ'

ဟု ကြုံးဝါးလိုက်၏။

ထိုစဉ်....

အစောင့်တစ်ယောက် ခပ်သွက်သွက် လှမ်းဝင်လာပြီး....

'ဂိုဏ်းချုပ်ကြီးကို လူတစ်ယောက်က တွေ့ခွင့်တောင်းနေပါတယ် ခင်ဗျာ'

ဟု အစီရင်ခံလာလေသည်။

မောက်ပါ မျက်မှောင်ကြုတ်သွားပြီး....

'ဘယ်သူလဲ'

ဟု မေးလိုက်သည်။

အစောင့်က....

'ချန်းလေးလို့ ပြောပါတယ်'

'ဟေ'

မောက်ပါ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ချန်းလေး....ဟုတ်လား'

'ဟုတ်ပါတယ်'

'သူ ဘယ်မှာလဲ'

မောက်ပါ၏ စကားသံနှင့် မရှေးမနှောင်းမှာပင်....
'ကျုပ် ဒီမှာရှိပါတယ်'

အေးတိအေးစက် စကားသံနှင့်အတူ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

'ချန်းလေး'

မောက်ပါ မယုံကြည်နိုင်စွာ ရေရွတ်လိုက်လေသည်။

သူ လိုက်လံရှာဖွေနေသည့် ချန်းလေးသည် သူ၏ရှေ့သို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိလာခဲ့ပြီ ဖြစ်လေသည်။

'ဘာကွ'

စုလုထင်းသည် အလန့်တကြား ထအော်လိုက်လေသည်။

သူ၏ရှေ့တွင် ရောက်ရှိနေသော သိမ်းငှက်ဂိုဏ်းသားက....

'ချန်းလေးက ဂိုဏ်းချုပ်မောက်ပါကို သုတ်သင်ပစ်လိုက်ပါပြီ'



ဟု ထပ်ပြောလိုက်၏။

စုလုထင်းသည် မျက်လုံးကြီးပြူးသွားပြီးမှ....

'ဟား... ဟား ... ဟား'

ကျယ်လောင်စွာ ဟားတိုက် ရယ်မောလိုက်လေသည်။
ချန်းလေး....

ချန်းလေးသည် ပျောက်ဆုံးသွားရာမှ ပြန်လည်ထွက်ပေါ်လာခဲ့ပြီး ဖြစ်သည်။

ချန်းလေး ပြန်လည် ထွက်ပေါ်လာသည်နှင့် စုလုတင်း ပြောခဲ့သလို ကြောက်စရာကောင်းသူ တစ်ယောက် ဖြစ်လာခဲ့ပြီ မဟုတ်ပါလား။

စုလုထင်းသည် ဟားတိုက် ရယ်မောလိုက်ပြီးလျှင်....

'ကောင်းပြီလေ...သူ့ကို ကျုပ် တာဝန်ယူပါ့မယ်၊ အခု သူ ဘယ်မှာလဲ'

ဟု မေးလိုက်သည်။
သိမ်းငှက်ဂိုဏ်းသားက....

'အကျဉ်းသားတွေကို ကယ်တင်ပြီး ကေရာဇ်ရဲတိုက်ကို ဦးတည်သွားနေပါတယ်'

စုလုထင်းက....

'ငါ့အတွက် မြင်းတစ်ကောင် ပြင်လိုက်၊ ငါ လိုက်သွားမယ်'

ဟု အမိန့်ပေးလိုက်သည်။

အကယ်၍ ...

ဤနယ်တွင် ဆက်၍ မင်းမှုနေလိုပါလျှင် ချန်းလေးအား သုတ်သင် ရှင်းလင်းပစ်ရလိမ့်မည် ဖြစ်လေသည်။

စုလုထင်းသည် ချန်းလေးနှင့်ရင်ဆိုင်ရန် ကေရာဇ်ရဲတိုက်သို့ ဦးတည်ကာ မြင်းဒုန်းစိုင်းနှင်သွားလေတော့သည်။

ကေရာဇ်ရဲတိုက်....

ကေရာဇ်ရဲတိုက်တွင် ဟန်လုံက ရဲတိုက်ပိုင်ရှင်ဖြစ်၍နေချေပြီ။

ချန်းလေးသည် ကေရာဇ်ရဲတိုက်သို့ ရောက်လာသောအခါ ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

သူ့ဖခင် တည်ထောင်ခဲ့သော အခက်အခဲ ဒုက္ခရှိသူများအား ကူညီခဲ့သော ကေရာဇ်ရဲတိုက်သည် ဒုစရိုက်ဂိုဏ်းတစ်ခု အဖြစ်သို့ လုံးလုံးလျားလျား ရောက်ရှိနေပြီ ဖြစ်သည်။

ချန်းလေး ရဲတိုက်ရှေ့သို့ရောက်လာသည်နှင့် ရဲတိုက်တံခါးကြီး ပွင့်သွားပြီး လူတစ်စု ထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ထိုလူစုအား ဦးဆောင်လာသူမှာ ဟန်လုံ ဖြစ်လေသည်။

ဟန်လုံသည် ချန်းလေး ရောက်လာသည်ကို သိရသဖြင့် ချက်ချင်း ထွက်လာခဲ့ခြင်း ဖြစ်လေသည်။



ချန်းလေးကို မြင်လျှင်....

'ဟား .. ဟား....ဟား'

သဘောကျစွာ ရယ်မောလိုက်လေသည်။

ချန်းလေးက....

'ဦးလေးဟန်....ခင်ဗျားဟာ သစ္စာဖောက်ပဲ'

ဟု ပြောလိုက်သည်။

ဟန်လုံက....

'ဟုတ်တယ်၊ ငါ သစ္စာဖောက်ခဲ့တာပဲ၊ စုလုထင်းနဲ့ ပူးပေါင်းခဲ့လို့ ငါ့အတွက် ဘယ်လောက် အကျိုးရှိနေပြီလဲဆိုတာ မင်းအမြင်ပဲလေ'

ချန်းလေးက...

'ခင်ဗျားက လူယုတ်မာနဲ့ပေါင်းမိတာ အကျိုးရှိဖို့ မဟုတ်ဘူး၊ ပျက်စီးဖို့ပဲဗျ'

ဟန်လုံက....

'မင်း ဘာတတ်နိုင်မှာမို့လဲ'

ချန်းလေးက....

'ဘာတတ်နိုင်သလဲဆိုတာ ကြည့်သေးတာပေါ့ဗျာ'

စကားဆုံးလျှင် ရှေ့သို့ခုန်ဝင်သွားပြီး တိုက်ခိုက်လိုက်လေသည်။

ဟန်လုံသည် ချန်းလေးအကြောင်း ကောင်းစွာ သိထားပါ၏။

ချန်းလေးသည် တိုက်ခိုက်သတ်ပုတ်ခြင်းကို ရှုံမုန်းကာ ဝေးဝေးရှောင်သူ မဟုတ်ပါလား။

ချန်းလေးအား လွယ်လင့်တကူ သုတ်သင်ရှင်လင်းပစ်နိုင်မည်ဟု ယုံကြည်ထားလေသည်။

သို့သော်....

ထိပ်တိုက်ရင်ဆိုင်လိုက်တော့မှ အများကြီး မှားသွားပြီဖြစ်ကြောင်း သိလိုက်ရတော့သည်။

ချန်းလေးက ရသေ့ကြီး သင်ကြားပေးလိုက်သော သိုင်းကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ခိုက်မှုကို ဟန်လုံ မည်သို့မျှ မခုခံနိုင်ဘဲ —

'ဝုန်း'

'အား'

စူးရှစွာ အော်ဟစ်ကာ မြေပေါ် လဲကျသွားလေတော့သည်။



ဟန်လုံသည် ချန်းကုမုထံတွင် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သူ ဖြစ်ပါသည်။

သို့သော်....

စုလုထင်း ရောက်လာသောအခါ ကိုယ်ကျိုးစီးပွား ဖြစ်ထွန်းဖို့ ဦးစားပေးကာ သစ္စာဖောက်လိုက်သည်။

ယခုတော့....

သစ္စာဖောက်တို့ သွားရာလမ်းအတိုင်း မရှုမလှ ဇာတ်သိမ်းသွားရပြီ ဖြစ်သည်။

ချန်းလေးက မြေပေါ်၌လဲကျနေသည့် ဟန်လုံကို စိတ်မကောင်းစွာ ကြည့်နေစဉ်မှာပင်....

'ဖျောင်း....ဖျောင်း....ဖျောင်း'

လက်ခုပ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ချန်းလေး ချာခနဲ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ....

ရယ်ရယ်မောမောဖြင့် လှမ်းလာနေသည့် စုလုထင်းကို တွေ့မြင်လိုက်ရလေသည်။

'ဪ....ခင်ဗျား ရောက်လာပြီကိုး'

ချွန်းလေး ရေရွတ်လိုက်သည်။

စုလုထင်းက....

'ဟုတ်တယ်၊ မင်းက ထွက်ပြေးသွားပြီး တစ်နေ့ ငါတို့ကို ဒုက္ခပေးလာမယ်ဆိုတာ သိတယ်လေ၊ ဒါကြောင့် မင်းရဲ့ သတင်းကို အမြဲ နားစွင့်နေခဲ့တာပေါ့'

ချွန်းလေးက....

'ဒီနယ်ကို ခင်ဗျားရောက်လာကာမှ အဖြစ်ဆိုးတွေ ကြုံရတာပဲ၊ ခင်ဗျားကို ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး'

ဟု ပြောလိုက်လေသည်။

စုလုထင်းက....

'မင်း ဘာတတ်နိုင်မှာမို့လဲ'

ချွန်းလေးက...

'ခင်ဗျားကို သုတ်သင်ပစ်ဖို့တော့ တတ်နိုင်ပါသေးတယ်'

စုလုထင်းက....

'ကောင်းပြီ...မင်း ကြိုးစားကြည့်ပေါ့'

ချွန်းလေးသည် စုလုထင်းအား တိုက်ခိုက်ရန် သိုင်းကွက်ပြင် လိုက်လေသည်။

'ဟား...ဟား....ဟား'



စုလုထင်းက ဟားတိုက် ရယ်မောလိုက်လေသည်။

ချွန်းလေး၏ သိုင်းကွက်ကိုကြည့်ကာ အထင်သေးသည့် သဘော ဖြစ်လေသည်။

'မင်းက ဟန်လုံကို ဒီသိုင်းကွက်နဲ့ အနိုင်ရလိုက်တာနဲ့ ငါ့ကို ယှဉ်လို့ရနိုင်မယ် ထင်လို့လား'

ဟု ပြောလိုက်၏။

ချွန်းလေးက သိုင်းကွက် တစ်ကွက်တည်းသာ တတ်မြောက် ထားသဖြင့် ဘာမှမပြောချေ။

တိုက်ခိုက်ရန်သာ တာစူနေလေသည်။

စုလုထင်းက....

'မဝ်းရဲ့သိုင်းကွက်နဲ့ ငါ့ရဲ့အင်္ကျီကို ထိအောင် တိုက်ခိုက်နိုင် ရင်တောင် ကံကောင်းပဲ'

ဟု လှောင်ပြောင် ပြောဆိုလိုက်ပြန်လေသည်။

ချွန်းလေး အံကြိတ်လိုက်သည်။

'ယား'

ညာသံပေးကာ စုလုထင်းထံ ပြေးဝင် တိုက်ခိုက်လိုက်လေ သည်။

'ဟား ဟား...ဟား'

စုလုထင်းက ရယ်မောကာ အသာအယာ ရှောင်တိမ်းရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ...

ချန်းလေးသည် အနီးသို့ရောက်ရှိလာပြီး တိုက်ခိုက်လိုက်ခြင်းကြောင့် သူ၏တိုက်ကွက်သည် စုလုထင်း၏ တစ်ကိုယ်လုံး လွှမ်းခြုံသွားလေတော့သည်။

'ဟင်'

စုလုထင်း ရင်ထိတ်သွားသည်။

ချန်းလေး၏ သိုင်းကွက်သည် ရိုးစင်းသော်လည်း အလွန်ထိရောက်မှုရှိလေသည် မဟုတ်ပါလား။

ပေါ့ပေါ့တန်တန် သဘောထား၍မရမှန်း ရိပ်မိကာ ခုခံရန် ဟန်ပြင်လိုက်၏။

သို့သော်....

အထင်သေးစိတ်ကြောင့် အချိန်နောက်ကျသွားခဲ့ရပြီ ဖြစ်ပါသည်။

ချန်းလေးက တိုက်ခိုက်လိုက်သည်နှင့်....

'ဝုန်း'

'အား'



စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

စုလုထင်းမှာ အရှပ်ကြီးပြတ်ဖြစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

ချန်းလေး ဝမ်းသာသွားသည်။

လူယုတ်မာ စုလုထင်းအား ဆုံးမနိုင်လိုက်ပြီ မဟုတ်လား။

✤

နေခြည် ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

ထို့အတူ ...

မြေလတ်ပိုင်းဒေသတစ်ခုလုံး အေးချမ်းသာယာသွားပြီ ဖြစ်လေသည်။

ချန်းလေးသည် ကေရာဇ်ရဲတိုက်ကို ပြန်လည် ထူထောင်လိုက်သည်။

ဒုက္ခရောက်နေသူများ၊ အခက်အခဲ တွေ့နေသူများအား ကူညီသည်။

ဒုစရိုက်မှုများကို ချေမှုန်းသည်။

သို့ဖြင့်....

ကေရာဇ်ရဲတိုက်၏ ကောင်းသတင်း မွှေးပျံ့လာသည်။

ချန်းလေးသည် ဖခင်ခြေရာနင်းကာ ရဲတိုက်ပိုင်ရှင်ဖြစ်လာလေ၏။

တစ်ခါတစ်ရံ....

သူက ရွှေမြို့တော်ကြီးကို လွမ်းဆွတ်မိသည်။

သို့သော်....

ရွှေမြို့တော်သို့ ပြန်ဖို့ စိတ်မကူးတော့ချေ။

ဒုတိယပိုင်းဇာတ်သိမ်း ပြီးပါပြီ။

တက္ကသိုလ် သီဟအောင်